# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


### မိမိပြုဖွယ် အမှုကိစ္စ

သီလနှင့်လည်းပြည့်စုံ၊ ဉာဏ်အမြင်နှင့်လည်း ပြည့်စုံ၍ တရား၌တည်ကာ အမှန်တရားကိုလည်း သိတတ်သော မိမိပြုဖွယ်အမှုကိစ္စကိုလည်း ပြုတတ်သူကို လူအပေါင်းသည် ချစ်မြတ်နိုး၏။

ပိယဝဂ်(ဓမ္မပဒ-၂၁၇)


၁၃၈၄ ခုနှစ်၊ တော်သလင်းလဆန်း ၆ ရက် | ၂၀၂၂ ခုနှစ်၊ ဩဂုတ် ၃၁ ရက်၊ ဗုဒ္ဓဟူးနေ့ | အတွဲ (၆၁)၊ အမှတ် (၃၃၀)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက် လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်း များဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဗဟိုကော်မတီမှ အသိပေးကြေညာချက်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဗဟိုကော်မတီမှ အသိပေးကြေညာချက်

၁၃၈၄ ခုနှစ်၊ တော်သလင်းလဆန်း ၅ ရက်

(၂၀၂၂ ခုနှစ်၊ ဩဂုတ်လ ၃၀ ရက်)

ကိုဗစ်-၁၉ ရောဂါပိုး ကူးစက်ပျံ့နှံ့မှုကို ဆက်လက်ထိန်းချုပ်ဆောင်ရွက်ရန် လိုအပ်ပါသဖြင့် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများ၊ ပြည်ထောင်စုဝန်ကြီးဌာနများမှ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ တားဆီးရေးအတွက် ၂၀၂၂ ခုနှစ်၊ ဩဂုတ်လ ၃၁ ရက်နေ့အထိ ထုတ်ပြန်ထားသော ပြည်သူသို့ပန်ကြားချက်၊ အမိန့်၊ အမိန့်ကြော်ငြာစာ၊ ညွှန်ကြားချက်များ (ဖြေလျှော့ပေးမည့် ကိစ္စရပ်များမပါ) အား ၂၀၂၂ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက်နေ့အထိ ရက်တိုးမြှင့်သတ်မှတ်ထားပါကြောင်း အသိပေးကြေညာအပ်ပါသည်။

# နိုင်ငံတော်၏ ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့နှင့် သျှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ (RCSS) ဥက္ကဋ္ဌ ဦးဆောင်သော ငြိမ်းချမ်းရေးကိုယ်စားလှယ်အဖွဲ့ တွေ့ဆုံဆွေးနွေး

နေပြည်တော် ဩဂုတ် ၃၀

နိုင်ငံတော်၏ ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့နှင့် သျှမ်းပြည်ပြန်လည်ထူထောင်ရေး ကောင်စီ (RCSS) ဥက္ကဋ္ဌ ဦးဆောင်သော ငြိမ်းချမ်းရေး ကိုယ်စားလှယ်အဖွဲ့တို့ တွေ့ဆုံဆွေးနွေးပွဲကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ အမျိုးသား စည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေး ဖော်ဆောင်မှုဗဟိုဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။ (ယာပုံ)

တွေ့ဆုံဆွေးနွေးပွဲသို့ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ပြည်ထောင်စုအစိုးရ

*စာမျက်နှာ ၃ ကော်လံ ၁* ○



## ဒေသခံပြည်သူများနှင့် ဌာနဆိုင်ရာဝန်ထမ်းများ စားသောက်ရေးအဆင်ပြေစေရန် ဆန်၊ ဆီ၊ ဆား၊ ကြက်ဥ၊ ဟင်းသီးဟင်းရွက်များနှင့် စားသောက်ကုန်ပစ္စည်းများကို သက်သာသောဈေးနှုန်းများဖြင့် ရောင်းချပေး



နေပြည်တော် ဩဂုတ် ၃၀

ဒေသတွင်း စားနပ်ရိပ်ကျွာ ဖူလုံရေး၊ စစ်မှုထမ်းဟောင်း အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ ဝန်ထမ်းများနှင့် ဒေသခံပြည်သူများ စားသောက်ရေး အထောက်အကူ ဖြစ်စေရန်ရည်ရွယ်၍ တိုင်းစစ်ဌာနချုပ် နယ်မြေများရှိ မြို့နယ် အသီးသီး၌ နယ်မြေခံတပ်မတော်သားများက တန်ဖိုးသင့် ထမင်းဟင်းများ၊ ဟင်းသီးဟင်းရွက်များနှင့် တပ်မတော်စက်ရုံထုတ်

*စာမျက်နှာ ၃ ကော်လံ ၁* ❄

### ယနေ့ ဖတ်စရာ


**ပြည်ထောင်စုရှေ့နေချုပ်ဥပဒေကို ပြင်ဆင်သည့်ဥပဒေပြဋ္ဌာန်း**

ဥပဒေ | စာ - ၃

**ပြည်ထောင်စုအတွက် ထာဝစဉ်**

ဆောင်းပါး | စာ - ၁၀

**ပုလဲကြိုးပြင်ကာကွယ်တော သတ်မှတ်**

ပြည်တွင်းသတင်း | စာ - ၁၂

## ပြည်တွင်းကူးစက်မှုမြင့်တက်လာသည့် ကိုဗစ်-၁၉ မျိုးဗီဇပြောင်း အိုမီခရွန်ကာကွယ်ရေး

ကိုဗစ်-၁၉ ရောဂါ ခါတ်ခွဲအတည်ပြုလူနာသစ်များ တွေ့ရှိမှုနှုန်း ပြန်လည်မြင့်တက်လာရာ ပြည်တွင်းကူးစက်မှုများက အဓိက ဖြစ်နေသည်။ ကိုဗစ်-၁၉ မျိုးရိုးဗီဇပြောင်း အိုမီခရွန်သည် ယခင်ကိုဗစ်-၁၉ ဗီဇပြောင်း မျိုးကွဲများထက် များစွာပိုမိုလျင်မြန်ကူးစက်နိုင်သည့်အခြေအနေတွင် ပြည်သူလူထုအတွင်း ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးနည်းလမ်းများကို ကျင့်သုံးမှုလွန်စွာ လျော့နည်းသွားခြင်းက ပြည်တွင်းကူးစက်မှု ပြန်လည်မြင့်တက်လာစေသည့် အကြောင်းရင်းဖြစ်ဖွယ်ရှိသည်။

ကိုဗစ်-၁၉ ရောဂါ ကူးစက်ပျံ့နှံ့မှု ကာကွယ်ရေးအတွက် လူစုလူဝေး၊ လူအများရှိနေသည့်နေရာ၊ လူတစ်ဦးနှင့်တစ်ဦး နီးကပ်စွာရှိနေရသည့်နေရာများတွင် ပါးစပ်နှာခေါင်းစည်း မဖြစ်မနေ တပ်ဆင်ရန်၊ ဖျားနာ၊ ချောင်းဆိုး၊ နှာစေး၊ လည်ချောင်းနာ စသည့် ရောဂါသံသယလက္ခဏာများဖြစ်ပေါ်ပါက ပါးစပ်နှာခေါင်းစည်း တပ်ထားရန်နှင့် နီးစပ်ရာ ကျန်းမာရေးဌာနသို့ သတင်းပို့ရန်၊ ရုံးဌာနလုပ်ငန်းခွင်များတွင် ကိုဗစ်-၁၉ ကာကွယ်ရေး စည်းမျဉ်းစည်းကမ်းများကို တိကျစွာလိုက်နာရန်၊ ကိုဗစ်-၁၉ ကာကွယ်ဆေးနှင့် ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံရန် အချက်များကို ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်ထားရာ အလေးအနက်ထား၍ လိုက်နာကျင့်သုံးခြင်းအားဖြင့် ရောဂါကူးစက်ပျံ့နှံ့မှုနှုန်း ပြန်လည်ကျဆင်းသွားနိုင်မည် ဖြစ်သည်။

ကိုဗစ်-၁၉ မျိုးရိုးဗီဇပြောင်း အိုမီခရွန်သည် ကူးစက်မှုလွန်စွာလျင်မြန်ပြီး လက်ရှိ ကိုဗစ် - ၁၉ ရောဂါ ကာကွယ်ဆေးများကို ကျော်လွန်နိုင်သော်လည်း ရောဂါပြင်းထန်မှု လျော့နည်းခြင်း၊ ကာကွယ်ဆေးထိုးနှံပြီးသူများတွင် ကူးစက်မှု၊ ရောဂါဝေဒနာပြင်းထန်မှု၊ သေဆုံးမှုလျှော့ချပေးနိုင်ခြင်း စသောအချက်များကြောင့် ယခင်လှိုင်းများနှင့် နှိုင်းယှဉ်ပါက ရိုက်ခတ်မှု သက်သာဖွယ်ရှိသည်။ မည်သို့ပင်ဆိုစေ ကိုဗစ်-၁၉ မျိုးရိုးဗီဇပြောင်း အိုမီခရွန် ပြည်တွင်းကူးစက်မှု မြင့်တက်လျက်ရှိနေခြင်းက ကောင်းသည့် လက္ခဏာမဟုတ်သည့်အလျောက် ရောဂါကူးစက်ပျံ့နှံ့မှု ပြန်လည်လျော့နည်း ကျဆင်းသွားစေရေးအတွက် လူတိုင်းက ရောဂါကူးစက်ပြန့်ပွားမှု လျော့ကျစေရေးဆိုင်ရာ စည်းမျဉ်းစည်းကမ်းများကို လိုက်နာကြရမည်ဖြစ်သည်။

ကိုဗစ်-၁၉ ကပ်ရောဂါသည် ကမ္ဘာအနှံ့အပြားတွင်ရောအိမ်နီးချင်းနိုင်ငံများနှင့် ပြည်တွင်း၌ပါ ကူးစက်ပျံ့နှံ့မှုများ ရှိနေဆဲဖြစ်ပြီး အချို့နိုင်ငံများတွင် ဖြစ်ပွားမှုများ များပြားလျက်ရှိကြောင်း နိုင်ငံတကာသတင်းများတွင် တွေ့ရှိနိုင်သည်။ ယခုအခါ မိမိတို့နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးနိုင်မှုအနေဖြင့် အသက် ၅ နှစ်နှင့်အထက် ကျောင်းနေအရွယ်ကလေးများအထိ ထိုးနှံပေးလျက်ရှိသကဲ့သို့ အသက် ၁၈ နှစ်နှင့်အထက် ကာကွယ်ဆေးထိုးနှံပြီးစီးသူများတွင်လည်း ထိုးနှံပြီးစီးမှုကာလ ခြောက်လရှိနေပါက ထပ်ဆောင်းထိုးနှံမှုများ ဆောင်ရွက်ပေးလျက်ရှိသည်။ ကိုဗစ်-၁၉ ကာကွယ်ရေး စည်းမျဉ်းစည်းကမ်းများ တိကျစွာလိုက်နာခြင်း၊ ကာကွယ်ဆေးနှင့် ထပ်ဆောင်းကာကွယ်ဆေးများ မပျက်မကွက် ထိုးနှံခြင်းတို့ဖြင့် ကိုဗစ်-၁၉ မျိုးရိုးဗီဇပြောင်း အိုမီခရွန်ကူးစက်ပျံ့နှံ့မှု လျော့ကျရေး ဆောင်ရွက်နိုင်ကြပါစေကြောင်း။ ။

# (၂၃) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲတွင် ပြိုင်ပွဲဝင်များလေ့လာနိုင်ရန် ပါဝင်ယှဉ်ပြိုင်ရမည့် အဆင့်များ၊ ဘာသာရပ်များ၊ အဆိုနှင့် အတီး တေးသီချင်းအမည်များ ထုတ်ပြန်ကြေညာ

*(ယမန်နေ့မှအဆက်)*

(၂၃) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ "မယ်ဒလင်" အတီးပြိုင်ပွဲအတွက် ယှဉ်ပြိုင်ရန် သတ်မှတ်ထားသည့် တေးသီချင်းများ

၁။ ဝါသနာရှင် (ပထမတန်း) အဆင့် (အမျိုးသား၊ အမျိုးသမီး)
- (က) အောင်မင်္ဂလာ (ယိုးဒယား)
- (ခ) ရဝိန်ဒေါင်းယာဉ်ပျံ (ပတ်ပျိုး)
- (ဂ) မန္တလာဘုံ (ဘွဲ့)
- (ဃ) ပုံပမာ (ကြိုး)
- (င) ဘုန်းမိုးသွန်းလောင်း (သီချင်းခံ)
- (စ) မှုန်ပြာဝေ (ယိုးဒယား)
- (ဆ) ပပငယ်လေဝင်းဝင်း (ပတ်ပျိုး)
- (ဇ) ပြည်ပြည်မင်းပေါင်း (သီချင်းခံ)

၂။ ဝါသနာရှင် (ဒုတိယတန်း) အဆင့် (အမျိုးသား၊ အမျိုးသမီး)
- (က) မြူဝန်းလို့ခို (ပတ်ပျိုး)
- (ခ) သုံးရောင်ခြယ် (ကာလပေါ်)
- (ဂ) ဇမ္ဗူရောင်ကွန့် (ဘွဲ့)

၃။ အဆင့်မြင့်ပညာအဆင့် (အမျိုးသား၊ အမျိုးသမီး)
- (က) မှိုင်းရိပ်ကယ်တည့်ဝေမှောင် (ကြိုး)
- (ခ) ဂုဏ်တော်ဖွင့် (ကာလပေါ်)
- (ဂ) ဝိဇ္ဇာတောလား (ယိုးဒယား)

၄။ အခြေခံပညာ (၁၅- ၂၀) အဆင့် (အမျိုးသား၊ အမျိုးသမီး)
- (က) သည်ဆောင်းဟေမန် (ဘွဲ့)
- (ခ) သီရိရတနာ (ကာလပေါ်)
- (ဂ) ကုဏ္ဍလာအိုင် (ယိုးဒယား)

၅။ အခြေခံပညာ (၁၀- ၁၅) အဆင့် (အမျိုးသား၊ အမျိုးသမီး)
- (က) ဘုံဆောင်မြင့် (ကြိုး)
- (ခ) တောနှင့်တောင်စွယ် (ယိုးဒယား)
- (ဂ) မင်္ဂလာဆယ့်နှစ်ပါး (ကာလပေါ်)

(၂၃) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ "ဂီတာ" အတီးပြိုင်ပွဲအတွက် ယှဉ်ပြိုင်ရန် သတ်မှတ်ထားသည့် တေးသီချင်းများ

၁။ ဝါသနာရှင် (ပထမတန်း) အဆင့် (အမျိုးသား၊ အမျိုးသမီး)
- (က) ကြံကြံဖန်ဖန် (ယိုးဒယား)
- (ခ) တောမြိုင်စွန်းကလွမ်းအောင်ဖန် (ယိုးဒယား)
- (ဂ) မှိုင်းမှိုင်းမြ (သီချင်းခံ)
- (ဃ) ပုံပမာ (ကြိုး)
- (င) မြမြမောင်းမောင်း (ပတ်ပျိုး)
- (စ) ဖြူပြာမှူယာ (ပတ်ပျိုး)
- (ဆ) အမင်းမင်းခရ (သီချင်းခံ)
- (ဇ) မန္တလာဘုံ (ဘွဲ့)

၂။ ဝါသနာရှင် (ဒုတိယတန်း) အဆင့် (အမျိုးသား၊ အမျိုးသမီး)
- (က) ဆဒ္ဒန်အိုင်သာ (သီချင်းခံ)
- (ခ) စန္ဒကိန္နရီ (ကာလပေါ်) (ဒေါ်လှရွှေ)
- (ဂ) တောနှင့်တောင်စွယ် (ယိုးဒယား)

၃။ အဆင့်မြင့်ပညာအဆင့် (အမျိုးသား၊ အမျိုးသမီး)
- (က) မြိုင်ကြီးဟေမာ (ယိုးဒယား)
- (ခ) ဂုဏ်မြင့်သူ (ကာလပေါ်) (ပြည်လှဖေ)
- (ဂ) ဖေယျာအောင်ချာ (ကြိုး)

၄။ အခြေခံပညာ (၁၅- ၂၀) အဆင့် (အမျိုးသား၊ အမျိုးသမီး)
- (က) ပွင့်ဦး (ကာလပေါ်)
- (ခ) ကန္တာတောခြေ (ယိုးဒယား)
- (ဂ) ကျွန်းကျွန်းပိုင်သ (ကြိုး)

၅။ အခြေခံပညာ (၁၀- ၁၅) အဆင့် (အမျိုးသား၊ အမျိုးသမီး)
- (က) သီလာမြေယံ (ကြိုး)
- (ခ) မှန်ရဝေ (ပတ်ပျိုး)
- (ဂ) ချစ်နှင်းမှုံမှုံ (ကာလပေါ်)

(၂၃) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ "ဒုံမင်း" အတီးပြိုင်ပွဲအတွက် ယှဉ်ပြိုင်ရန် သတ်မှတ်ထားသည့် တေးသီချင်းများ

၁။ ဝါသနာရှင် (ပထမတန်း) အဆင့် (အမျိုးသား၊ အမျိုးသမီး)
- (က) ထွန်းလင်းလျှံလက် (ပတ်ပျိုး)
- (ခ) တောင်ဇမ္ဗူပိုင် (ယိုးဒယား)
- (ဂ) ဟေမဝန်ချာ (ဘွဲ့)
- (ဃ) ခိုင်ပန်းစုံ (ယိုးဒယား)
- (င) အောင်မြေမြမန်း (ပတ်ပျိုး)
- (စ) မှိုင်းမှိုင်းမြ (သီချင်းခံ)
- (ဆ) ခါနွေဆန်းလန်းစီစီ (ယိုးဒယား)
- (ဇ) ဒီပါမြေ (ပတ်ပျိုး)

၂။ ဝါသနာရှင် (ဒုတိယတန်း) အဆင့် (အမျိုးသား၊ အမျိုးသမီး)
- (က) နှင်းယွန်းခါဟေမာန် (ယိုးဒယား)
- (ခ) နံ့သာနီတောင် (ပတ်ပျိုး)
- (ဂ) ကျေးစေတမန် (ကာလပေါ်)

၃။ အဆင့်မြင့်ပညာအဆင့် (အမျိုးသား၊ အမျိုးသမီး)
- (က) သုဝဏ္ဏသျှံ (ကာလပေါ်)
- (ခ) ကျွန်းကျွန်းပိုင်သ (ကြိုး)
- (ဂ) တောနှင့်တောင်စွယ် (ယိုးဒယား)

၄။ အခြေခံပညာ (၁၅- ၂၀) အဆင့် (အမျိုးသား၊ အမျိုးသမီး)
- (က) နန်းသီဟိုဠ် (ယိုးဒယား)
- (ခ) အန္တရာယ်ကင်း (ကာလပေါ်)
- (ဂ) မှိုင်းရိပ်ကယ်တည့် (ကြိုး)

၅။ အခြေခံပညာ (၁၀- ၁၅) အဆင့် (အမျိုးသား၊ အမျိုးသမီး)
- (က) သီလာမြေယံ (ကြိုး)
- (ခ) မဟာဇနက (ကာလပေါ်) (ဒေါ်မေရှင်)
- (ဂ) မှန်ညောင်သဒ္ဓာ (ဘွဲ့)

(၂၃) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ "ဆိုင်းတစ်ဦးချင်း" အတီးပြိုင်ပွဲအတွက် ယှဉ်ပြိုင်ရန် သတ်မှတ်ထားသည့် တေးသီချင်းများ

၁။ ဝါသနာရှင် (ပထမတန်း) အဆင့် (အမျိုးသား၊ အမျိုးသမီး)
- (က) နှင်းယွန်းဂိမ္ဘာန် (မွန်)
- (ခ) မဏိကဥ္စနာ (ပတ်ပျိုး)
- (ဂ) မှိုင်းပြာမှုံဝေ (ပတ်ပျိုး)
- (ဃ) ညာသပြေဘောင် (ကြိုး)
- (င) ယသော်ရော (ယိုးဒယား)
- (စ) သောင်းရွှေလယ် (ယိုးဒယား)
- (ဆ) ဆဒ္ဒန်အိုင်သာ (သီချင်းခံ)
- (ဇ) ရွှေပန်းပန်ငယ်နှင့်ကိုယ်တော်နှင်းနံ့ (လေးထွေသံကပ်)

၂။ ဝါသနာရှင် (ဒုတိယတန်း) အဆင့် (အမျိုးသား၊ အမျိုးသမီး)
- (က) ရှစ်စုံရွက်ကြာ (ပတ်ပျိုး)
- (ခ) တောနှင့်တောင်စွယ် (ယိုးဒယား)
- (ဂ) အမင်းမင်းခရ (သီချင်းခံ)

၃။ အဆင့်မြင့်ပညာအဆင့် (အမျိုးသား၊ အမျိုးသမီး)
- (က) သီလာမြေယံ (ကြိုး)
- (ခ) ခေါ်ပါယောင် ဝတ်တော်ရုံ (ဝတ်တော်ရုံဘွဲ့)
- (ဂ) ဆန်းနွေဦး (ယိုးဒယား)

၄။ အခြေခံပညာ (၁၅- ၂၀) အဆင့် (အမျိုးသား၊ အမျိုးသမီး)
- (က) ကုဏ္ဍလာအိုင် (ယိုးဒယား)
- (ခ) မိုးလုံးပတ်လည် (ပတ်ပျိုး)
- (ဂ) ရွှေပင်ရွှေဘုန်းပပဝင်း (ကြိုး)

၅။ အခြေခံပညာ (၁၀- ၁၅) အဆင့် (အမျိုးသား၊ အမျိုးသမီး)
- (က) လာချေပြီ (ကြိုး)
- (ခ) ဖေယျာမြို့ (ကြိုး)
- (ဂ) မြမန်းဂီရိ (ယိုးဒယား)

# ပြည်ထောင်စုရှေ့နေချုပ်ဥပဒေကို ပြင်ဆင်သည့်ဥပဒေပြဋ္ဌာန်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**ပြည်ထောင်စုရှေ့နေချုပ်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ**

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥပဒေအမှတ် ( ၄၃ / ၂၀၂၂)**

**၁၃၈၄ ခုနှစ်၊ တော်သလင်းလဆန်း ၅ ရက်**

**(၂၀၂၂ ခုနှစ်၊ ဩဂုတ်လ ၃၀ ရက်)**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို "ပြည်ထောင်စုရှေ့နေချုပ်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ" ဟု ခေါ်တွင်စေရမည်။

၂။ ပြည်ထောင်စုရှေ့နေချုပ်ဥပဒေ ပုဒ်မ ၂ ပုဒ်မခွဲ (ဇ)၏နောက်တွင် ပုဒ်မခွဲ (ဈ)၊ (ည)နှင့် (ဋ) တို့အဖြစ် အောက်ပါအတိုင်းဖြည့်စွက်ရမည်-

"(ဈ) ဝန်ကြီးဌာန ဆိုသည်မှာ ပြည်ထောင်စုအစိုးရ ဥပဒေရေးရာဝန်ကြီးဌာနကိုဆိုသည်။

(ည) ပြည်ထောင်စုရှေ့နေချုပ်ဆိုသည်မှာ ဥပဒေရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ်ကိုဆိုသည်။

(ဋ) ဒုတိယရှေ့နေချုပ်ဆိုသည်မှာ ဥပဒေရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် ဒုတိယရှေ့နေချုပ်ကို ဆိုသည်။"

၃။ ပြည်ထောင်စုရှေ့နေချုပ်ဥပဒေတွင် ပါရှိသော "ပြည်ထောင်စုရှေ့နေချုပ်ရုံး" ဆိုသည့် စကားရပ်ကို "ဝန်ကြီးဌာန" ဆိုသည့်စကားရပ်ဖြင့် အသီးသီးအစားထိုးရမည်။

၄။ ပြည်ထောင်စုရှေ့နေချုပ်ဥပဒေ ပုဒ်မ ၁၂ တွင် -

(က) ပုဒ်မခွဲ (ဇ)၏ နောက်၌ ပုဒ်မခွဲ (ဈ)၊ (ည)၊ (ဋ)၊ (ဌ)၊ (ဍ)၊ (ဎ)၊ (ဏ)၊ (တ)နှင့် (ထ) တို့အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

"(ဈ) ပြစ်မှုဆိုင်ရာအမှုများကို တရားစွဲဆို တင်ပို့ခြင်း မပြုမီ သက်ဆိုင်ရာ တရားစွဲအဖွဲ့အစည်းက ဥပဒေအကြံဉာဏ် တောင်းခံပါက ဥပဒေအကြံဉာဏ်ပေးခြင်း၊

(ည) နိုင်ငံတော်က တရားလို သို့မဟုတ် တရားပြိုင်အဖြစ် ပါဝင်သော တရားမမှုများတွင် သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများက ဥပဒေအကြံဉာဏ် တောင်းခံပါက ဥပဒေအကြံဉာဏ်ပေးခြင်း၊

(ဋ) သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများက စီမံခန့်ခွဲသည့် ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ကနဦးရေးဆွဲပေးပို့သည့် ဥပဒေမူကြမ်းများအပေါ် အကြံပြုချက်တောင်းခံခြင်းနှင့် စပ်လျဉ်း၍ စိစစ်အကြံပြုခြင်း၊ လိုအပ်ပါကသက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများနှင့် ညှိနှိုင်းပြင်ဆင်ခြင်း၊

(ဌ) နိုင်ငံသားများ၏ ဥပဒေကြောင်းဆိုင်ရာ တင်ပြစာများအပေါ် စိစစ်ပြီး သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရ အဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ခြင်း၊ လိုအပ်ပါက အကြံပြုခြင်း၊

(ဍ) သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများနှင့် ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံသူများအကြား ဖြစ်ပွားသော အငြင်းပွားမှုနှင့် သက်ဆိုင်ခြင်းမရှိသည့် စီးပွားရေးစာချုပ်စာတမ်းဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဥပဒေရေးရာဆွေးနွေးမှုပြုခြင်း၊

(ဎ) တရားစွဲဆို တင်ပို့ခြင်းမပြုမီ ဥပဒေအကြံဉာဏ်ပေးခြင်းနှင့် အထွေထွေဥပဒေ အကြံဉာဏ်ပေးခြင်းများကို သက်ဆိုင်ရာဥပဒေရုံးက သတ်မှတ်ချက်များနှင့်အညီ အချိန်မီပေးပို့ တင်ပြစေရေး၊ ဥပဒေနှင့်အညီ ပြင်ဆင်စေရေးအတွက် ဥပဒေရုံးအဆင့်ဆင့်ကို ကြီးကြပ်ခြင်း၊

(ဏ) အယူခံမှု၊ ပြင်ဆင်မှု၊ အထွေထွေလျှောက်ထားမှုနှင့်စပ်လျဉ်း၍ သတ်မှတ်ချက်များနှင့်အညီ လိုက်နာဆောင်ရွက်စေရန် ဥပဒေရုံးအဆင့်ဆင့်ကို ကြီးကြပ်ခြင်း၊

(တ) ဥပဒေရေးရာ အသိပညာပြန့်ပွားရေး ဆောင်ရွက်ခြင်းနှင့် ဥပဒေဆိုင်ရာ သုတေသနပြုခြင်း၊

(ထ) ဥပဒေအရာရှိများ၏ စွမ်းဆောင်ရည် တိုးတက်စေရန် လူ့စွမ်းအားအရင်းအမြစ် စီမံခန့်ခွဲမှုနှင့် အသုံးချမှုကို စနစ်တကျဆောင်ရွက်စေရေးအတွက် လမ်းညွှန်ကြီးကြပ်ခြင်း၊"

(ခ) မူလပုဒ်မခွဲ (ဈ)၊ (ည)၊ (ဋ)၊ (ဌ)၊ (ဍ)၊ (ဎ)၊ (ဏ)၊ (တ) နှင့် (ထ) တို့ကို ပုဒ်မခွဲ (ဒ)၊ (ဓ)၊ (န)၊ (ပ)၊ (ဖ) (ဗ)၊ (ဘ)၊ (မ) နှင့် (ယ) တို့အဖြစ် ပြောင်းလဲအမှတ်စဉ်ရမည်။

၅။ ပြည်ထောင်စုရှေ့နေချုပ် ဥပဒေပုဒ်မ ၁၃ ပုဒ်မခွဲ (ဆ) ၏ နောက်တွင် ပုဒ်မခွဲ (ဇ) နှင့် (ဈ) တို့အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

"(ဇ) သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများက ဝန်ကြီးဌာန၏ ဥပဒေအကြံပြုချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ခြင်းနှင့် စပ်လျဉ်း၍ လိုအပ်ပါက ပြည်ထောင်စုအစိုးရအဖွဲ့ရုံးသို့ အစီရင်ခံတင်ပြခြင်း၊

(ဈ) ဝန်ကြီးဌာန၏အကြံပြုချက်ရယူပြီး ချုပ်ဆို၍ ပြန်လည်ပေးပို့သည့် အပြည်ပြည်ဆိုင်ရာ၊ ဒေသဆိုင်ရာ သို့မဟုတ် နိုင်ငံအချင်းချင်းဆိုင်ရာ စာချုပ်များ၊ ပြည်တွင်း ပြည်ပ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ စာချုပ်စာတမ်းများနှင့် အခြားစာချုပ်စာတမ်းများ၏ မိတ္တူများကိုစိစစ်ပြီး လိုအပ်ပါက ဥပဒေအကြံပြုချက်နှင့်အတူ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးသို့ အစီရင်ခံ တင်ပြခြင်း။"

၆။ ပြည်ထောင်စုရှေ့နေချုပ်ဥပဒေ ပုဒ်မ ၂၆ တွင်-

(က) ပုဒ်မခွဲ (ဍ) ၏ နောက်တွင် ပုဒ်မခွဲ (ဎ) အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

"(ဎ) ဥပဒေရေးရာအသိပညာပြန့်ပွားရေးဆောင်ရွက်ခြင်းနှင့် ဥပဒေဆိုင်ရာ သုတေသနပြုခြင်း၊"

(ခ) မူလပုဒ်မခွဲ (ဎ) ကို ပုဒ်မခွဲ (ဏ) အဖြစ် ပြောင်းလဲ အမှတ်စဉ်ရမည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၁၉ အရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

**( ပုံ ) မင်းအောင်လှိုင်**
**ဗိုလ်ချုပ်မှူးကြီး**
**ဥက္ကဋ္ဌ**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

---

❍ ***ရှေ့ဖုံးမှ***

အဖွဲ့ရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီ ဥက္ကဋ္ဌ၊ ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့ခေါင်းဆောင် ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ အဖွဲ့ဝင်များဖြစ်ကြသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်း၊ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေး ဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီအတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးမင်းနောင်နှင့် သျှမ်းပြည် ပြန်လည်ထူထောင်ရေးကောင်စီ (RCSS) ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီး ယွက်စစ်၊ အတွင်းရေးမှူး (၁) စဝ်စိုင်းငင်း၊ ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင် စဝ်ဆောင်းဟန်တို့ တက်ရောက်ကြသည်။

ဆွေးနွေးပွဲတွင် ငြိမ်းချမ်းရေးဆွေးနွေးရေး အဖွဲ့ခေါင်းဆောင် ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်နှင့် သျှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ (RCSS) ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီး ယွက်စစ် တို့က နှုတ်ခွန်းဆက်အမှာစကား ပြောကြားကြသည်။

ထို့နောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပါ ဇယား-၁ ပြည်ထောင်စုဥပဒေပြုစာရင်းနှင့် ဇယား-၂ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်းတို့နှင့်ပတ်သက်၍ ညှိနှိုင်းရေးကော်မတီအဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီး ဝင်းဗိုလ်ရှိန်က ကဏ္ဍအလိုက် ရှင်းလင်းတင်ပြပြီး (၉) ကြိမ်မြောက် JICM ဆုံးဖြတ်ချက်ပါ ဆက်လက်ညှိနှိုင်းဆွေးနွေးရမည့် ၂၀၂၀ အလွန် အဆင့်လိုက်လုပ်ငန်းစဉ်များနှင့် အဆင့်လိုက် အကောင်အထည် ဖော်မှုများ (ဇယား-၂) ကိုညှိနှိုင်းရေးကော်မတီ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး မင်းနောင်က ရှင်းလင်းတင်ပြသည်။

ယင်းနောက်တက်ရောက်လာကြသူများက ၎င်းတို့၏ ဆန္ဒသဘောထားများနှင့် လိုလားချက်များကို အပြန်အလှန် ဆွေးနွေးညှိနှိုင်းကြပြီး တွေ့ဆုံဆွေးနွေးပွဲပထမနေ့ကို ရပ်နားလိုက်သည်။

ဒုတိယနေ့ ဆွေးနွေးပွဲကို ဩဂုတ် ၃၁ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

---

❊ ***ရှေ့ဖုံးမှ***

အသား၊ ငါးဘူးများနှင့် စားသောက်ကုန်ပစ္စည်းများကို ရောင်းချပေးလျက်ရှိသည်။

ထိုသို့ ရောင်းချပေးလျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံ တပ်မတော်သားများက တစ်ပိုင်တစ်နိုင် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းနှင့် ဘက်စုံစိုက်ပျိုး မွေးမြူရေးလုပ်ငန်းများမှ ထွက်ရှိသည့် ဆန်၊ ဆီ၊ ဆား၊ ကြက်ဥ၊ ဟင်းသီးဟင်းရွက်များ၊ ကြက်သွန်နီနှင့် တပ်မတော်စက်ရုံများမှ ထုတ်လုပ်သည့် ခေါက်ဆွဲခြောက်၊ ဘီစကစ်နှင့် စည်သွပ်ဘူးများ စသည့် စားသောက်ကုန်ပစ္စည်းများကို ပြင်ပပေါက်ဈေးထက် သက်သာသောဈေးနှုန်းများဖြင့် ရောင်းချပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

---



## ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် ထံ ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ (FAO) ၏ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ် ခန့်အပ်လွှာပေးအပ်

နေပြည်တော် ဩဂုတ် ၃၀

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်ထံ ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ (United Nations Food and Agriculture Organization– FAO) ၏ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ် Dr. Yuka Makino က ယနေ့ နံနက် ၁၀ နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လာရောက်ဂါရဝပြုတွေ့ဆုံပြီး ၎င်း၏ခန့်အပ်လွှာကို ပေးအပ်သည်။ **(အပေါ်ပုံ)**

အခမ်းအနားသို့ နိုင်ငံခြားရေးဝန်ကြီးဌာနမှ အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# "အသက်ထက်မြတ်သော ဂုဏ်သိက္ခာ" ဇာတ်တော်ကြီး ဝတ်စုံပြည့်ဇာတ်တိုက်လေ့ကျင့်

**နေပြည်တော်  ဩဂုတ်  ၃၀**

အသက်ထက်မြတ်သော ဂုဏ်သိက္ခာဇာတ်တော်ကြီး ဇာတ်တိုက်လေ့ကျင့်မှုကို ယမန်နေ့ ညပိုင်းတွင် နေပြည်တော်ရှိ အနုပညာဦးစီးဌာန လေ့ကျင့်ရေးဇာတ်ရုံ၌ကျင်းပရာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးသိန်းစိုး၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကို၊ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦး၊ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ (ငြိမ်း) ဦးခင်အောင်မြင့်၊ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ် ဇော်မင်းထွန်း၊ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်စိုး၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးထွန်း၊ ဒုတိယဝန်ကြီး ဒေါက်တာမိုးဇော်ထွန်း၊ အမြဲတမ်းအတွင်းဝန်နှင့် ညွှန်ကြားရေးမှူးချုပ်များ၊ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး ဦးစီးအရာရှိ (ပထမတန်း) (ပြည်သူ့ဆက်ဆံရေး) ဒုတိယဗိုလ်မှူးကြီး ဇော်မင်းထိုက်၊ အမှတ် (၂) တပ်မတော် ရုပ်မြင်သံကြား ထုတ်လွှင့်ရေးတပ် (မြဝတီ) တပ်မှူး၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ ကြည့်ရှုအားပေးကြသည်။ **(အပေါ်ယာပုံ)**





### ရှင်းလင်းပြောကြား

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးကိုကိုက ဝတ်စုံပြည့် ဇာတ်တိုက်လေ့ကျင့်ခြင်း အစီအစဉ်သို့ တက်ရောက်လာသူများကို "အသက်ထက်မြတ်သော ဂုဏ်သိက္ခာ" ဇာတ်တော်ကြီးတင်ဆက် ကပြရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

### ဂုဏ်ပြုငွေများ ပေးအပ်

ဇာတ်တော်ကြီး တင်ဆက်ကပြအပြီးတွင် ပြည်ထောင်စုဝန်ကြီးက ပြင်ဆင်သင့်သည့် ဇာတ်ဝင်ခန်းများ၊ ဇာတ်ဝင် ဇာတ်စာ ဇာတ်စကားများကို ဖြည့်စွက် ဆွေးနွေးမှာကြားသည်။ ဆက်လက်၍ ဇာတ်တော်ကြီး တင်ဆက်ကပြသော အနုပညာရှင်ဝန်ထမ်းများကို ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသော ဦးကိုကို၊ ဦးမောင်မောင်အုန်း၊ ဦးအောင်နိုင်ဦးနှင့် ဒုတိယဝန်ကြီး ဗိုလ်ချုပ် ဇော်မင်းထွန်းတို့က ဂုဏ်ပြုငွေများ ပေးအပ်ကြသည်။

### ပွဲပိုးတီးခတ်

"အသက်ထက်မြတ်သော ဂုဏ်သိက္ခာ" ဇာတ်ကြီးတွင် နတ်သျှင်နောင်အဖြစ် တက္ကသိုလ် အားမာန်၊ ရာဇဓာတုကလျာအဖြစ် ဒေါ်ဇာနည်အောင်၊ ရဝေရှင်ထွေးအဖြစ် ဒေါ်သီရိမျိုးစံ၊ အင်းဝဘုရင် မင်းရဲနန္ဒမိတ်အဖြစ် ရွှေတံဆိပ်ဆုများရှင် ဦးဉာဏ်ဝင်း၊ လူရွှင်တော်များဖြစ်ကြသည့် ဝမ်းတူး၊ အာပြဲ၊ ရောင်နီ၊ လမုန့်နှင့် ဇာတ်ပို့ဆိုင်း ရွှာစားနိုင်လင်းဗိုလ်နှင့် အဖွဲ့တို့က ပွဲပိုးတီးခတ်ထားသည်။

### ဖော်ထုတ်ပြသရန် စီစဉ်ဆောင်ရွက်

အနုပညာဦးစီးဌာနသည် ရိုးရာယဉ်ကျေးမှု အနုသုခုမအမွေအနှစ်များကို ရှာဖွေခြင်း၊ ဖော်ထုတ်ထိန်းသိမ်းခြင်းနှင့် တိုးတက်ပြန့်ပွားစေရန် ဆောင်ရွက်ခြင်းစသည့် လုပ်ငန်းတာဝန်များကို ဆောင်ရွက်လျက်ရှိပြီး အများပြည်သူများ စိတ်အပန်းပြေစေရန်အတွက် မြန်မာ့ရိုးရာယဉ်ကျေးမှုများကို အခြေခံသည့် ဖျော်ဖြေရေး အစီအစဉ်များကို ဖော်ထုတ်ပြသရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။

**သတင်းစဉ်**

# မြန်အောင်မြို့နယ်အတွင်း ဌာနဆိုင်ရာများပါဝင်သော စစ်ကြောင်းကြီး ငါးကြောင်းနှင့် ဒေသခံပြည်သူများတွေ့ဆုံ

**မြန်အောင်  ဩဂုတ်  ၃၀**

ဧရာဝတီ တိုင်းဒေသကြီး မြန်အောင်မြို့နယ်အတွင်း လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ရပ်ရွာ အေးချမ်းသာယာရေး အတွက် မြို့နယ်အဆင့် ဌာနဆိုင်ရာများပါဝင်သော စစ်ကြောင်းကြီး ငါးကြောင်းကို အဖွဲ့နှစ်ဖွဲ့ခွဲ၍ ယမန်နေ့က မျှင်ဝါးတောင် ကျေးရွာအုပ်စုနှင့် ကညင်ငူ ကျေးရွာအုပ်စုတို့တွင် ဒေသခံပြည်သူများတွေ့ဆုံ၍ ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။



ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများကို ကညင်ငူကျေးရွာအုပ်စု ကညင်ငူကျေးရွာ ပညာရာမကျောင်းတိုက်နှင့် မျှင်ဝါးတောင် ကျေးရွာအုပ်စု မျှင်ဝါးတောင် ဘုန်းတော်ကြီးကျောင်း တို့၌ ဒေသခံပြည်သူများနှင့် တွေ့ဆုံ၍ ပညာရေး၊ ကျန်းမာရေး၊ လမ်းတံတား စသည့်ဒေသလိုအပ်ချက်များကို သက်ဆိုင်ရာဌာနများက ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

အဆိုပါ မြို့နယ်အဆင့် ဌာနဆိုင်ရာများ ပါဝင်သောစစ်ကြောင်းကြီး ငါးကြောင်းနှင့် ဒေသခံပြည်သူများ တွေ့ဆုံရာတွင် မျှင်ဝါးတောင်ရွာအုပ်စု၊ ကညင်ငူကျေးရွာအုပ်စုတို့မှ ကျေးလက်နေပြည်သူများအား ဆန်နှင့် ကြက်ဥများကို စျေးနှုန်းသက်သာစွာ ရောင်းချပေးခြင်း၊ ကိုဗစ်-၁၉ ကာကွယ်ဆေး ထိုးနှံပေးခြင်း၊ အိမ်ထောင်စုစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်များ ပြုလုပ်ပေးခြင်း၊ လူမှုဝန်ထမ်းဦးစီးဌာနမှ ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များအား ထောက်ပံ့ငွေများ ပေးအပ်ခြင်း၊ ကျောင်းကျန်းမာရေး ဟောပြောပွဲနှင့် မီးဘေးအန္တရာယ်ကာကွယ်ရေး စစ်ဆေးခြင်းတို့ ဆောင်ရွက်ကြသည်။

မြန်အောင်မြို့နယ် အတွင်း ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများ ဆောင်ရွက်နေမှုကို ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမျိုးလှိုင်၊ ခရိုင် ရဲတပ်ဖွဲ့မှူး ဒုရဲမှူးကြီး မြင့်ကျော်၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ခရိုင်ဦးစီးမှူး တင်မြိုင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးနေမင်းထွန်းတို့ ဦးဆောင်မှုဖြင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင် (၁) ဗိုလ်မှူး အောင်သူရိန်ထွန်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး ချစ်မောင်၊ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်ထက်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ နယ်မြေခံတပ်ရင်းမှ တပ်မတော်သားများ၊ ရဲတပ်ဖွဲ့ဝင်များက ဒေသအတွင်း လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ရပ်ရွာအေးချမ်းသာယာရေး၊ ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများ ပေါင်းစပ် ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**မြန်အောင် (ပြန်/ဆက်)**

# မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်မည့် ပြည်ခရိုင်မှ ပြိုင်ပွဲဝင်များ ဝတ်စုံပြည့်လေ့ကျင့်

**ပြည်  ဩဂုတ်  ၃၀**

ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့တွင်ကျင်းပမည့် တိုင်းဒေသကြီးအဆင့် (၂၃) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်မည့် ပြည်ခရိုင်မှပြိုင်ပွဲဝင်များ၏ ဝတ်စုံပြည့် လေ့ကျင့်ခြင်းအခမ်းအနားကို ယနေ့နံနက်က ပြည်မြို့ သီရိခေတ္တရာ ရတနာမြို့တော်ခန်းမ၌ကျင်းပရာ ပြည်ခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင် (၁) ဒုတိယဗိုလ်မှူးကြီး ကြည်အေးက အမှာစကား ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးအဆင့် ပြိုင်ပွဲတွင် အဆင့်အလိုက် ပါဝင်ယှဉ်ပြိုင်မည့် ပြည်ခရိုင်နှင့်မြို့နယ်များမှ ခရိုင်ကိုယ်စားပြု ပြိုင်ပွဲဝင်များ၏ ဝတ်စုံပြည့်ဖြင့် အဆို၊ အကနှင့် အတီး လေ့ကျင့်ဖျော်ဖြေမှုများ ဆက်လက်ကျင်းပခဲ့ပြီး ခရိုင်နှင့်မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများနှင့် အနုပညာ/အတတ်ပညာရှင်များ ကြည့်ရှုအားပေးခဲ့ကြကြောင်း သိရသည်။ **(အောက်ပုံ)** **ကိုဆက်(ပြန်/ဆက်)**



# ကျောက်ပန်းတောင်းမြို့နယ်၌ ကျေးရွာမတည်ရန်ပုံငွေ စီမံကိန်းဖြင့် ကျေးရွာ ၁၆ ရွာတွင် ငွေကျပ်သိန်း ၃၉၀၀ ထုတ်ချေး

**ကျောက်ပန်းတောင်း  ဩဂုတ်  ၃၀**

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများရရှိစေရန်နှင့် မိသားစုများ ဝင်ငွေတိုးပွားလာစေရန်ရည်ရွယ်၍ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော ကျေးရွာမတည်ရန်ပုံငွေ စီမံကိန်း (VRFP) ကျေးရွာ ၁၆ ရွာအား ၂၀၁၉ – ၂၀၂၀ ဘဏ္ဍာရေးနှစ်မှ စတင်ဆောင်ရွက်ခဲ့ပြီး တတိယစက်ဝန်းအနေဖြင့် အရင်း/အတိုးပြန်လည်လက်ခံခြင်း၊ အသင်းသူ/သားများအား ချေးငွေ သိန်း ၃၉၀၀ ကို ဩဂုတ် ၂၂ ရက်အထိ သက်ဆိုင်ရာကျေးရွာများသို့ မြို့နယ်ဦးစီးမှူး ဦးဇော်မင်းထွန်းနှင့် တာဝန်ရှိသူများက သွားရောက် ထုတ်ချေးပေးသည်။

ရှေးဦးစွာ ကျောက်ပန်းတောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဇော်မင်းထွန်းက ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း တတိယအကြိမ် ထုတ်ချေးပေးရခြင်း၏ ရည်ရွယ်ချက်မှာ ကိုဗစ် – ၁၉ ကြောင့် ထိခိုက်နစ်နာမှုများအား ပြန်လည်ကုစားမှုအနေဖြင့် စီးပွားရေးပြန်လည်ကောင်းမွန်လာစေရန် ထုတ်ချေးပေးခြင်းဖြစ်ကြောင်း အရင်း/အတိုး များကိုလည်း ကျေးရွာကော်မတီမှ သတ်မှတ်ထားသည့် ကာလ၊ အတိုးနှုန်းထားများ အတိုင်းပေးသွင်းရန်ဖြစ်ကြောင်း ဥပဒေပါ စည်းမျဉ်းစည်းကမ်းများနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့သည်။

**ကိုပြည့်(ကျေးလက်)**

# နေပြည်တော်၌ မဲခေါင်-လန်ချန်း စီမံကိန်း သတင်းအချက်အလက်ဗဟိုဌာန အဆောက်အအုံဖွင့်




**နေပြည်တော် ဩဂုတ် ၃၀**
မဲခေါင်-လန်ချန်းပူးပေါင်းဆောင်ရွက်မှုအထူးရန်ပုံငွေ (၂၀၁၈) ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် စီမံကိန်းအတွက်အသုံးပြုရန် မဲခေါင်-လန်ချန်းစီမံကိန်း သတင်းအချက်အလက်ဗဟိုဌာန အဆောက်အအုံဖွင့်ပွဲကို ယနေ့နံနက်ပိုင်းက နေပြည်တော် ဒက္ခိဏခရိုင် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနရုံးဝင်းအတွင်း၌ ကျင်းပသည်။

အခမ်းအနားသို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ထွဋ်ဦး၊ ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီး၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးတင်ဦးလွင်၊ နေပြည်တော်ကောင်စီဝင် ဗိုလ်မှူးကြီးမင်းနောင်၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံး သံရုံးယာယီတာဝန်ခံ Dr. Zheng Zhihong နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက ယနေ့ဖွင့်လှစ်သည့် မဲခေါင်-လန်ချန်း စီမံကိန်း သတင်းအချက်အလက်ဗဟိုဌာနအနေဖြင့် မဲခေါင်-လန်ချန်းဒေသတွင်း နိုင်ငံများအကြား သတင်းအချက်အလက်ဖလှယ်မှု စင်္ကြံမှတစ်ဆင့် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် လယ်ယာကဏ္ဍ ကျေးလက်ကဏ္ဍဆိုင်ရာ စီမံကိန်းအချက်အလက်များ၊ ညွှန်းကိန်းများကို အပြန်အလှန်ချိတ်ဆက်အသုံးပြုနိုင်မည်ဖြစ်ကြောင်း၊ သတင်းအချက်အလက်ဌာနတွင် တာဝန်ထမ်းဆောင်ကြမည့် ဝန်ထမ်းများ၏ ကျွမ်းကျင်မှုတိုးတက်ရေး၊ တစ်နိုင်ငံနှင့်တစ်နိုင်ငံ ဆက်သွယ်ဆောင်ရွက်မှု မူဘောင်များရေးဆွဲရေး စသည့်လုပ်ငန်းများကို ဖော်ဆောင်သွားရမည်ဖြစ်ကြောင်း၊ ယခုကဲ့သို့ သတင်းအချက်အလက်ဌာနရှိခြင်းဖြင့် မိမိတို့နိုင်ငံအတွင်း၌ ဖြစ်ပေါ်လျက်ရှိသည့် စားနပ်ရိက္ခာထုတ်လုပ်မှုဆိုင်ရာ ကိန်းဂဏန်းအချက်အလက်များ စုစည်းခြင်း၊ စာရင်းပြုစုခြင်း၊ စိစစ်ခြင်း စသည့် အလေ့အကျင့်နှင့် အတွေ့အကြုံများကို မြှင့်တင်နိုင်မည်ဖြစ်ပြီး နိုင်ငံအချင်းချင်း ပူးပေါင်းဆောင်ရွက်မှုများလည်း အားကောင်းလာမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံရုံးယာယီတာဝန်ခံက နှုတ်ခွန်းဆက်စကားပြောကြားပြီး မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု စီမံကိန်း (၂၀၁၈) ညှိနှိုင်းကွပ်ကဲရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌက စီမံကိန်းလုပ်ငန်းဆိုင်ရာများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုအထူး ရန်ပုံငွေ (၂၀၁၈)ဖြင့် ဆောင်ရွက်သည့် စားနပ်ရိက္ခာ လုံခြုံရေးနှင့် သတင်းအချက်အလက်များ လေ့လာသုံးသပ်ခြင်းနှင့် ညွှန်ကိန်းများအတွက် ပံ့ပိုးပေးနိုင်ရန် စိုက်ပျိုးရေးနှင့်ကျေးလက်ဒေသဆိုင်ရာ စာရင်းအင်းအချက်အလက်စင်္ကြံတစ်ခု တည်ထောင်ခြင်း စီမံကိန်းလုပ်ငန်းနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး၊ သံရုံးယာယီတာဝန်ခံနှင့် ညွှန်ကြားရေးမှူးချုပ်တို့က ဖွင့်ပွဲအထိမ်းအမှတ်လက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး၊ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ၊ သံရုံးယာယီတာဝန်ခံနှင့် တာဝန်ရှိသူများက မဲခေါင်-လန်ချန်းစီမံကိန်း သတင်းအချက်အလက်ဗဟိုဌာန အဆောက်အအုံကို ဖဲကြိုးဖြတ်၍ဖွင့်လှစ်ပေးကြပြီး မုခ်ဦးဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး၊ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ၊ သံရုံးယာယီတာဝန်ခံနှင့် တာဝန်ရှိသူများက စိုက်ပျိုးရေးနှင့်ကျေးလက်ဒေသဆိုင်ရာ စာရင်းအင်းအချက်အလက်ဌာန ကြေးပြားဆိုင်းဘုတ်ကို အမွှေးနံ့သာရည်ဖြင့်ပက်ဖျန်းပေးကြပြီး မဲခေါင်-လန်ချန်းစီမံကိန်း သတင်းအချက်အလက်ဗဟိုဌာနအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

မဲခေါင်မြစ် ဖြတ်သန်းစီးဆင်းရာ မြန်မာ၊ တရုတ်၊ ကမ္ဘောဒီးယား၊ လာအို ၊ ဗီယက်နမ်နှင့် ထိုင်းနိုင်ငံများပါဝင်သော မဲခေါင်-လန်ချန်း နိုင်ငံများအကြား အပြန်အလှန်လေးစားမှု၊ ယုံကြည်မှု၊ တန်းတူညီမျှရှိမှု၊ တစ်ဦးပေါ်တစ်ဦး နားလည်ပေးနိုင်မှု စသည်တို့အပေါ် အခြေခံသည့် ချစ်ကြည်ရင်းနှီးမှုနှင့် နွေးထွေးသော ဆက်ဆံမှုများကို အခြေပြုပြီး မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု အထူးရန်ပုံငွေဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက စီမံကိန်း ၃၁ ခု အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ ယနေ့ဖွင့်လှစ်သည့် မဲခေါင်-လန်ချန်း စီမံကိန်း သတင်းအချက်အလက်ဗဟိုဌာန လုပ်ငန်းသည်လည်း စီမံကိန်း၏ အစိတ်အပိုင်းတစ်ခုဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ပို့ကုန်များတွင် ပိုးသတ်ဆေးဓာတ်ကြွင်းများ ပါဝင်မှုမရှိစေရေး အထူးကြပ်မတ်



**နေပြည်တော် ဩဂုတ် ၃၀**
ပိုးသတ်ဆေး မှတ်ပုံတင်အဖွဲ့၏ (၃၇) ကြိမ်မြောက် အစည်းအဝေးကို ယမန်နေ့ ညနေပိုင်းက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ အစည်းအဝေးသို့ ပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့ဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီးနှင့် ပိုးသတ်ဆေးမှတ်ပုံတင် အဖွဲ့ဝင်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ပိုးသတ်ဆေး မှတ်ပုံတင်အဖွဲ့ဥက္ကဋ္ဌ ဒုတိယဝန်ကြီးက ပြည်ပပို့ကုန်သီးနှံများ အထွက်နှုန်းတိုးတက်ရေးအတွက် အထောက်အကူပြုသော သွင်းအားစု တစ်ခုဖြစ်သည့် ပိုးသတ်ဆေးများ သုံးစွဲရာတွင် အရည်အသွေးပြည့်မီပြီး အန္တရာယ်ကင်းသောပိုးသတ်ဆေးများကို ထိရောက်စွာ အသုံးပြုနိုင်ရန်နှင့် ပို့ကုန်များတွင် ပိုးသတ်ဆေး ဓာတ်ကြွင်းများ ပါဝင်မှုမရှိစေရေးကို ပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့အနေဖြင့် အထူးကြပ်မတ်လျက်ရှိကြောင်း၊ အစားအစာဘေးကင်းလုံခြုံရေး၊ ကုန်သွယ်မှု အခွင့်အလမ်းများ ထိခိုက်မှု မရှိစေရေးတို့အတွက် ပိုးသတ်ဆေးအမျိုးအစား တစ်မျိုးချင်းစီအပေါ်တွင် ရှုထောင့်မျိုးစုံမှ ပြန်လည်သုံးသပ်ပြီး ပိုးသတ်ဆေးဓာတ်ကြွင်းများ ကင်းစင်ရေးအလေးထား ဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။**(အပေါ်ပုံ)**

ထို့နောက် ပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့ အတွင်းရေးမှူး ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲတင့်ထွန်းက (၃၇) ကြိမ်မြောက် ပိုးသတ်ဆေး မှတ်ပုံတင်အဖွဲ့ အစည်းအဝေးတွင် စိစစ်ဆွေးနွေးရမည့် လုပ်ငန်းများကို တင်ပြရာ ပိုးသတ်ဆေး မှတ်ပုံတင်အဖွဲ့က အကြောင်းအရာ တစ်ခုချင်းအပေါ် ဆွေးနွေးဆောင်ရွက်ခဲ့ကြသည်။

ပိုးသတ်ဆေးဥပဒေပုဒ်မ(၁၂) အရ နည်းပညာကော်မတီဝင်များသည် ပိုးသတ်ဆေး မှတ်ပုံတင်အဖွဲ့၏လုပ်ငန်းများကို အထောက်အကူပြုနိုင်ရန် လိုအပ်သည့် သတင်း အချက်အလက်များကို ပြုစုတင်ပြခြင်း၊ စိစစ်သုံးသပ်အကြံပြုချက်များကို ဆောင်ရွက်ပြီး ပိုးသတ်ဆေး ဥပဒေအခန်း (၃) အရ ပိုးသတ်ဆေး မှတ်ပုံတင်အဖွဲ့က ပိုးသတ်ဆေး မှတ်ပုံတင်လျှောက်ထား တင်ပြလာခြင်းများ မှတ်ပုံတင် ခွင့်ပြုပေးနိုင်ရန် ဆုံးဖြတ် အတည်ပြုပေးခြင်း၊ အဆိပ်ရှိပစ္စည်းနှင့် စပ်လျဉ်း၍ တင်ပြရန် လိုအပ်သော အထောက်အထားအချက်အလက်များကို သတ်မှတ်ပေးခြင်း၊ အပြည်ပြည်ဆိုင်ရာ အကြံပြုချက်များအပေါ် အခြေပြု၍ လူနှင့်ပတ်ဝန်းကျင်ကို အန္တရာယ်မြင့်မားစေသော ပိုးသတ်ဆေးများကို သုံးစွဲရန် ပိတ်ပင်တားဆီးခြင်း၊ ပိုးသတ်ဆေးများကို စနစ်တကျကိုင်တွယ်သုံးစွဲ စွန့်ပစ်ခြင်းဆိုင်ရာများနှင့် ပတ်သက်၍ သဘာဝပတ်ဝန်းကျင်ကို အန္တရာယ်မရှိစေရန် လိုအပ်သည့် အမိန့်၊ သတ်မှတ်ချက်များ၊ ညွှန်ကြားချက်များကိုအခါ အားလျော်စွာ ထုတ်ပြန်လျက်ရှိသည်။

ယခုကျင်းပသည့် (၃၇) ကြိမ်မြောက် ပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့ အစည်းအဝေးတွင် ပိုးသတ်ဆေးနည်းပညာ ကော်မတီဝင်များမှ စိစစ်ပြီးတင်ပြလာသော ပိုးသတ်ဆေးအမျိုး ပေါင်း ၈၆ မျိုး အတည်ပြုပေးနိုင်ရေး စိစစ်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ကြာအင်းဆိပ်ကြီးမြို့နယ်၌ ရေဘေးသင့်ပြည်သူများအား ဆန်ရိက္ခာဖိုးငွေထောက်ပံ့ပေးအပ်

**ကြာအင်းဆိပ်ကြီး ဩဂုတ် ၃၀**
ကရင်ပြည်နယ် ကြာအင်းဆိပ်ကြီးမြို့နယ်၌ ဩဂုတ် ၁၂ ရက်မှ စတင်ပြီး မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် တောင်ကျရေများ ကျဆင်းခြင်း၊ ဒေသအတွင်းရှိ မြစ်ချောင်းများ ရေကြီးရေလျှံမှုဖြစ်ပေါ်၍ မြို့နယ်အတွင်းရှိ ရပ်ကွက်များနှင့် ကျေးရွာများရှိ လူနေအိမ်များသို့ ရေများဝင်ရောက်ခြင်းကြောင့် ရေဘေးသင့်ပြည်သူများအနေဖြင့် ရေဘေးရှောင်ကယ်ဆယ်ရေးစခန်း သုံးခုသို့ ယာယီပြောင်းရွှေ့နေထိုင်ခဲ့ရကြောင်း သိရသည်။

အဆိုပါ ရေဘေးသင့်ပြည်သူများအား အဆင်ပြေစွာနေထိုင်စားသောက်နိုင်စေရေးအတွက် ခုနစ်ရက်စာ ဆန်ဖိုးငွေထောက်ပံ့ပေးအပ်ခြင်းကို ယမန်နေ့က မြို့နယ်ဘေးအန္တရာယ် ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန၌ ထောက်ပံ့ပေးအပ်ရာ ရေဘေးသင့် အိမ်ထောင်စု ၁၃၀ ၊ လူဦးရေ ၅၅၁ ဦးအတွက် ခုနစ်ရက်စာဆန်ရိက္ခာဖိုး ငွေကျပ် ၁၁၅၇၁၀၀၀ အား မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်များနှင့် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဒေါ်အေးဇင်မာထွေးတို့က ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**မျိုးမင်းဦး**
**(ပြန်/ဆက်)**



# စပိန်နိုင်ငံ Caceres မြို့၌ အမြင့် ၄၇ မီတာရှိ ကမ္ဘာ့အကြီးဆုံး ဗုဒ္ဓရုပ်ပွားတော်အပါအဝင် စေတီပုထိုးများ တည်ဆောက်သွားမည်

**နေပြည်တော် ဩဂုတ် ၃၀**

စပိန်နိုင်ငံအခြေစိုက် Lumbini Garden Foundation ၏ ဥက္ကဋ္ဌ Mr. Jose Maunel Vilanova Aleman ဦးဆောင်သောအဖွဲ့သည် ဗုဒ္ဓဘာသာအခြေခံသော အာရှ- ဥရောပ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်၍ စပိန်နိုင်ငံတွင် ဆောင်ရွက်မည့် The Great Maha Karuna စီမံကိန်းနှင့် စပ်လျဉ်းပြီး ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဌေးအောင်ကို ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော်ရှိ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန၌ လာရောက်တွေ့ဆုံသည်။**(အောက်ဝဲပုံ)**




တွေ့ဆုံဆွေးနွေးပွဲတွင် Lumbini Garden Foundation၏ ဥက္ကဋ္ဌ ဖြစ်သူ Mr. Jose Maunel Vilanova Aleman က စီမံကိန်းတွင် စပိန်နိုင်ငံ Caceres မြို့၌ အမြင့် ၄၇ မီတာရှိ ကမ္ဘာ့အကြီးဆုံး ဗုဒ္ဓရုပ်ပွားတော် အပါအဝင် နီပေါ၊ သီရိလင်္ကာ၊ မြန်မာ၊ ဘူတန်၊ ထိုင်းစသည့် ဗုဒ္ဓဘာသာနိုင်ငံများရှိ အထင်ကရ စေတီပုထိုးများ၊ ဘာသာရေးဆိုင်ရာ အဆောက်အအုံများနှင့် အသုံးအဆောင်များကို တည်ဆောက်သွားမည်ဖြစ်ပါကြောင်း၊ ယခုစီမံကိန်း အောင်မြင်အောင် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် မြန်မာနိုင်ငံသည် အရေးပါသော အခန်းကဏ္ဍက ပါဝင်နေသည့်အတွက် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးစေလိုကြောင်း ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက ယခုကဲ့သို့ မြန်မာနိုင်ငံသို့ ကိုယ်တိုင်ကိုယ်ကျ လာရောက်ခြင်းဖြင့် တိုင်းပြည်၏ အခြေအနေများကို သိမြင်ခွင့်ရရှိမည်ဖြစ်ရာ ယခုခရီးစဉ်၏ အတွေ့အကြုံကောင်းများအား စပိန်နိုင်ငံသို့ ပြန်လည်ရောက်ရှိသည့်အခါ တစ်ဆင့်စကား တစ်ဆင့်နားဆိုသည့် ခရီးသွားမြှင့်တင်ရေးဆောင်ပုဒ်အတိုင်း ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ပေးစေလိုပါကြောင်း၊ မိမိတို့ ဝန်ကြီးဌာနအနေဖြင့် ဗုဒ္ဓဘာသာပြန့်ပွားရေး၊ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးရေးနှင့် ချစ်ကြည်ရေးခိုင်မြဲ တိုးတက်ရေးတို့အတွက် ဆက်လက်ပူးပေါင်း ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဆွေးနွေးပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ လွယ်ကူချောမွေ့စေရေး ဆက်စပ်ဌာနဆိုင်ရာများအနေဖြင့် ပူးပေါင်းဆောင်ရွက်ပေးရမည်

**တောင်ကြီး ဩဂုတ် ၃၀**

ရှမ်းပြည်နယ် ရင်းနှီးမြှုပ်နှံမှု ကော်မတီ၏ (၃/၂၀၂၂) ကြိမ်မြောက် အစည်းအဝေးကို ဩဂုတ် ၃၀ ရက် နံနက် ၁၀ နာရီခွဲက တောင်ကြီးမြို့ ရှမ်းပြည်နယ် အစိုးရရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။**(ယာပုံ)**

ရှမ်းပြည်နယ် ရင်းနှီးမြှုပ်နှံမှု ကော်မတီဥက္ကဋ္ဌ ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာကျော်ထွန်းက ယနေ့ အစည်းအဝေးတွင် အတည်ပြုမိန့် လျှောက်ထားလွှာတင်ပြထားခြင်း မရှိသေးသော်လည်း မြန်မာရွှေရောကုမ္ပဏီလီမိတက်က အတည်ပြုမိန့် ပြင်ဆင်ခွင့်ပြုပါရန် တင်ပြလာသည့်အပေါ် မြန်မာရွှေရောကုမ္ပဏီလီမိတက်၏ အတည်ပြုမိန့်တွင် မြေကော ပြင်ဆင်ခွင့်ပြုပါရန် တင်ပြလာခြင်းကို ကော်မတီအဖွဲ့ဝင်များအနေဖြင့် ဝိုင်းဝန်းဆွေးနွေးပေးကြရန် ပြောကြားလိုကြောင်း၊ ရှမ်းပြည်နယ်သည် တည်ငြိမ်အေးချမ်းမှု ရှိနေပြီး ရေ၊ မြေ၊ ရာသီဥတု ကောင်းမွန်သောကြောင့် ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများ ပိုမိုဝင်ရောက်နိုင်ရေးနှင့် အလုပ်အကိုင် အခွင့်အလမ်းများ ရရှိစေရေးတို့အတွက် ကြိုးပမ်းဆောင်ရွက်ရမည် ဖြစ်ကြောင်း၊ ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများကို လွယ်ကူချောမွေ့ စေရေးနှင့် လွယ်ကူလျင်မြန်စေရေး ဆက်စပ်ဌာနဆိုင်ရာများ အနေဖြင့် ပူးပေါင်း ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ လက်ရှိ လုပ်ကိုင်နေကြသည့် ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများကိုလည်း လုပ်ငန်းများ လွယ်ကူချောမွေ့ စေရန်နှင့် လုပ်ငန်းစနစ်တကျ သတ်မှတ်စည်းမျဉ်း စည်းကမ်းများနှင့်အညီ အောင်အောင်မြင်မြင် ဖြစ်စေရန် ဌာနဆိုင်ရာအားလုံးက ဝိုင်းဝန်းထိန်းကျောင်း ကူညီဆောင်ရွက်ပေးကြရန် ပြောကြားသည်။



ဆက်လက်၍ ရှမ်းပြည်နယ် ရင်းနှီးမြှုပ်နှံမှု ကော်မတီအတွင်းရေးမှူး ဦးလေးနိုင်က Myanmar Shwe Ayeyar Co.;Ltd ၏ အတည်ပြုမိန့် ပြင်ဆင်ခွင့် တင်ပြလာခြင်းအပေါ် ရှင်းလင်းတင်ပြပြီး တက်ရောက်လာသော ကော်မတီအဖွဲ့ဝင်များမှ ဝိုင်းဝန်းဆွေးနွေးကြကာ ရှမ်းပြည်နယ် ရင်းနှီးမြှုပ်နှံမှုကော်မတီဥက္ကဋ္ဌ ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာကျော်ထွန်းက ကော်မတီများ၏ ဆွေးနွေးတင်ပြချက်အပေါ် လိုအပ်သည်များ ဖြည့်စွက်ဆွေးနွေးကာ နိဂုံးချုပ်စကား ပြောကြားခဲ့ကြောင်း သိရသည်။

ရှမ်းပြည်နယ် ရင်းနှီးမြှုပ်နှံမှု ကော်မတီအနေဖြင့် နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှု လုပ်ငန်း ငါးခု ရင်းနှီးမြှုပ်နှံမှု ပမာဏ အမေရိကန်ဒေါ်လာ ၁၁ ဒသမ ၀၀ သန်းကို ခွင့်ပြုပေးထားပြီး မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှု လုပ်ငန်း ၁၃ ခု ရင်းနှီးမြှုပ်နှံမှု ပမာဏ အမေရိကန် ဒေါ်လာ ၆ ဒသမ ၉၀၄ သန်း အပါအဝင် ကျပ်သန်း ၃၁၆၂ ဒသမ ၇၅ ကို ခွင့်ပြုပေးထားခဲ့ပြီး အဆိုပါလုပ်ငန်းများမှ ရှမ်းပြည်နယ်အတွင်း အလုပ်အကိုင် အခွင့်အလမ်းအနေဖြင့် ပြည်တွင်း ၉၉၄ ဦးနှင့် ပြည်ပ ၅၃ ဦးကို ဖန်တီးပေးနိုင်ခဲ့ကြောင်း သိရသည်။

**မောင်မောင်သန်း(တောင်ကြီး)**

## မိုးကောင်းမြို့၌ မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေ ကျပ်သိန်း ၁၂၉၁ သိန်းကျော် ထုတ်ချေး

**မိုးကောင်း ဩဂုတ် ၃၀**

ကချင်ပြည်နယ် မိုးကောင်းမြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲက ကားမိုင်းကျေးရွာအုပ်စု တောင်သူလယ်သမား ၉၃ဦးအား မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေကျပ် ၁၂၉၁ သိန်းကျော်ကို ဩဂုတ် ၂၉ ရက် နံနက်ပိုင်းက ထုတ်ချေးပေးကြောင်း သိရသည်။

၂၀၂၂ ခုနှစ်မေလမှစတင်၍ စိုက်ပျိုးစရိတ်ချေးငွေများထုတ်ချေးပေးခဲ့ရာ ယနေ့အချိန်ထိ မိုးကောင်းမြို့နယ်ရှိကျေးရွာ ၃၆ ရွာရှိ တောင်သူ ၂၃၃၇ ဦးအတွက် ချေးငွေကျပ် ၂၆၆၉၄ သိန်းကိုလည်းကောင်း၊ ဖားကန့် မြို့နယ်ကျေးရွာ ၁၀ ရွာရှိ တောင်သူ ၂၅၅ ဦးအတွက် ချေးငွေကျပ် ၃၁၅၆ သိန်းကိုလည်းကောင်း ထုတ်ချေးပြီးဖြစ်သည်။

မိုးကောင်း၊ ဖားကန့်နှင့် တနိုင်းမြို့နယ်ရှိ ၂၀၂၀ နှင့် ၂၀၂၁ မိုး (စိုက်ပျိုးစရိတ်ချေးငွေ) ပြေကျေသူ တောင်သူလယ်သမားများအတွက် ချေးငွေကျပ် ၃၄၇၄၉ သိန်းထုတ်ချေးရန် လျာထားပြီး ကျန်ကျေးရွာအုပ်စုများကို စက်တင်ဘာလအတွင်း ဆက်လက်ထုတ်ချေးပေးမည်ဖြစ်ကြောင်း မြို့နယ်မြန်မာ့လယ်ယာ ဖွံ့ဖြိုးရေးဘဏ်မှ သိရသည်။

**သန်းလွင်ဦး (ပြန်/ဆက်)**

**မလိုအပ်သော မီးများကို ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ**

# ချောင်းဦးမြို့နယ်၌ ယူရီးယားဓာတ်မြေဩဇာအိတ်များ သက်သာသောဈေးနှုန်းဖြင့် ဖြန့်ဖြူးရောင်းချ

**ချောင်းဦး ဩဂုတ် ၃၀**

စစ်ကိုင်းတိုင်းဒေသကြီး ချောင်းဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနရုံး၌ ယမန်နေ့နံနက်ပိုင်းက တိုင်းဒေသကြီးအစိုးရအဖွဲ့ အစီအစဉ်ဖြင့် တောင်သူများထံသို့ သက်သာသောဈေးနှုန်းဖြင့် ယူရီးယားဓာတ်မြေဩဇာအိတ်များ ရောင်းချပေးခြင်း အခမ်းအနား ကျင်းပကြောင်း သိရသည်။

အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးထူးကျော်က အမှာစကားပြောကြားပြီး လယ်ယာမြေစီမံခန့်ခွဲရေး စာရင်းအင်းဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးညွန့်အောင်က လယ်ယာမြေ လုပ်ထုံးလုပ်နည်းဥပဒေများအကြောင်း ရှင်းလင်းဆွေးနွေးသည်။ စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်မြတ်မြတ်ဦးက ယူရီးယားဓာတ်မြေဩဇာ စနစ်တကျ အကျိုးရှိရှိသုံးစွဲရေး နည်းပညာများကို ရှင်းလင်းဆွေးနွေးသည်။ ထို့နောက် မိုးစပါးဘက်စုံပိုးမွှားရောဂါကြိုတင်ကာကွယ်နှိမ်နင်းနည်း ပညာပေးသင်တန်းကို ဆက်လက်ကျင်းပရာ စိုက်ပျိုးရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်မာလာနွယ်က စပါးသီးနှံ ပိုးမွှားရောဂါ ကြိုတင်ကာကွယ်ရေး နည်းပညာများကို အသေးစိတ် ရှင်းလင်းဆွေးနွေးပို့ချပြီး ဒုတိယဦးစီးမှူး ဒေါ်ဥမ္မာခိုင်က ဓာတ်မြေဩဇာနှင့် သဘာဝမြေဩဇာ တွဲဖက်အသုံးပြုနည်းများ၊ ထရိုင်ကိုဒါးမား ဥကပ်ပါးနကျယ် မွေးမြူရေးဓာတ်ခွဲခန်း၌ ဥကပ်ပါးနကျယ်မွေးမြူခြင်းအဆင့်ဆင့် လုပ်ငန်းစဉ်များကို လက်တွေ့ရှင်းလင်းဆွေးနွေးပြသသည်။

သက်သာသောဈေးနှုန်းဖြင့် ယူရီးယားဓာတ်မြေဩဇာအိတ်များ ရောင်းချပေးခြင်း အခမ်းအနားသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးထူးကျော်၊ လယ်ယာမြေစီမံခန့်ခွဲရေး စာရင်းအင်းဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးညွန့်အောင်၊ ဓာတ်မြေဩဇာ သယ်ယူဖြန့်ဖြူးရောင်းချရေး ကော်မတီအဖွဲ့ဝင်များ၊ စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများ၊ ကျေးရွာအုပ်စု ငါးအုပ်စုမှဒေသခံတောင်သူ ၁၃၅ ဦး စုစုပေါင်း ၁၅၀ ကျော် တက်ရောက်ပြီး တာဝန်ရှိသူများက တောင်သူများလက်ဝယ်သို့ ယူရီးယားဓာတ်မြေဩဇာအိတ်များ ဖြန့်ဖြူးရောင်းချပေးကြောင်း သိရသည်။

**ဝင်းမြင့်အောင်(ပြန်ဆက်)**



# နို့နှင့်နို့ထွက်ပစ္စည်းများ တန်ဖိုးမြှင့်ထုတ်ကုန်အဖြစ် တိုးတက်ထုတ်လုပ်နိုင်ရေး နည်းပညာပေးခြင်းများ ဆောင်ရွက်



**ပဲခူး ဩဂုတ် ၃၀**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်မှာကြားချက်များအား ခရိုင်/မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌများသို့ ထပ်ဆင့်ရှင်းလင်းခြင်း အခမ်းအနားကို ဩဂုတ် ၂၉ ရက် နံနက်ပိုင်းက ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံးတော်ဝင်ဟံသာ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်မှာကြားချက်များကို ထပ်ဆင့်ရှင်းလင်းပြောကြားပြီး မမျှော်မှန်းနိုင်သည့် သဘာဝဘေးအန္တရာယ်ကြောင့် စိုက်ပျိုးပြီးမိုးစပါးများ ပျက်စီးခဲ့ပါက ပြန်လည်အစားထိုးစိုက်ပျိုးနိုင်ရေး အရန်ပျိုးပင်များ စိုက်ပျိုးထားရန်လိုအပ်ကြောင်း၊ ဆီထွက်သီးနှံ နေကြာစိုက်ပျိုးနိုင်ရေး လိုအပ်သော မျိုးနေကြာများကြိုတင်ဝယ်ယူနိုင်ရေး စီစဉ်သွားရမည်ဖြစ်ကြောင်း၊ မွေးမြူရေးနှင့် ပတ်သက်၍ နို့စားနွားမွေးမြူခြင်းအပြင် နို့နှင့်နို့ထွက် ပစ္စည်းများအား တန်ဖိုးမြှင့်ထုတ်ကုန်အဖြစ် တိုးတက်ထုတ်လုပ်နိုင်ရေး နည်းပညာပေးခြင်းများ ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်မှ ရသင့်ရထိုက်သည့် အခွန်အခများ အပြေအကျေ ကောက်ခံရရှိရေး ဆက်လက်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ပညာရေးနှင့် ပတ်သက်၍ တက္ကသိုလ်ဝင်တန်း အောင်ချက် မြင့်မားရေး Work-shop များ ဆောင်ရွက်ပေးရန်လိုကြောင်း၊ လိုင်စင်မဲ့မော်တော်ယာဉ်နှင့် မော်တော်ဆိုင်ကယ်များ စီးနင်းမှုမရှိစေရေး ထိရောက်စွာ ဆောင်ရွက်ကြရန်၊ လုံခြုံရေးစစ်ဆေးရေးစခန်းများတွင် ပေးအပ်ထားသည့် တာဝန်များအတိုင်း တိတိကျကျလိုက်နာ ဆောင်ရွက်ရန်၊ ဌာနဆိုင်ရာရုံးများ လုံခြုံရေးထားရှိရန်နှင့် ရုံးလုပ်ငန်းများ ဆောင်ရွက်ရာတွင် လုံခြုံရေးအသိ၊ လုံခြုံရေး သတိဖြင့် ဆောင်ရွက်ကြရန် မှာကြားသည်။(ဓာတ်ပုံ)

ထို့နောက် ခရိုင်/မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌများက အုပ်ချုပ်ရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ လူမှုရေးနှင့် ဒေသဖွံ့ဖြိုးရေးဆိုင်ရာကိစ္စရပ်များကို ရှင်းလင်းတင်ပြကြရာ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများက ဖြည့်စွက်ရှင်းလင်းကြသည်။

ယင်းနောက် ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ တိုင်းဒေသကြီးအစိုးရအဖွဲ့ တာဝန်ရှိသူများက အကြံပြုဆွေးနွေးကြရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က လိုအပ်သည်များ ဖြည့်စွက်မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



# ချင်းပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးချုပ်ဖလား စားပွဲတင် တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲ ကျင်းပ

**နေပြည်တော် ဩဂုတ် ၃၀**

ချင်းပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးချုပ်ဖလား ဝန်ကြီးဌာနပေါင်းစုံ စားပွဲတင် တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲကို ယနေ့နံနက်ပိုင်းတွင် ဟားခါးမြို့ လွှတ်တော်ရုံး၌ ကျင်းပရာ ချင်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာ ဝုန်ဆုန်းထန်၊ အနောက်မြောက်တိုင်း စစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်မျိုးထွဋ်လှိုင်နှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာဝန်ကြီးများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ဒိုင်အဖွဲ့ဝင်များနှင့်ပြိုင်ပွဲဝင်အားကစားသမားများ တက်ရောက်ကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်၊ ဒုတိယတိုင်းမှူးနှင့် တက်ရောက်လာကြသူများက လူသစ်တန်း (အငယ်တန်း) ပြိုင်ပွဲနှင့် အလွတ်တန်း(အကြီးတန်း)ပြိုင်ပွဲ ဗိုလ်လုပွဲစဉ်များ ယှဉ်ပြိုင်မှုများကို ကြည့်ရှုအားပေးကြသည်။ ထို့နောက် ဆုပေးပွဲကို ဆက်လက်ပြုလုပ်ရာ ဆုရရှိသောအသင်းများနှင့် ဖလားဆုရရှိသည့် အသင်းတို့အား ပြည်နယ်ဝန်ကြီးချုပ်၊ ဒုတိယတိုင်းမှူးနှင့် တာဝန်ရှိသူများက ဖလားဆုနှင့် ဆုများ အသီးသီးပေးအပ် ချီးမြှင့်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## သထုံမြို့နယ်၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေထုတ်ချေး

**သထုံ ဩဂုတ် ၃၀**

မွန်ပြည်နယ် သထုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကတိုက်ကလေးကျေးရွာတွင် အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေ တိုးပွားလာစေခြင်းဖြင့် ကျေးရွာနေပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်လာစေရန်ရည်ရွယ်ပြီး မြစိမ်းရောင်စီမံကိန်းရန်ပုံငွေကို ဩဂုတ်လနောက်ဆုံးပတ်တွင် ထုတ်ချေးပေးသည်။

ထိုသို့ထုတ်ချေးပေးရာတွင် ခရိုင်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးမိုးဝင်းနှင့်အဖွဲ့က စာရင်းဇယားများ မှန်ကန်မှုရှိစေရေးတို့အတွက် ကြီးကြပ်ဆောင်ရွက်ပေးခဲ့ကြောင်း၊ မြစိမ်းရောင်စီမံကိန်းအသင်းသား ၉၆ ဦးရှိပြီး အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ကျပ်သိန်း ၃၀၀ ကို နေ့ချင်းပြီး ထုတ်ပေးခဲ့ကြောင်း သိရသည်။

**မိုးဝင်း(ကျေးလက်)**

## မြန်မာ့ပင်လယ်ပြင်အခြေအနေ

**နေပြည်တော် ဩဂုတ် ၃၀**

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခုနစ်ပေခန့်ရှိနိုင်သည်။

**မိုး/ဇလ**

# အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်းများမှ ကျောင်းအခြေပြုသင်တန်း (၄/ ၂၀၂၂)ဖွင့်လှစ်ရန် သင်တန်းသားခေါ်ယူခြင်း

**နေပြည်တော် ဩဂုတ် ၃၀**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာနသည် ရန်ကုန်၊ မန္တလေး၊ မော်လမြိုင်၊ ပုသိမ်၊ တောင်ငူ၊ မြစ်ကြီးနား၊ ဖျာပုံ၊ စစ်တွေ၊ ရှာငံနှင့် ထားဝယ်မြို့တို့တွင် အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်းများအား ဖွင့်လှစ်ထားရှိကာ စက်ချုပ်သင်တန်းများ (မိန်းမဝတ်၊ကလေးဝတ်၊ ကျားရှပ်၊ တိုက်ပုံ၊ ကုတ်အင်္ကျီ)၊ လက်မှုသင်တန်း၊ မုန့်မျိုးစုံပြုလုပ်နည်းသင်တန်း၊ အစားအစာချက်ပြုတ်နည်းသင်တန်းနှင့် ပန်းအလှပြင်သင်တန်း စသည့်သင်တန်းများကို ဘဏ္ဍာရေးနှစ်တစ်နှစ်လျှင် သင်တန်းအပတ်စဉ် (၈)ခု၊ အပတ်စဉ်တစ်ခုလျှင် (၆) ပတ်ကြာ သင်ကြားပေးလျက်ရှိသည့်အပြင် ရန်ကုန်၊ မန္တလေး၊ မော်လမြိုင်၊ ပုသိမ်ကျောင်းများ၌ စနေ၊ တနင်္ဂနွေနေ့များတွင်လည်း အထူးသင်တန်းများအား ဖွင့်လှစ်သင်ကြားပေးလျက်ရှိပါသည်။

အဆိုပါ အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်းများ၌ ၂၀၂၂-၂၀၂၃ ခု၊ ဘဏ္ဍာရေးနှစ်အတွင်း သင်တန်းအပတ်စဉ်(၄/၂၀၂၂) အား (၅-၉-၂၀၂၂) ရက်နေ့မှ (၁၄-၁၀-၂၀၂၂) ရက်နေ့အထိ ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ရာ တက်ရောက်လိုသော သင်တန်းသား (အမျိုးသမီး/ အမျိုးသား) များအနေဖြင့် သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ်များရှိ အောက်ပါအိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်းများသို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်း၍ တက်ရောက်နိုင်ကြောင်း လူမှုဝန်ထမ်းဦးစီးဌာနမှ အသိပေးထားသည်-

- **အိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်ကျောင်း (ရန်ကုန်)** အမှတ်-၁၃၅၊ ဓမ္မစေတီလမ်း၊ ဗဟန်းမြို့နယ်၊ ဖုန်း- ၀၉-၄၂၇၉၀၀၀၄၆
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (မန္တလေး)** အမှတ်-၁၆၉၊ ၈၃လမ်း၊ ၂၅ x ၂၆လမ်းကြား၊ အောင်မြေသာစံမြို့နယ်၊ စစ်ကိုင်းတန်းရပ်၊ မန္တလေးမြို့ ၊ ဖုန်း- ၀၂-၄၀၃၆၇၉၈
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (မော်လမြိုင်)** ရွှေတောင်ရပ်၊ အထက်လမ်းမကြီးဘေး၊ မော်လမြိုင်မြို့ ၊ ဖုန်း- ၀၅၇-၂၀၂၇၁၆၆
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (တောင်ငူ)** အမှတ် (၁၈)ရပ်ကွက်၊ စည်သူလမ်း၊ ဘူတာအနီး၊ တောင်ငူမြို့၊ ဖုန်း- ၀၅၄-၂၃၅၇၀
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (မြစ်ကြီးနား)** အမှတ်(၉၂)၊ ရှမ်းစုမြောက်ရပ်ကွက်၊ မြစ်ကြီးနားမြို့၊ ဖုန်း- ၀၇၄-၂၅၂၂၅၅၈
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ဖျာပုံ)** ကျုံကူကျေးရွာ၊ ဖျာပုံ-ဘိုကလေး ကားလမ်းဘေး၊ ဖျာပုံမြို့၊ ဖုန်း- ၀၉-၄၅၅၇၈၈၀၂၁
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ပုသိမ်)** အမှတ်-၂ရပ်ကွက်၊ မင်းကြီးလမ်း၊ ပုသိမ်မြို့၊ ဖုန်း - ၀၄၂-၂၅၃၇၃၊ ၀၄၂-၂၁၀၇၃
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (စစ်တွေ)** မေယုလမ်း (လေယာဉ်ကွင်းအနီး)၊ မန်ကျည်းမြိုင်ရပ်ကွက် စစ်တွေမြို့၊ ဖုန်း- ၀၄၃- ၂၂၀၆၇
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ရှာငံ)** အမှတ်-၈၂ ၊ အင်းကုန်းငါးဆူကျေးရွာအုပ်စု၊ အင်းကုန်းကျေးရွာ၊ ရှမ်းပြည်နယ်(တောင်ပိုင်း) ၊ ရှာငံမြို့၊ ဖုန်း- ၀၉- ၇၈၁၁၁၆၂၇၂
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ထားဝယ်)** အကွက်အမှတ်(၂၄)၊ ဆန်ချီအနောက်ကွင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့၊ ဖုန်း- ၀၅၉-၂၀၂၄၀၀၉

**သတင်းစဉ်**

# ကယားပြည်နယ်ဝန်ကြီးချုပ် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံနေမှုများအား ကြည့်ရှုအားပေး

**လွိုင်ကော် ဩဂုတ် ၃၀**

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လုပ်ငန်းများတွင် အဓိကကျသည့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံခြင်းလုပ်ငန်းများကို ဆောင်ရွက်ရာတွင် ကယားပြည်နယ်အစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် ကျန်းမာရေးဝန်ထမ်းများ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ ပူးပေါင်း၍ ကယားပြည်နယ်အတွင်းရှိ မြို့နယ်အသီးသီး၌ နေ့စဉ်ဆောင်ရွက်ပေးလျက်ရှိသည်။

ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်နှင့် တာဝန်ရှိသူများသည် ယနေ့နံနက်ပိုင်းက လွိုင်ကော်မြို့ မြို့နာမ်စေတီတော် ဓမ္မာရုံနှင့် သာသနာ့ဗိမာန်တော်ကြီး၌ သံဃာတော်များ၊ သီလရှင်များနှင့် ပြည်သူများ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး လာရောက်ထိုးနှံနေမှုများကို ကြည့်ရှုအားပေးပြီး ကာကွယ်ဆေးထိုးနှံပြီးစီးသူများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက် အားပေးစကား ပြောကြားသည်။

ကယားပြည်နယ်အတွင်းရှိ မြို့နယ်အသီးသီး၌လည်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ပထမအကြိမ်၊ ဒုတိယအကြိမ်၊ တတိယအကြိမ်နှင့် စတုတ္ထအကြိမ်များကို ပြည်သူများအား ကျန်းမာရေးဆိုင်ရာ ညွှန်ကြားချက်များနှင့်အညီ နေ့စဉ်ထိုးနှံပေးပြီး ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ **ပြည်နယ်(ပြန်/ဆက်)**



# မော်လမြိုင်မြို့၌ တူယှဉ်နွဲပျော် ဂီတပွဲတော် Season-2 တွင် ပါဝင်ယှဉ်ပြိုင်မည့် ပြိုင်ပွဲဝင်များအား ဂုဏ်ပြုထောက်ပံ့ငွေ ပေးအပ်

**မော်လမြိုင် ဩဂုတ် ၃၀**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ၏ လမ်းညွှန်မှုဖြင့် ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ဦးစီးကျင်းပသော (၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ ဂုဏ်ပြုအထိမ်းအမှတ် တူယှဉ်နွဲပျော် ဂီတပွဲတော် Season-2 သီချင်းသီဆိုမှုပြိုင်ပွဲတွင် မွန်ပြည်နယ် ကိုယ်စားပြု ဝင်ရောက်ယှဉ်ပြိုင်မည့် ပြိုင်ပွဲဝင် သုံးဦးအား ဂုဏ်ပြုထောက်ပံ့ငွေ ပေးအပ်သည့် အခမ်းအနားကို ယနေ့နံနက် ၉ နာရီခန့်က မော်လမြိုင်မြို့ ပြည်နယ်ခန်းမ၌ ကျင်းပသည်။




ဂုဏ်ပြုထောက်ပံငွေ ပေးအပ်ရာတွင် မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်လင်းထွန်းက ပြည်နယ်ကိုယ်စားပြု ယှဉ်ပြိုင်ရမည့် ပြိုင်ပွဲဝင် သုံးဦးအနေဖြင့် မိမိတို့ပြည်နယ်၏ဂုဏ်ကို ဆောင်နိုင်အောင် ကြိုးစားကြစေလိုကြောင်း၊ ပြိုင်ပွဲအတွက် လိုအပ်သော ထောက်ပံ့မှုများကိုလည်း မိမိတို့မွန်ပြည်နယ်အစိုးရအဖွဲ့မှနေ၍ ထောက်ပံ့ပေးသွားမည် ဖြစ်ကြောင်း၊ နိုင်ငံတော်အဆင့် ပြိုင်ပွဲဖြစ်သည့်အတွက် အစွမ်းကုန်ကြိုးစားကြရန်လိုကြောင်း ပြောကြားသည်။

ထို့နောက် (၇၅) နှစ်မြောက် စိန်ရတု လွတ်လပ်ရေးနေ့ ဂုဏ်ပြုအထိမ်းအမှတ် တူယှဉ်နွဲပျော်ဂီတပွဲတော် Season-2 သီချင်းသီဆိုမှုပြိုင်ပွဲသို့ သွားရောက်ယှဉ်ပြိုင်မည့် အဆိုရှင် သုံးဦးက စိတ်ကြိုက်တေးသီချင်းများဖြင့် သီဆိုဖျော်ဖြေခဲ့ကြပြီး ပြိုင်ပွဲဝင်ရန်အတွက် ထောက်ပံ့ငွေကျပ် ၃၂၀၀၀၀၀ ကို ပြည်နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါ်စမ်းစမ်းနွယ်အား လည်းကောင်း(ဝဲပုံ)၊ ပြိုင်ပွဲဝင်တစ်ဦးအတွက် ငွေကျပ် ၆၀၀၀၀၀ ကိုပြိုင်ပွဲဝင် မအေးသက်ထားဇော်အား လည်းကောင်း ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်လင်းထွန်းက ထောက်ပံ့ပေးအပ်သည်။

ထို့နောက် ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ကျော်စွာမြင့်က မွန်ပြည်နယ် ကိုယ်စားပြုဝင်ရောက်မည့် ပြိုင်ပွဲဝင် မသဲယွန်းလွှာအား လည်းကောင်း၊ ပြည်နယ် လူမှုရေးရာဝန်ကြီး ဦးမြတ်သွင်က မွန်ပြည်နယ် ကိုယ်စားပြု ဝင်ရောက်မည့် ပြိုင်ပွဲဝင် မရွှေစင်ကြယ်အား လည်းကောင်း၊ မွန်ပြည်နယ်အစိုးရအဖွဲ့မှ ထောက်ပံ့ငွေများကို ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူး ဦးတိုးဝင်းက ပြိုင်ပွဲဝင် သုံးဦးအတွက် ထောက်ပံ့ငွေကျပ် ၁၀၀၀၀၀၀ စီကိုလည်းကောင်း ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**ခင်စန်းမြင့် (ခရိုင်ပြန်/ဆက်)**

# ဘင်္ဂလားဒေ့ရှ်သို့ ရေထွက်ကုန်တန်ချိန် ၆၁၃၂ ဒသမ ၄၀ တင်ပို့၊ အမေရိကန်ဒေါ်လာ ၇ ဒသမ ၇၈၅ သန်းရရှိထား

**ရန်ကုန် ဩဂုတ် ၃၀**

မြန်မာနိုင်ငံတွင် စိုက်ပျိုးရေးကဏ္ဍနှင့် မွေးမြူရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရှိန်အဟုန်မြင့် ဆောင်ရွက်လျက်ရှိရာ (၂၀၂၂/၂၀၂၃) ဘဏ္ဍာနှစ် ဧပြီလမှ ဩဂုတ် ၂၆ ရက်အထိ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ရေထွက်ကုန်ပစ္စည်း မက်ထရစ်တန်ချိန် ၆၁၃၂ ဒသမ ၄၀ တင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၇ ဒသမ ၇၈၅ သန်း ရရှိခဲ့ကြောင်း သိရသည်။

ပြီးခဲ့သော ဘဏ္ဍာနှစ် (မီနီဘတ်ဂျက်)တွင် ရခိုင်ပြည်နယ် စစ်တွေနှင့် မောင်တောနယ်စပ်ကုန်သွယ်ရေး စခန်းနှစ်ခုမှ ရေထွက်ကုန် မက်ထရစ်တန်ချိန် ၁၁၃၆၂ ဒသမ ၉၇ သန်းတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၂၃ ဒသမ ၃၈၇ သန်း ရရှိခဲ့သည်။ (၂၀၂၂/၂၀၂၃) ဘဏ္ဍာနှစ်၌ စစ်တွေနယ်စပ် ကုန်သွယ်ရေးစခန်းမှ ရေထွက်ပစ္စည်း မက်ထရစ်တန် ၈၂၃ ဒသမ ၄၀ တင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၁ ဒသမ ၁၈ သန်းနှင့် မောင်တောနယ်စပ်ကုန်သွယ်ရေးစခန်းမှ မက်ထရစ်တန်ချိန် ၅၃၀၉ တင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၆ ဒသမ ၆၀၅ သန်းရရှိခဲ့ပြီး နယ်စပ်ဂိတ်နှစ်ခု တင်ပို့မှုမှ အမေရိကန် ဒေါ်လာ ၇ ဒသမ ၇၈၅ သန်း ရရှိထားခြင်း ဖြစ်သည်။

ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့မှ ထွက်ရှိသော ရေထွက်ကုန်တို့တွင် ငါးမြစ်ချင်းကို ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ အဓိကပို့ကုန်အဖြစ် တင်ပို့လျက်ရှိပြီး အခြားရေထွက်ကုန်များဖြစ်သည့် ငါးနီတူခြောက်၊ ငါးမှုံမဲ၊ ငါးခုံးငိုခြောက်၊ ငါးစလူးခြောက် စသည့်ရေထွက်ပစ္စည်းများကိုလည်း တင်ပို့လျက်ရှိသည်။

ရန်ကုန်မြို့မှ ရခိုင်ပြည်နယ် စစ်တွေသို့ ငါးမြစ်ချင်းများကို သင်္ဘောဖြင့် တင်ပို့သည့်နည်းတူ ကုန်းလမ်းကြောင်းမှလည်း တင်ပို့လျက်ရှိပြီး မိုးရာသီ၌ တစ်လလျှင် ယာဉ်အစီးရေ ၁၀၀ မှ ၁၅၀ အကြား ကုန်စည်စီးဆင်းလျက်ရှိရာ ဧပြီလမှ ဩဂုတ်လကုန်အထိ ပို့ကုန်တန်ချိန် ၆၀၀၀ ကျော် တင်ပို့နိုင်ခဲ့ကြောင်း သိရသည်။

ပြီးခဲ့သည့် ဘဏ္ဍာနှစ် (မီနီဘတ်ဂျက်)တွင် တစ်လလျှင် ရေထွက်ကုန် ပို့ကုန်တန်ချိန် ၁၅၀၀ မှ ၁၇၀၀ အထိ တင်ပို့နိုင်ခဲ့ပြီး (၂၀၂၂/၂၀၂၃) ဘဏ္ဍာနှစ်၌ တစ်လလျှင် ရေထွက်ကုန်တန်ချိန် ၁၂၀၀ ခန့်သာ တင်ပို့နိုင်ခဲ့၍ ပို့ကုန်အနည်းငယ် လျော့ကျခဲ့သည်။

ဝယ်လိုအားရှိသော မြန်မာ့ရေချိုငါးမြစ်ချင်းကို ခရီးဝေးမှ တင်ပို့ခြင်းထက် ကုန်ကျစရိတ်သက်သာပြီး ရေထွက်ကုန်အရည်အသွေးကို ထိန်းချုပ်၍ တန်ဖိုးမြင့်ပို့ကုန်အဖြစ် တင်ပို့နိုင်ရန် ရေချိုငါးမြစ်ချင်းကို ရခိုင်ပြည်နယ်၌ ငါးလုပ်ငန်းဦးစီးဌာန၏ ပံ့ပိုးကူညီမှုဖြင့် ယခုနှစ်ဝက်ကာလ၌ လုပ်ငန်းရှင်အချို့ စတင်မွေးမြူလျက်ရှိရာ ၂၀၂၃ ခုနှစ်တွင် အိမ်နီးချင်းနိုင်ငံသို့ စတင်တင်ပို့နိုင်မည်ဖြစ်သည်။

“ဒီနှစ်မှာ ငါးမြစ်ချင်း သားပေါက်စထည့်ထားပြီဆိုတော့ လာမယ့်နှစ်ဆိုရင် ဖော်လို့ရပါပြီ။ အရင်ကတည်းက ရေချိုငါးမြစ်ချင်း မွေးမြူမယ်ဆိုရင် ဒီဒေသရဲ့ ပြည်ပပို့ကုန်တစ်ခုအဖြစ် မွေးမြူရေးတောင်သူတွေ ဝင်ငွေပိုမိုရရှိစေခဲ့မှာပါ။ နိုင်ငံ့စီးပွားမြှင့်တင်ရေးကဏ္ဍမှာ ရခိုင်ပြည်နယ်ရဲ့ ပို့ကုန်တန်ဖိုးမြှင့်တင်နိုင်ဖို့ ပြည်နယ်အစိုးရအနေနဲ့ အစွမ်းကုန်ဆောင်ရွက်ပေးနေတာကြောင့် ပြည်နယ်အတွက် အကျိုးဖြစ်ထွန်းမှုကို တွေ့မြင်ရမှာပါ” ဟု ရခိုင်ပြည်နယ်ငါးလုပ်ငန်းဦးစီးဌာနမှ ဦးစီးမှူး ဦးသက်ဦးက ပြောသည်။

မြန်မာနိုင်ငံရှိ နယ်စပ်ကုန်သွယ်ရေးစခန်းများတွင် ဘင်္ဂလားဒေ့ရှ် နယ်စပ်ကုန်သွယ်ရေးသည် သွင်းကုန်နည်းပြီး ပို့ကုန်အသာစီးရရှိသော နယ်စပ်ဂိတ်တစ်ခုဖြစ်ပြီး ရေချိုထွက်ကုန်ဝယ်လိုအားရှိ၍ ပြည်တွင်းရေချိုငါးမွေးတောင်သူများနှင့် လုပ်ငန်းရှင်များအတွက် အခွင့်အလမ်းများစွာ ရရှိထားသည်။ တစ်ချိန်တွင် ရေထွက်ကုန် တိုးမြှင့်တင်ပို့ရာ တံခါးပေါက်ကြီး တစ်ခုအဖြစ် မွေးမြူရေးကဏ္ဍသာမက စိုက်ပျိုးရေးထွက်ကုန်များ တင်ပို့သော နိုင်ငံခြားဝင်ငွေ ပိုမိုရရှိသည့် နယ်စပ်ဂိတ်တစ်ခုအဖြစ် ရပ်တည်လာနိုင်ဖွယ်ရှိသည်။

**ညိမ်းသူ(သတင်းစဉ်)၊ဓာတ်ပုံ-ကနူး**

ရန်ကုန်မှ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ တင်ပို့မည့် ရေချိုငါးမြစ်ချင်းများကို တွေ့ရစဉ်။



○ *ကျောဖုံးမှ*

အားကစားကွင်း၌ ဒုတိယအကြိုဗိုလ်လုပွဲ ပွဲစဉ်အဖြစ် ကာကွယ်ရေးဝန်ကြီးဌာနအသင်းနှင့် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေး ဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ကြရာ ကာကွယ်ရေးဝန်ကြီးဌာနအသင်းက ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနအသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် ယှဉ်ပြိုင်အနိုင်ရရှိခဲ့သည်။

စက်တင်ဘာ ၁ ရက် ညနေ ၃ နာရီတွင် ဝဏ္ဏသိဒ္ဓိဘောလုံးအားကစားကွင်း၌ တတိယလုပွဲ ပွဲစဉ်အဖြစ် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနအသင်းနှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနအသင်း၊ စက်တင်ဘာ ၂ ရက်တွင် ဗိုလ်လုပွဲ ပွဲစဉ်အဖြစ် ပြည်ထဲရေးဝန်ကြီးဌာနအသင်းနှင့် ကာကွယ်ရေးဝန်ကြီးဌာနအသင်းတို့ ဆက်လက်ယှဉ်ပြိုင်ကစားသွားကြမည်ဖြစ်ရာ ဘောလုံးအားကစားနည်းကို စိတ်ပါဝင်စားသည့် မည်သူမဆို အခမဲ့လာရောက်ကြည့်ရှုအားပေးနိုင်ကြောင်း သိရသည်။

**အားကာမောင်**

# စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင်များအား တွေ့ဆုံ၊ စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်

**နေပြည်တော် ဩဂုတ် ၃၀**

ရှမ်းပြည်နယ်တောင်ပိုင်း လွိုင်လင်မြို့ရှိ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များအား နယ်မြေခံတပ်နယ်ခန်းမ၌လည်းကောင်း၊ ရောဝတီတိုင်းဒေသကြီး မြို့နယ် ၂၆ မြို့နယ်မှ မြို့နယ်စစ်မှုထမ်းဟောင်းအလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ ပုသိမ်မြို့ရှိ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင်များကို အနောက်တောင်တိုင်းစစ်ဌာနချုပ် ရောဝတီခန်းမ၌လည်းကောင်း သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်အသီးသီးရှိ တိုင်းမှူးများနှင့် တာဝန်ရှိသူများက ယနေ့တွင် တွေ့ဆုံအားပေးစကားပြောကြားပြီး စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးကာ စားသောက်ဖွယ်ရာများ ပေးအပ်သည်။

ထို့နောက် တိုင်းမှူးများနှင့် အဖွဲ့ဝင်များသည် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင်များအား နယ်မြေခံဆေးတပ်ဖွဲ့ဝင်များက ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးနေမှုနှင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်နေမှုကို လိုက်လံကြည့်ရှုခဲ့ပြီး ရင်းရင်းနှီးနှီးအားပေးစကားပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



## လူကုန်ကူးမှုစိစစ်ဖော်ထုတ်ခြင်း ရက်တိုသင်တန်းဖွင့်

**လွယ်ဂျယ် ဩဂုတ် ၃၀**

ရပ်ရွာအခြေပြု လူကုန်ကူးမှုစိစစ်ဖော်ထုတ်ရေးအဖွဲ့အား လူကုန်ကူးမှုစိစစ်ဖော်ထုတ်ခြင်း ရက်တိုသင်တန်းဖွင့်ပွဲအခမ်းအနားကို ယမန်နေ့က ကချင်ပြည်နယ် လွယ်ဂျယ်မြို့ နှစ်နိုင်ငံ နယ်စပ်ဆက်ဆံရေးအရာရှိရုံး၌ ကျင်းပသည်။

ဖွင့်ပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးယဉ်မင်းထွန်းက သင်တန်းဖွင့်အမှာစကားပြောကြားပြီး အမှတ်(၂) လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့စိတ် လွယ်ဂျယ်မှ တပ်ဖွဲ့စိတ်မှ ဒုရဲမှူး အောင်လှိုင်က သင်တန်းဖွင့်လှစ်ရခြင်းရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။ အဆိုပါသင်တန်းဖွင့်ပွဲသို့ နယ်မြေခံတပ်ရင်းမှူး၊ နယ်မြေရဲစခန်းမှူးနှင့် ဌာနဆိုင်ရာများ၊ သင်တန်းသား သင်တန်းသူ စုစုပေါင်း ၃၅ ဦး တက်ရောက်ကြသည်။

**လွယ်ဂျယ်(ပြန်/ဆက်)**



## တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများနှင့် စေတနာရှင်ပြည်သူများက ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ်လေးမျိုး၊ နေ့ဆွမ်းများနှင့် နဝကမ္မအလှူငွေများ ဆက်ကပ်လှူဒါန်း

**နေပြည်တော် ဩဂုတ် ၃၀**

တပ်မတော် (ကြည်း၊ ရေ၊ လေ) အရာရှိ၊ စစ်သည်၊ အရာထမ်း၊ အမှုထမ်းများနှင့် စေတနာရှင် အလှူရှင်များက မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများ၊ သာသနာ့နွယ်ဝင် သီလရှင်ကျောင်းများ၊ ဘာသာရေးကျောင်းများနှင့် ဘိုးဘွားရိပ်သာများသို့ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ်လေးမျိုးနှင့် လှူဖွယ်ပစ္စည်းများ လှူဒါန်းခြင်း၊ နေ့ဆွမ်းများ ဆက်ကပ်လှူဒါန်းခြင်းနှင့် လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများကို ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရှမ်းပြည်နယ်တောင်ပိုင်း လွိုင်လင်မြို့ရှိ သာသနဝိပုလပရိယတ္တိ စာသင်တိုက် ဓာတ်တော်ကျောင်း၊ ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ် အမှတ် (၁၃) ရပ်ကွက်ရှိ ဇေယျာမင်္ဂလာ ကျောင်းတိုက်၊ လှည်းကူးမြို့နယ် မြေနီကုန်း ကျေးရွာရှိ သာသနာ့မဏ္ဍိုင် ကျောင်းတိုက်၊ ဒလမြို့နယ် တာကြီးရပ်ကွက်ရှိ ပုညာရာမ ကျောင်းတိုက်၊ ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့ရှိ မစိုးရိမ်ကျောင်းတိုက်၊ ရခိုင်ပြည်နယ် စစ်တွေမြို့ရှိ သုဝဏ္ဏဘူမိတပ်ဦးကျောင်း၊ အမ်းမြို့နယ်ရှိ ဒိုင်ကြီးကျေးရွာဘုန်းတော်ကြီးကျောင်း၊ ဘူးသီးတောင်မြို့နယ်ရှိ အောင်မြေရတနာ ဘုန်းတော်ကြီးကျောင်း၊ ပုပ္ပါးရုံဘုန်းတော်ကြီးကျောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး လဟယ်မြို့ရှိ ထေရဝါဒဗုဒ္ဓသာသနာပြု သီလရှင်ကျောင်း၊ မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ်ရှိ မြိုင်ကြီးကျေးရွာ ဘုန်းတော်ကြီးကျောင်း၊ ပတ္တမြားဘုန်းတော်ကြီးကျောင်း၊ စမတောင်ကျောင်းတိုက်၊ သုံးတောင်ကျေးရွာရှိ အောင်ဘုံသုခတောရဓမ္မရိပ်သာ၊ ကျွဲနွားထောက်ကျေးရွာရှိ မိုးကုတ်ပရိယတ္တိ သီလရှင်စာသင်တိုက်၊ မိုင်းလုံးကျေးရွာ ဘုန်းတော်ကြီးကျောင်း၊ ကျောက်ပန်းတောင်းမြို့ရှိ နွယ်ရိုးတောရဓမ္မရိပ်သာ၊ မြတ်ရွှေဂူစာသင်တိုက်၊ သပြေရိုးကျေးရွာ ဘုန်းတော်ကြီးကျောင်းတို့မှ သံဃာတော်များနှင့် သာသနာ့နွယ်ဝင် သီလရှင်များအား ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ်လေးမျိုး၊ နဝကမ္မအလှူငွေများ၊ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး အထောက်အကူပြုပစ္စည်းများ၊ နေ့ဆွမ်းများနှင့် လှူဖွယ်ပစ္စည်းများကို တိုင်းစစ်ဌာနချုပ်အသီးသီးမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ဆက်ကပ် လှူဒါန်းခဲ့ကြပြီး နယ်မြေခံဆေးအဖွဲ့များက လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးခဲ့ကြသည်။

ထို့ပြင် မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့ ရေငယ်ကျေးရွာရှိ ချယ်ရီမြေဘိုးဘွားရိပ်သာနှင့် မြင်းခြံမြို့ အမှတ်(၂၀) ရပ်ကွက်တို့ရှိ ဘိုးဘွားရိပ်သာများမှ အဘိုး၊ အဘွားများအား သက်ဆိုင်ရာ တပ်နယ်အသီးသီးမှ နယ်မြေခံတပ်မတော်သားများက အလှူငွေများနှင့် အာဟာရဖြည့်စားသောက်ဖွယ်ရာများ သွားရောက်လှူဒါန်းပြီး နယ်မြေခံဆေးအဖွဲ့များက လိုအပ်သည့် ကျန်းမာရေး စစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

❄ *ကျောဖုံးမှ*

(ခ) ဖျားနာခြင်း၊ ချောင်းဆိုးခြင်း၊ နှာစေးခြင်း၊ လည်ချောင်းနာခြင်းစသည့် ကိုဗစ်-၁၉ ရောဂါ သံသယလက္ခဏာ တစ်ခုခုရှိပါက နီးစပ်ရာ ကျန်းမာရေးဌာနသို့ သတင်းပို့ရန် လိုအပ်ပြီး ပါးစပ်နှင့်နှာခေါင်းစည်း (Mask)တပ်ဆင်ခြင်းကို မဖြစ်မနေဆောင်ရွက်ရန်၊

(ဂ) ရုံးဌာနများသို့ ဖြန့်ဝေထားပြီးဖြစ်သည့် ရုံးဌာနများ၊ လုပ်ငန်းခွင်များအတွက် ထုတ်ပြန်ထားသည့် ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး စည်းမျဉ်းစည်းကမ်းများကို တိကျစွာလိုက်နာရန်၊

(ဃ) ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံထားခြင်းအားဖြင့် ရောဂါကူးစက်ဖြစ်ပွားမှု၊ ရောဂါပြင်းထန်မှုနှင့် သေဆုံးမှုတို့ကို လျှော့ချပေးနိုင်သည်ဖြစ်ရာ အသက် ၅ နှစ်နှင့် အထက်ရှိသူ အားလုံးသည် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို အကြိမ်ပြည့် ထိုးနှံထားရှိရန် လိုအပ်သည့်အပြင် အသက် ၁၈ နှစ်နှင့်အထက် ကာကွယ်ဆေး ထိုးနှံပြီးစီးမှုကာလ ၆ လရှိနေသော ပြည်သူများသည်လည်း ထပ်ဆောင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ ထပ်မံထိုးနှံရန် လိုအပ်ပါသည်။

၃။ သို့ဖြစ်ပါ၍ မိဘပြည်သူများအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး စည်းမျဉ်းစည်းကမ်းများကို တိကျစွာ လိုက်နာခြင်း၊ ပါးစပ်နှင့်နှာခေါင်းစည်း (Mask) ကို စနစ်တကျတပ်ဆင်ခြင်းနှင့် နီးစပ်ရာ ကျန်းမာရေးဌာနများ၊ ကျေးရွာ/ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးများနှင့်ဆက်သွယ်၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှုနှင့် ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံခြင်းတို့ကို မပျက်မကွက် ဆောင်ရွက်ကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**
**၃၀-၈-၂၀၂၂**

❂ *ကျောဖုံးမှ*

၄။ အထက်အပိုဒ် ၂ နှင့် ၃ ပါအတိုင်း ဆောင်ရွက်ရာတွင် AD လိုင်စင်ရဘဏ်သို့ နိုင်ငံခြားငွေဝင်ရောက်သည့်နေ့မှစ၍ အပြီးသတ်ရောင်းချသည်အထိ အချိန်ကာလ စုစုပေါင်းသည် (၂၁) ရက်ထက် ကျော်လွန်ခြင်းမရှိစေရ။

၅။ ဤအမိန့်ကြော်ငြာစာသည် ၂၀၂၂ ခုနှစ်၊ စက်တင်ဘာလ (၁)ရက်နေ့မှစ၍ အကျိုးသက်ရောက်စေရမည်။

**သန်းသန်းဆွေ**
**ဥက္ကဋ္ဌ**

## ပြည်သူ့ကြားက ပြည်သူ့စကား အစီအစဉ် ထုတ်လွှင့်မည်

**နေပြည်တော် ဩဂုတ် ၃၀**

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက်စကားသံများအား သဇင် FM၏ **“ပြည်သူ့ကြားက ပြည်သူ့စကား”** အစီအစဉ်မှ **“PDF အမည်ခံ အကြမ်းဖက်အဖွဲ့များအား အဓိက ငွေကြေးထောက်ပံ့နေသည့် မြန်မာသူရကျောက်မျက်ကုမ္ပဏီပိုင်ရှင် ကျော်သူရ အပါအဝင် တရားခံများအား ဖမ်းဆီးရမိ”** ခေါင်းစဉ်ဖြင့် ဩဂုတ် ၃၁ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်သည်။

လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **“မန္တလေးမြို့၌ စီအိုင်ဒီရဲမှူးဆိုပြီး အရပ်သား ၂ ဦးအား မှားယွင်းသတ်ဖြတ်”** ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ်ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၉၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ကြောင်းနှင့် ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များအား လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် ဩဂုတ် ၃၀**

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားနည်းနေသည်။

**မိုး/ဇလ**

# ပြည်ထောင်စုအတွက် ထာဝစဉ်

မြင့်စိုး(နတလ)

**ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး**

ဒို့မြန်မာနိုင်ငံ တစ်ဝန်းလုံးက x x x
တိုင်းရင်းသားလူငယ်အချင်းချင်း x x x ရင်းနှီးချစ်ကြည်
နယ်စပ်ဒေသ x x x တိုင်းရင်းသားလူငယ်များ
ဖွံ့ဖြိုးရေးသင်တန်းကျောင်းများသည် x x x
လူသားအရင်းအမြစ် ဖွံ့ဖြိုးရေးကို x x x ရည်ရွယ်သည်
တိုင်းရင်းသား ဒို့လူငယ်များ x x x
မျိုးချစ်စိတ် ရှင်သန်နိုးကြားသူများ x x x
ပြည်ထောင်စုစိတ်ဓာတ် ခိုင်မြဲတည်ကြည် x x x
ဒို့မိခင်ကျောင်းက အမှာစကားနှင့်အညီ x x x
ရာသက်ပန်အတူမခွဲ x x x ဥမကွဲသိုက်မပျက်
အေးအတူ ပူအမျှ x x x ပူးပေါင်းနေထိုင် x x x
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖြစ်သည် x x x

နယ်စပ်ရေးရာဝန်ကြီးဌာနအောက်ရှိ နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေး သင်တန်းကျောင်းများသို့ ရည်ညွှန်းစပ်ဆိုထားသော "ပြည်ထောင်စုအတွက် ထာဝစဉ်" တေးသီးချင်း၏ ပထမအပိုဒ် ဖြစ်ပါသည်။ တေးရေး ဂီတစာဆို အလင်္ကာကျော်စွာ ဟင်္သာတ ဦးမြင့်ငွေ၏ လက်ရာ၊ လွန်ခဲ့သည့် ၁၇ နှစ်လောက်ကတည်းက ရေးစပ်သီကုံးပေးထားခြင်းဖြစ်၏။ ရာသက်ပန် အတူမခွဲ x x x ဥမကွဲ သိုက်မပျက် x x x အေးအတူပူအမျှ x x x ပူးပေါင်းနေထိုင်... တဲ့။

မည်မျှလှပ သေသပ်၍ ရသအလင်္ကာမြောက်လိုက်ပါသလဲ၊ ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ခိုင်မာရေးအတွက် အားဖြစ်လိုက်ပါသလဲ၊ လူငယ်သင်တန်းကျောင်းများသို့ ရောက်ဖူးသူတိုင်း၊ ထိုသီချင်းဆိုသံကို ကြားဖူးသူတိုင်း ကျွန်တော်ကဲ့သို့ပင် ကောက်ချက်ချမည်မှာ မလွဲပေ။

**သီချင်းလေး၏ ရာဇဝင်**

လွန်ခဲ့သော ငါးနှစ်က ကျွန်တော်သည် နယ်စပ်ရေးရာဝန်ကြီးဌာန၊ နတလဦးစီးဌာနတွင် တာဝန်ထမ်းဆောင်နေဆဲ အချိန်ကာလဖြစ်သည်။ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင်၏ တာဝန်ပေးချက်အရ ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန၊ လူငယ်သင်တန်းကျောင်းများအတွက် စပ်ဆိုထားသော အထက်ဖော်ပြပါ "ပြည်ထောင်စုအတွက် ထာဝစဉ်" သီချင်းကို သင့်တော်ရာအရုပ်များဖြင့် Editing လုပ်ပေးခွင့်ရခဲ့သည်။ ဤနေရာမှာ ကျွန်တော် တစ်ချက်စဉ်းစားမိသည်က မူလတေးသီချင်းတွင် ပါရှိသော ပြည်ထောင်စုမြန်မာနိုင်ငံတော် ဖြစ်သည် x x x ဆိုသည့် တေးစာသား။ ဖွဲ့စည်းပုံအခြေခံဥပဒေအရ လွှတ်တော်အသီးသီးနှင့် ရွေးချယ်တင်မြှောက်ထားသော သမ္မတလည်းရှိနေပြီ ဖြစ်သောကြောင့်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖြစ်သည် x x x လို့ ပြင်သင့်ကြောင်း တွေးမိခြင်း ဖြစ်၏။ ကျွန်တော်က ဧရာဝတီတိုင်းဒေသကြီး လေးမျက်နှာသား၊ ဆရာကလည်း ဟင်္သာတအမည်ယူထားသော်ငြား လေးမျက်နှာမြို့နယ် အိုင်သပြုဇာတိဖွား၊ ဘာမှ အားနာစရာမရှိ၊ ဆရာ့ဇနီး အစ်မတက္ကသိုလ်ချိုလတ် အပါအဝင် မိသားစုနှင့်လည်း ရင်းနှီးနေ၍ ဆရာရေ ဒီလိုလေးတော့ ပြင်ချင်ပါတယ်ခင်ဗျာဟု သွား၍ အပူကပ်ခဲ့ပါသည်။

မူလတေးသံရှင်များကတော့ မည်သူတွေလဲ မမေးမိခဲ့ပါ။ သီချင်းအသစ်ကိုမူ ဆရာက လူငယ်တေးသံရှင်များဖြစ်သည့် ဝိုင်းလမင်းအောင်၊ မင်းခန့်ဘုန်း၊ စွမ်းထက်၊ မေသက်ထားဆွေ၊ ခင်လပြည့်ဝန်း တို့နှင့် အသစ်ပြန်လည် သွင်းပေးခဲ့သည်။ အသံ နည်းနည်းမာအောင်ဟုဆိုကာ တေးသံရှင် ယုဇန၊ မို့မို့ဇော်ဝင်းတို့ကိုပါ အားဖြည့်သီဆိုစေခဲ့ပါသည်။ ရခဲ့ပါပြီ ပြည်ထောင်စုအတွက် ထာဝစဉ်သီချင်းအသစ်၊



သင့်တော်ရာအရုပ်များနှင့် Edit လုပ်ရန်အတွက် နယ်စပ်ရေးရာဝန်ကြီးဌာနအောက်ရှိ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်၊ ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်၊ ဗဟိုလေ့ကျင့်ရေးသင်တန်းကျောင်း၊ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်း ၄၄ ကျောင်း (ယခု ၄၅ ကျောင်း ရှိနေပေပြီ) တို့မှ ပေးပို့လာသော VCD အချပ်ပေါင်းများစွာကို အိမ်သို့ယူ၍ ကြည့်ရပါတော့သည်။ ၁၀ စက္ကန့်စာ အားရှိသော အရုပ်ကောင်းကောင်းလေးရဖို့ အတွက် ၁ နာရီခန့် ကြာမြင့်သည့် VCD ကို မပျင်းမရိ ထိုင်ကြည့်ခဲ့ရဖူးသည်။ သီချင်းကြာမြင့်ချိန်က ငါးမိနစ်မျှသာ။ စုစုပေါင်းအရုပ် ၁၄၅ ကတ်ဖြင့် ကျွန်တော်ရန်ကုန်က ဆိုင်တစ်ဆိုင်မှာ Editing လုပ်ပေးခဲ့ပါသည်။

**လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး**

နယ်စပ်ဒေသများတွင် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် နယ်စပ်ရေးရာဝန်ကြီးဌာနက ဆောင်ရွက်ပေးနေသော ကဏ္ဍ ၃ ရပ်ရှိပါသည်။ ၎င်းတို့မှာ အဆင့်မြင့် ပညာရပ်များ သင်ကြားပေးခြင်း၊ အခြေခံပညာရပ်များ သင်ကြားပေးခြင်း၊ အသက်မွေးဝမ်းကျောင်းပညာရပ်များ သင်ကြားပေးခြင်းတို့ ဖြစ်ပါသည်။ အဆင့်မြင့်ပညာသင်ကြားခြင်းကဏ္ဍ၌ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်သည် မဟာပညာရေးဘွဲ့ နှစ်နှစ်သင်တန်း ၁၃၁ ဦး၊ မဟာဒဿနပညာရေးဘွဲ့ တစ်နှစ်သင်တန်း ၃၅ ဦး၊ ပညာရေးဘွဲ့ ငါးနှစ်သင်တန်း ၄၄၈၁ ဦးတို့ကို မွေးထုတ်ပေးနေသည့်အပြင် ရှေးယခင်ကာလ နိုင်ငံတော်၏ လိုအပ်ချက်အရ ဆရာအတတ်ပညာဒီပလိုမာ တစ်နှစ်သင်တန်း ၉၃၂ ဦး၊ အလယ်တန်း ဆရာအတတ် တစ်နှစ်သင်တန်း ၉၅၆ ဦး၊ မူလတန်းဆရာအတတ် သုံးနှစ်သင်တန်း ၇၁၆၂ ဦး၊ အထူးမူလတန်းဆရာအတတ် တစ်နှစ်သင်တန်း ၄၆၁ ဦး မွေးထုတ်ပေးခဲ့ပြီး ဖြစ်သည်။ ပြည်ထောင်စုတိုင်းရင်းသား လူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ် (စစ်ကိုင်းနှင့် ရန်ကုန်) များမှလည်း ဝိဇ္ဇာဘွဲ့ ၉၆၅ ဦး၊ သိပ္ပံဘွဲ့ ၂၀၆၃ ဦး၊ A.G.T.I ဒီပလိုမာ ၁၃၉၆ ဦး၊ B.Tech ၂၇၄ ဦး စုစုပေါင်း ဘွဲ့ရကျောင်းသားကျောင်းသူ ၄၆၉၈ ဦး မွေးထုတ်ပေးနိုင်ခဲ့ပြီး ၎င်းတို့ထဲမှ အဆင့်မီသူများက မဟာဝိဇ္ဇာဘွဲ့ ၁၄၉ ဦး၊ မဟာသိပ္ပံဘွဲ့ ၃၂၇ ဦး၊ မဟာသုတေသနဘွဲ့ ၈၂ ဦး၊ ပါရဂူဘွဲ့ ၃၃ ဦး၊ အင်ဂျင်နီယာဘွဲ့ ၈၁၂ ဦး၊ မဟာအင်ဂျင်နီယာဘွဲ့ ၃၇ ဦး တက်ရောက်အောင်မြင်ခဲ့ကြသည်။ အသက်မွေးဝမ်းကျောင်းပညာရပ်များ လေ့ကျင့်သင်ကြားပေးနိုင်ရန် နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ စက်မှုလက်မှုပညာသင်တန်းကျောင်း ကိုးကျောင်းကို ဖွင့်လှစ်ထားပြီး လက်သမား၊ ပန်းရန်၊ သံချည်သံကွေး၊ အိမ်ပုံစံများ ရေးဆွဲခြင်း၊ အခြေခံစက်ပြင်၊ အခြေခံယာဉ်ပြင်၊ အခြေခံလေအေးပေးစက်ပြင်၊ အခြေခံ လျှပ်စစ်ဂဟေဆက်သင်တန်းများကို သင်ကြားပေးလျက်ရှိသည်။ အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်တန်းကျောင်းများကိုလည်း ၄၆ ကျောင်း ဖွင့်လှစ်ထားပြီး အခြေခံအိမ်တွင်းမှု၊ အဆင့်မြင့်စက်ချုပ်၊ သိုးမွှေးစက်ဆွဲ၊ အခြေခံရက်ကန်း၊ ကနုကမာကျောက်စီ၊ ကြိမ်နှင့်ဝါး လက်မှုပညာ၊ ဟင်းလျာချက်ပြုတ်နည်း၊ ခေတ်မီမော်တာ အထည်ချုပ်စက်သင်တန်းများ သင်ကြားပေးနေသည့်အပြင် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနနှင့် ပူးပေါင်းကာ ဟိုတယ်ဝန်ဆောင်မှု သင်တန်းများကိုလည်း စာတွေ့လက်တွေ့ သင်ကြားပို့ချပေးခဲ့ပါသည်။

**ကျွန်တော်နှင့် မြစ်ကြီးနား လူငယ်သင်တန်းကျောင်း**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနမှာ တာဝန်ထမ်းဆောင်ခွင့်ရသဖြင့် ပြည်နယ်နှင့် တိုင်းဒေသကြီး တော်တော်များများရှိ သမဝါယမဦးစီးဌာန၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာနနှင့် မကြာမီကမှ ကျွန်တော်တို့ဆီ ပြန်လည်သွတ်သွင်းဖွဲ့စည်းခွင့်ရခဲ့သော ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနများ၏ လုပ်ငန်းဆိုင်ရာများကို လိုက်လံကွင်းဆင်း ညှိနှိုင်းဆောင်ရွက်ခဲ့ရသည်။ အချို့ မြို့ရွာဒေသများတွင် ယခင်တာဝန်ထမ်းဆောင်ခဲ့သည့် နယ်စပ်ရေးရာဝန်ကြီးဌာနအောက်က နတလရုံးများ၊ အိမ်တွင်းမှု၊ လူငယ်သင်တန်းကျောင်းများ ရှိနေပါသည်။ အချိန်မရ၍ ဝင်ရောက်တွေ့ဆုံ နှုတ်ဆက်ခြင်း မပြုနိုင်ခဲ့ပါ။ မှတ်မှတ်ရရ စစ်ကိုင်းတိုင်းဒေသကြီးခရီးစဉ်တွင် သမဝါယမနှင့် စီမံခန့်ခွဲမှုပညာတက္ကသိုလ် (စစ်ကိုင်း) သို့ ဝင်ရောက်ပြီး လိုအပ်သည်များ ညှိနှိုင်းမှာကြား ဖြည့်ဆည်းဆောင်ရွက်ပေးပြီးနောက် ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ် (စစ်ကိုင်း) သို့ ရောက်အောင်သွား၍ ကျောင်းအုပ်ကြီးနှင့် ဆရာ ဆရာမများကို နှုတ်ဆက်ခဲ့သည်။ ထိုဒီဂရီကောလိပ်၌ တက်ရောက်သင်ကြားနေသော မြစ်ဝကျွန်းပေါ်ဒေသက ကလေးများကို တွေ့ဆုံခဲ့သည်။

ထိုနည်းတူစွာပင် ပြီးခဲ့သည့် ဩဂုတ်လ ၃ ရက်နေ့ ကချင်ပြည်နယ်ခရီးစဉ်တွင် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၏ လုပ်ငန်းများကို လိုက်လံကြည့်ရှု ဆောင်ရွက်ပြီးနောက် မြစ်ကြီးနားမြို့ရှိ အမှတ် ၂ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်းသို့ သွားရောက်၍ သင်တန်းသူလေးများနှင့် တွေ့ဆုံကာ တက္ကသိုလ်ဝင်စာမေးပွဲ (စနစ်ဟောင်း) ဖြေဆိုမည့် ကျောင်းသူ ရှစ်ဦးအား စာမေးပွဲအောင်မြင်အောင် ဖြေဆိုကြရန်နှင့် ဂုဏ်ထူးထွက်လျှင် တစ်ဘာသာ တစ်သိန်း ဆုချမည်ဖြစ်ကြောင်း တိုက်တွန်းမှာကြားခဲ့ပါသည်။ ယောကျ်ားလေးကျောင်းဖြစ်သည့် အမှတ် ၁ လူငယ်သင်တန်းကျောင်းကိုမူ မဝင်ဖြစ်ခဲ့ပါ။

**ကျွန်တော်နှင့် ကျိုင်းတုံလူငယ်သင်တန်းကျောင်း**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျိုင်းတုံမြို့ရှိ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်းသည် အစောဆုံးဖွင့်လှစ်ခဲ့သော ကျောင်းများထဲတွင် ပါဝင်ခဲ့ပါသည်။ မှတ်သားထားမိသမျှ ပြန်လည်တင်ပြရလျှင် ၁၉၈၉ ခုနှစ်၌

*စာမျက်နှာ ၁၁ သို့*

**❛အသက်မွေးဝမ်းကျောင်းပညာရပ်များ လေ့ကျင့်သင်ကြားပေးနိုင်ရန် နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ စက်မှုလက်မှုပညာသင်တန်းကျောင်း ကိုးကျောင်းကို ဖွင့်လှစ်ထားပြီး လက်သမား၊ ပန်းရန်၊ သံချည်သံကွေး၊ အိမ်ပုံစံများ ရေးဆွဲခြင်း၊ အခြေခံစက်ပြင်၊ အခြေခံယာဉ်ပြင်၊ အခြေခံလေအေးပေးစက်ပြင်၊ အခြေခံ လျှပ်စစ်ဂဟေဆက်သင်တန်းများကို သင်ကြားပေးလျက်ရှိသည်။ အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်တန်းကျောင်းများကိုလည်း ၄၆ ကျောင်း ဖွင့်လှစ်ထားပြီး အခြေခံအိမ်တွင်းမှု၊ အဆင့်မြင့်စက်ချုပ်၊ သိုးမွှေးစက်ဆွဲ၊ အခြေခံရက်ကန်း၊ ကနုကမာ ကျောက်စီ၊ ကြိမ်နှင့်ဝါး လက်မှုပညာ၊ ဟင်းလျာချက်ပြုတ်နည်း၊ ခေတ်မီမော်တာ အထည်ချုပ်စက်သင်တန်းများ သင်ကြားပေးနေသည့်အပြင် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနနှင့် ပူးပေါင်းကာ ဟိုတယ်ဝန်ဆောင်မှု သင်တန်းများကိုလည်း စာတွေ့လက်တွေ့ သင်ကြားပို့ချပေးခဲ့ပါသည်❜**

# ဇေယျာသီရိမြို့နယ်အတွင်းရှိ အသေးစားမျှစ်ချဉ်လုပ်ငန်းလုပ်ကိုင်သူများ ကုန်ကြမ်းမှ ကုန်ချောထုတ်လုပ်ရောင်းချနိုင်

ဇေယျာသီရိ ဩဂုတ် ၃၀

**နေပြည်တော်ကောင်စီအဖွဲ့ဝင် ဦးဇေယျာလင်းသည် နေပြည်တော်အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ တိုင်းဒေသကြီးဦးစီးမှူး ဒေါ်မိုးမိုးအေး၊ နေပြည်တော်စားသုံးသူရေးရာဦးစီးဌာန ဒုတိယတိုင်းဦးစီးမှူး ဦးခင်မောင်ဆွေ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများသည် ဇေယျာသီရိမြို့နယ်အတွင်းရှိ အသေးစား မျှစ်ချဉ်လုပ်ငန်း လုပ်ကိုင်သူများနှင့် တွေ့ဆုံပွဲကို ယနေ့မွန်းလွဲပိုင်းက ခေတ်အေးကျေးရွာအုပ်စု တဲကုန်း ကျေးရွာရှိ မျှစ်ချဉ်လုပ်ငန်းရှင် ဦးခင်မောင်ဝင်း၏ နေအိမ်၌ တွေ့ဆုံသည်။**

တွေ့ဆုံပွဲတွင် နေပြည်တော်ကောင်စီအဖွဲ့ဝင်က မိမိအနေဖြင့် ဒေသခံလုပ်ငန်းရှင်များဖွံ့ဖြိုးတိုးတက်ရန် လာရောက်တွေ့ဆုံခြင်းဖြစ်ကြောင်း၊ မျှစ်ချဉ်ထုတ်လုပ်မှုလုပ်ငန်းတွင် ကုန်ကြမ်းမှ ကုန်ချောထုတ်လုပ်ရောင်းချနိုင်ပြီး ဒေသခံလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း၊ မျှစ်/ဝါးထုတ်လုပ်မှုမှ ဝင်ငွေရရှိပြီး တစ်ဦးချင်းဝင်ငွေမှ မိသားစုဝင်ငွေတိုးပွားလာမည်ဖြစ်ကြောင်း၊ ယခုတွေ့ဆုံပွဲသို့ တက်ရောက်လာသည့် လုပ်ငန်းရှင်များအနေဖြင့်လည်း လုပ်ငန်းလိုအပ်ချက်များကို ပွင့်ပွင့်လင်းလင်း တင်ပြတောင်းခံစေလိုကြောင်း၊ လုပ်ငန်းရှင်များအနေဖြင့် တင်ပြတောင်းခံနိုင်မှသာ မိမိအနေဖြင့် သက်ဆိုင်သည့် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ချိတ်ဆက်ပြီး လိုအပ်သည်များ ဖြည့်ဆည်းပေးနိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် တက်ရောက်လာသည့် ခေတ်အေးကျေးရွာအုပ်စုမှ မျှစ်ချဉ်လုပ်ငန်းရှင်များက ကုန်ကြမ်းမှ ကုန်ချောထုတ်လုပ်နိုင်ရေး နည်းပညာလိုအပ်ချက်များ၊ ဈေးကွက်ရှာဖွေရေးအခြေအနေများ၊ ဝါးမှ လက်မှုပစ္စည်းများနှင့် စားသောက်ကုန်တိုးချဲ့ထုတ်လုပ်နိုင်ရေးအခြေအနေများကို တင်ပြရာ နေပြည်တော်ကောင်စီအဖွဲ့ဝင်က ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။ ယင်းနောက် နေပြည်တော်ကောင်စီအဖွဲ့ဝင်နှင့် တာဝန်ရှိသူများက မျှစ်ချဉ်လုပ်ငန်းလုပ်ကိုင်နေမှုအဆင့်ဆင့်ကို လှည့်လည်ကြည့်ရှုခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



နေပြည်တော်ကောင်စီအဖွဲ့ဝင် ဦးဇေယျာလင်း ဇေယျာသီရိမြို့နယ် ခေတ်အေးကျေးရွာအုပ်စု တဲကုန်းကျေးရွာရှိ မျှစ်ချဉ်လုပ်ငန်းရှင် ဦးခင်မောင်ဝင်း၏ နေအိမ်၌ ပြုလုပ်ထားသော မျှစ်ချဉ်လုပ်ငန်းကို ကြည့်ရှုစဉ်။

# ကျောက်မဲမြို့နယ်၌ ရက်ကန်းနှင့်အသက်မွေးပညာသင်တန်းကျောင်း၌ အခြေခံစက်ချုပ်သင်တန်းဆင်း

**ကျောက်မဲ ဩဂုတ် ၃၀**

ရှမ်းပြည်နယ်မြောက်ပိုင်း ကျောက်မဲမြို့နယ် ရက်ကန်းနှင့် အသက်မွေးပညာသင်တန်းကျောင်း၌ အခြေခံစက်ချုပ် သင်တန်းဆင်းပွဲကို ယနေ့နံနက်ပိုင်းက ကျင်းပခဲ့ကြောင်း သိရသည်။

သင်တန်းဆင်းပွဲတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင် ဦးသန့်ဇော်ဝင်းက သင်တန်းဆင်း အမှာစကားပြောကြားခဲ့ပြီး မြို့နယ် ရက်ကန်းနှင့် အသက်မွေးပညာသင်တန်းကျောင်းမှ ကျောင်းအုပ် ဒေါ်ချိုဝင်းလှိုင်က သင်တန်းသူများအား သင်တန်းဆင်းလက်မှတ်များပေးအပ်ချီးမြှင့်ခြင်း၊ သင်တန်းသူများ ချုပ်လုပ်ခဲ့သည့် ကုန်ချောအထည်များကို သင်တန်းသူများအား ပေးအပ်ခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။



နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူဖြစ်စေ၍ ကျွမ်းကျင်သောစက်ချုပ်သမားလူငယ်၊ လူရွယ်များ ပေါ်ထွန်းလာစေရန်၊ အလုပ်အကိုင် အခွင့်အလမ်း တိုးတက်လာစေရန်နှင့် မိသားစုဝင်ငွေ တိုးတက်လာစေရန်၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးအတွက် အထောက်အကူပြုစေရန်၊ မိမိတို့အသိဉာဏ်ဖြင့် ပုံစံအမျိုးမျိုးဖော်ထုတ်၍ အထည်ဒီဇိုင်းမျိုးစုံ ထုတ်လုပ်နိုင်စေရန်၊ အသေးစား စက်မှုလက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရန် ရည်ရွယ်၍ အဆိုပါ အခြေခံစက်ချုပ်သင်တန်းကို အခမဲ့ တစ်လတာ ဖွင့်လှစ်သင်ကြားပေးခြင်း ဖြစ်ကြောင်း၊ သင်တန်းမှ ကလေးဝတ်၊ လူကြီးဝတ် အမျိုးမျိုး ချုပ်လုပ်နည်းများကို သင်ကြားပို့ချခဲ့ကြောင်း၊ သင်တန်းသို့ မြို့ပေါ်ရပ်ကွက်များနှင့် ကျေးရွာများမှ အမျိုးသမီး ၂၀ တက်ရောက်သင်ကြားခဲ့ကြောင်း သိရသည်။

မိုင်းထွန်း (ပြန်/ဆက်)

## ကျောက်တံခါး ရေလှောင်တမံဆည်ရေဖြင့် မျိုးစေ့ထုတ်စပါးစိုက်ကွက်များ ကွင်းဆင်းဆောင်ရွက်

**နတ်မောက် ဩဂုတ် ၃၀**

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ် ကျောက်တံခါးရေလှောင်တမံဆည်ရေသောက် ဧရိယာအတွင်း၌ စိုက်ပျိုးထားရှိသည့် RS–CS မျိုးစေ့ထုတ် စပါးစိုက်ကွက်များကို ဩဂုတ် ၂၉ ရက်က စိုက်ပျိုးရေးဦးစီးဌာနဝန်ထမ်းများက ကွင်းဆင်းဆောင်ရွက်ကြောင်း သိရသည်။

နတ်မောက်မြို့နယ်ရှိ လယ်သမားအများစုသည် ဆန်အရည်အသွေးကောင်းမွန်ပြီး အထွက်နှုန်းကောင်းမွန်သည့် ဆင်းသုခစပါးမျိုးများကို စိုက်ပျိုးကြသည်။ အရည်အသွေးကောင်း မျိုးကောင်းမျိုးသန့်စပါးမျိုးများကို တောင်သူလယ်သမားများ အလွယ်တကူရရှိရေးအတွက် ကျောက်တံခါးရေလှောင်တမံ ဆည်ရေသောက်ဧရိယာအတွင်းရှိ ပ/ငွေးချိုကျေးရွာနှင့် ပ/လက်ခုပ်ပင်ကျေးရွာမှ တောင်သူ ၅၄ ဦး၏ လယ်ဧက ၁၈၀ ၌ စိုက်ပျိုးရေးဦးစီးဌာန၏ ပံ့ပိုးမှုဖြင့် ပွင့်ဖြူမြို့ မျိုသန့်ခြံမှ RS–CS ဆင်းသုခစပါးမျိုးများကို စပါးမျိုးစေ့ထုတ်ဇုန်အဖြစ် သတ်မှတ်ပြီး စိုက်ပျိုးရေးဦးစီးဌာနမှ အကောင်အထည်ဖော် ဆောင်ရွက်ထားခြင်းဖြစ်ကြောင်း သိရသည်။

**မူမူစန်း**

*စာမျက်နှာ ၁၀ မှ*

**“ပြည်ထောင်စုအတွက် ထာဝစဉ်ဆိုသည့် သီချင်းခေါင်းစဉ်ပါအတိုင်း နယ်စပ်ရေးရာဝန်ကြီးဌာနက မွေးထုတ်ပေးလိုက်သော နယ်စပ်ဒေသတိုင်းရင်းသား၊ တိုင်းရင်းသူလူငယ်လေးများအနေဖြင့် ပြည်ထောင်စုစိတ်ဓာတ်၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး စိတ်ဓာတ်များ ထာဝစဉ် ရှင်သန်ထက်မြက်အောင်၊ ထွန်းကားပြန့်ပွားအောင် မပြတ်ဖော်ဆောင်လျက် နယ်စပ်ဒေသတိုင်းရင်းသား သွေးချင်းများ၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာစေရေး၊ နယ်မြေဒေသများ တည်ငြိမ်အေးချမ်းမှုရစေရေး ကြိုးပမ်းဆောင်ရွက်ကြရမည်”**

တန့်ယန်းမြို့ရှိလူငယ်သင်တန်းကျောင်းကို အစောဆုံးဖွင့်လှစ်ခဲ့သည်။ ယင်းနောက် ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်ထဲက (ကျား) ကျောင်းအား ၁၉၉၂ ခုနှစ်တွင် ဖွင့်လှစ်ခဲ့သည်။ ကျိုင်းတုံလူငယ်သင်တန်းကျောင်းကို တတိယမြောက်ကျောင်းအနေနဲ့ ၁၉၉၆ ခုနှစ်တွင် ဖွင့်လှစ်ပေးခဲ့သည်။ ၁၉၉၈ ခုနှစ်တွင်မူ ကချင်ပြည်နယ်ထဲက ပူတာအို၊ မြစ်ကြီးနား–၁ လူငယ်ကျောင်းနှင့် ဗန်းမော်လူငယ်ကျောင်းများ၊ ရှမ်းပြည်နယ် (မြောက်ပိုင်း)တွင် ကွမ်လုံလူငယ်ကျောင်း၊ ရှမ်း (အရှေ့)တွင် လွယ်မွေလူငယ်ကျောင်း၊ ကယားပြည်နယ် လွိုင်ကော်လူငယ်ကျောင်း၊ ချင်းပြည်နယ်၌ ဟားခါး၊ တီးတိန်၊ မင်းတပ် ၁၊ မင်းတပ် ၂ လူငယ်ကျောင်းများ၊ စစ်ကိုင်းတိုင်းဒေသကြီးထဲ၌ ခန္တီးလူငယ်သင်တန်းကျောင်း၊ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသထဲက လေရှီးနှင့် လဟယ် လူငယ်သင်တန်းကျောင်းများကို ဆက်လက်ဖွင့်လှစ်ခဲ့ခြင်း ဖြစ်ပါသည်။ ယနေ့ချိန်ထိဆိုလျှင် လူငယ်သင်တန်းကျောင်းပေါင်း ၄၅ ကျောင်း ရှိသွားပေပြီ။

ကျိုင်းတုံမြို့နယ်ရှိ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်းသို့ ယခင်ကတည်းကလည်း ကျွန်တော်ရောက်ဖူးခဲ့ပါသည်။ သံယောဇဉ်လည်း ရှိပါသည်။ သည့်အတွက် ယခုတစ်ခေါက်သွားရောက်ခဲ့သည့် ဩဂုတ်လ ၂၀ ရက်နေ့ ကျိုင်းတုံ/ မိုင်းယောင်းခရီးစဉ်၌ အဆိုပါကျောင်းသို့ ဝင်ဖြစ်ခဲ့သည်။ ထုံးစံအတိုင်း တက္ကသိုလ်ဝင်စာမေးပွဲ (စနစ်ဟောင်း) ဖြေဆိုမည့် ကျောင်းသားကျောင်းသူများကို တွေ့ဆုံအားပေးခဲ့သည်။ ဂုဏ်ထူးထွက်လျှင် ဘဘနေပြည်တော်ကစောင့်ပြီး ဆုချမည်ဟူ၍လည်း ကတိပေးခဲ့ပါသည်။ ကြိုးစားဖို့ကတော့ သူတို့တာဝန်။ သည်ကျောင်းကိုရောက်တော့ ထူးထူးခြားခြား ကျွန်တော့်စိတ်အာရုံထဲမှာ “ပြည်ထောင်စုအတွက် ထာဝစဉ်” သီချင်းလေးကို ပြန်လည်၍ နားထောင်လိုသည့် အာသီသ ပြင်းပြစွာ ပေါ်လာခဲ့သည်။ သူတို့လေးတွေကလည်း လက်ခုပ်လေးတွေ ညီညီညာညာတီးလို့ ရွှင်လန်းတက်ကြွစွာ သီဆိုခဲ့ကြသည်။ ကျေနပ်အားရမိပါသည်။ တစ်နည်းပြောရလျှင် နယ်စပ်ဒေသများအပေါ်ထားရှိသော သံယောဇဉ်ကြောင့် သတိရတမ်းတမိသော အလွမ်းတွေ အတန်အသင့် ပြေခဲ့ပါသည်။

### ပြည်ထောင်စုအတွက် ထာဝစဉ်

ပြည်ထောင်စုအတွက် ထာဝစဉ်ဆိုသည့် သီချင်းခေါင်းစဉ်ပါအတိုင်း နယ်စပ်ရေးရာဝန်ကြီးဌာနက မွေးထုတ်ပေးလိုက်သော နယ်စပ်ဒေသတိုင်းရင်းသား၊ တိုင်းရင်းသူ လူငယ်လေးများအနေဖြင့် ပြည်ထောင်စုစိတ်ဓာတ်၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး စိတ်ဓာတ်များ ထာဝစဉ်ရှင်သန်ထက်မြက်အောင်၊ ထွန်းကားပြန့်ပွားအောင် မပြတ်ဖော်ဆောင်လျက် နယ်စပ်ဒေသတိုင်းရင်းသားသွေးချင်းများ၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာစေရေး၊ နယ်မြေဒေသများ တည်ငြိမ်အေးချမ်းမှု ရစေရေး ကြိုးပမ်းဆောင်ရွက်ကြရမည် ဖြစ်သည်။

**“ကျွန်ုပ်တို့သည် နိုင်ငံတော်မှကျွေးသော ထမင်းနှင့် ဟင်းများကို စား၍ နိုင်ငံတော်နှင့် နိုင်ငံသားများအပေါ် သစ္စာစောင့်သိရှိသေပါမည်”** ဆိုသော ထမင်းစားသစ္စာကို သူတို့လေးတွေ နေ့စဉ်ရွတ်ဆိုလျက်ရှိကြသည်။ ထိုသစ္စာစကားအတိုင်း နိုင်ငံတော်နှင့် နိုင်ငံသားများအပေါ် အမြဲထာဝရသစ္စာစောင့်သိသော၊ နိုင်ငံတော်က အားထားရသော လူငယ်လူရွယ်များ ဖြစ်လာအောင် ဝိုင်းဝန်းပြုစုပျိုးထောင်ကြပါစို့...။ ။

# ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၃၁-၈-၂၀၂၂

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၆၀၅ | ၂၆၅၀ | ၂၆၄၅ | ၂၆၁၅ | ၂၆၅၀ | ၂၆၇၅ | ၂၆၆၀ | ၂၆၃၅ | ၂၇၃၀ | ၂၇၄၅ | ၂၆၄၅ | ၂၆၅၀ | ၂၆၈၅ | ၂၆၈၅ | ၂၆၉၀ | ၂၉၁၀ | ၃၂၁၀ |
| 95 Ron | ၂၆၇၀ | ၂၇၁၅ | ၂၇၁၅ | ၂၆၈၀ | ၂၇၁၅ | ၂၇၃၅ | ၂၇၂၅ | ၂၇၀၀ | ၂၇၉၅ | ၂၈၁၀ | ၂၇၀၅ | ၂၇၂၅ | ၂၇၅၀ | ၂၇၅၀ | ၂၇၅၅ | ၂၉၇၅ | ၃၂၇၅ |
| HSD (500 ppm) | ၃၂၄၅ | ၃၂၉၀ | ၃၂၈၅ | ၃၂၅၅ | ၃၂၉၀ | ၃၃၁၅ | ၃၃၁၀ | ၃၂၇၅ | ၃၃၉၀ | ၃၃၈၅ | ၃၂၈၅ | ၃၂၉၀ | ၃၃၂၅ | ၃၃၂၅ | ၃၃၃၀ | ၃၅၅၀ | ၃၈၇၅ |
| HSD (50 ppm) | ၃၃၃၀ | ၃၃၇၅ | ၃၃၇၀ | ၃၃၃၅ | ၃၃၇၅ | ၃၃၉၅ | ၃၃၉၀ | ၃၃၆၀ | ၃၄၇၅ | ၃၄၇၀ | ၃၃၆၅ | ၃၃၇၅ | ၃၄၁၀ | ၃၄၁၀ | ၃၄၁၀ | ၃၆၃၀ | ၃၉၁၀ |
| HSD (10 ppm) | ၃၃၃၀ | ၃၃၇၅ | ၃၃၇၀ | ၃၃၃၅ | ၃၃၇၅ | ၃၃၉၅ | ၃၃၉၀ | ၃၃၆၀ | ၃၄၇၅ | ၃၄၇၀ | ၃၃၆၅ | ၃၃၇၅ | ၃၄၁၀ | ၃၄၁၀ | ၃၄၁၀ | ၃၆၃၀ | ၃၉၁၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၄၈၉ | ၂၅၇၂ |
| 95 Ron | ၂၅၅၂ | ၂၆၃၆ |
| HSD (500 ppm) | ၃၁၁၀ | ၃၂၀၂ |
| HSD (50 ppm) | ၃၁၉၁ | ၃၂၈၄ |
| HSD (10 ppm) | ၃၁၉၁ | ၃၂၈၄ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၈၀၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

## ပုလဲကြိုးပြင်ကာကွယ်တော သတ်မှတ်

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနသည် ၂၀၁၈ ခုနှစ်၊ သစ်တောဥပဒေ ပုဒ်မ-၆၊ ပုဒ်မခွဲ-(င)အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို ကျင့်သုံး၍ မကွေးတိုင်းဒေသကြီး ဂန့်ဂေါခရိုင် ဆောမြို့နယ်အတွင်း ကျရောက်နေသည့် ဧရိယာ



အကျယ်အဝန်း ၂၆၁၇ ဧကရှိသော နယ်မြေကို **"ပုလဲကြိုးပြင်ကာကွယ်တော"** အဖြစ် အမိန့်ကြော်ငြာစာအမှတ် (၁၃၂/၂၀၂၂) အရ ၁၃၈၄ ခုနှစ်၊ တော်သလင်းလဆန်း (၁)ရက် (၂၀၂၂ခုနှစ်၊ ဩဂုတ်လ ၂၆ ရက်) မှစ၍ သတ်မှတ်ကြောင်း ကြေညာလိုက်သည်။

ပုလဲကြိုးပြင်ကာကွယ်တော သတ်မှတ်သည့် ဧရိယာ၏ အနီးပတ်ဝန်းကျင်ရှိ ကျေးရွာများ အသုံးပြုနေသော စိမ့်စမ်းရေများ၏ ရင်းမြစ်များကို ထိန်းသိမ်းစောင့်ရှောက်ရန်၊ ဒေသခံပြည်သူများ၏အခြေခံ လိုအပ်ချက်များကို ဖြည့်ဆည်းပေးရန်နှင့် ကျက်စားနေထိုင်လျက်ရှိသည့် တောရိုင်း



တိရစ္ဆာန်များအား ထိန်းသိမ်းစောင့်ရှောက်ရန် ရည်ရွယ်၍ ကြိုးပြင် ကာကွယ်တောအဖြစ် သတ်မှတ်ခြင်းဖြစ်ပါသည်။

ပုလဲကြိုးပြင်ကာကွယ်တော အတွင်း ပျဉ်းကတိုး၊ ထောက်ကြံ့၊ အင်ကြင်း စသောအဖိုးတန်သစ်မျိုးများနှင့် နဘဲ၊ ချဉ်ယုတ်၊ နှော၊ အင်၊ ဇောင်းပုလွေး စသော သစ်မျိုးများ ပေါက်ရောက်ခြင်း၊ ဂျီ၊ တောကြောင်၊ တောဝက် စသော တိရစ္ဆာန်များနှင့် ငုံး၊ ခါ၊ ရစ်၊ ချိုး၊ စသည့်ငှက်မျိုးများ၊ ဖွတ်၊ ပုတတ်၊ မြွေ စသည့် တွားသွားသတ္တဝါများ၏ ကျက်စားရာနေရာဒေသဖြစ်ခြင်း၊ ဥပဒေများနှင့်အညီ စနစ်တကျ ထိန်းသိမ်းစီမံအုပ်ချုပ်ရန် လိုအပ်ခြင်းတို့ကြောင့် ကြိုးပြင် ကာကွယ်တောအဖြစ် သတ်မှတ်ကြေညာရခြင်း ဖြစ်ပါသည်။

**သယံဇာတနှင့်**
**သဘာဝပတ်ဝန်းကျင်**
**ထိန်းသိမ်းရေးဝန်ကြီးဌာန**

## တပ်ကုန်းမြို့နယ်၌ မိုးမြေပဲ စိုက်ပျိုးထားရှိပြီး စတင်ရိတ်သိမ်းလျက်ရှိ

**တပ်ကုန်း ဩဂုတ် ၃၀**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဥတ္တရခရိုင် တပ်ကုန်းမြို့နယ်၌ မိုးမြေပဲဧက ၁၁၆၆၀ လျာထားပြီး ဧက၁၅၈၈၀ စိုက်ပျိုးနိုင်ခဲ့ကာ မြေပဲစိုက် တောင်သူများအနေဖြင့် အမိုးအကာအောက် ရောက်ရှိရေး ရိတ်သိမ်းလျက်ရှိကြောင်း သိရသည်။

ထို့အပြင် တပ်ကုန်းမြို့နယ် အတွင်း၌ ဆီထွက်သီးနှံများ ဖြစ်သည့် နေကြာသီးနှံကို ၂၅၃၈ ဧက လျာထားပြီး စိုက်ဧက ၁၅၅၀ ကိုလည်းကောင်း၊ နှမ်းစိုက်ဧက ၃၉၀၀ လျာထားပြီး စိုက်ဧက ၂၂၉၅၀ ကိုလည်းကောင်း စိုက်ပျိုးထားကြောင်း မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာနမှ သိရသည်။

တပ်ကုန်းမြို့နယ် အတွင်းရှိ စိုက်ပျိုးရေး တောင်သူများသည် အဆိုပါ ဆီထွက်သီးနှံများအပြင် မိုးသီးနှံများအဖြစ် ပဲတီစိမ်း၊ ဝါ၊ ပြောင်း၊ ရေတ်များနှင့် ဟင်းသီးဟင်းရွက်များ စိုက်ပျိုးကြကြောင်း သိရသည်။ **တင်စိုးလွင်**



ပြည့်ဝဆီများကို
တတ်နိုင်သမျှ
လျှော့စား၍
အသွင်ပြောင်းဆီများ
စားသုံးခြင်းကို
လုံးဝရှောင်ကြဉ်ပါ

# နျူကလီးယားလက်နက်ကို ရှာဖွေနေခြင်းမဟုတ်ကြောင်း အီရန်သမ္မတပြော

တီဟီရန် ဩဂုတ် ၃၀

**အီရန်နိုင်ငံသည် နျူကလီးယားလက်နက်ဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ဆောင်နေခြင်းမဟုတ်ကြောင်း၊ နျူကလီးယားနည်းပညာကို အရပ်ဘက်အသုံးပြုရန်အတွက် လုပ်ဆောင်သွားမည်ဖြစ်ကြောင်း အီရန်သမ္မတ အီဘရာဟင်ရိုင်စီက ဩဂုတ် ၂၉ ရက်က ပြောကြားလိုက်သည်။**




အီရန်သမ္မတ အီဘရာဟင်ရိုင်စီ ဩဂုတ် ၂၉ ရက်က တီဟီရန်၌ ပြုလုပ်သော သတင်းစာရှင်းလင်းပွဲတွင် မိန့်ခွန်းပြောနေစဉ်။

နျူကလီးယားစက်မှုလုပ်ငန်းများနှင့်နျူကလီးယား စွမ်းဆောင်မှုများသည် အီရန်လူမျိုးများနှင့် အီရန်နိုင်ငံအတွက် အခွင့်အရေးဖြစ်ကြောင်း၊ နျူကလီးယားလက်နက်များသည် အီရန်နိုင်ငံ၏ အယူဝါဒ၌ နေရာမရှိကြောင်း ရိုင်စီက သတင်းစာရှင်းလင်းပွဲတွင် ပြောကြားခဲ့သည်။

အီရန်နိုင်ငံသည် နျူကလီးယားနည်းပညာကို စိုက်ပျိုးရေး၊ လောင်စာဆီနှင့် ဓာတ်ငွေ့၊ ဆေးပညာနှင့် အခြားအရပ်ဘက်ကဏ္ဍများတွင် အသုံးပြုနိုင်ရေး လုပ်ဆောင်လျက်ရှိကြောင်း ၎င်းက ဆက်လက်ပြောသည်။ အီရန်အစိုးရနှင့် အရာရှိများသည် အီရန်နိုင်ငံ၏ နျူကလီးယားလက်နက် ဖွံ့ဖြိုးတိုးတက်မှုနှင့် ပတ်သက်ပြီး စဉ်ဆက်မပြတ် အစီရင်ခံဖော်ပြလျက်ရှိကြောင်း ရိုင်စီက ပြောသည်။ အီရန်နိုင်ငံ၏ နျူကလီးယားစွမ်းရည်များရရှိခြင်းနှင့် သက်ဆိုင်ရာ အသိပညာဗဟုသုတများ ရရှိရေးကြိုးပမ်းမှုများတွင် အစ္စရေး၏ ဖျက်လိုဖျက်ဆီးလုပ်ခြင်းနှင့် ပတ်သက်ပြီး ရိုင်စီက အစ္စရေးအား ပြစ်တင်လိုက်သည်။ သို့သော်လည်း ယနေ့ခေတ်တွင် အဆိုပါ ဗဟုသုတများသည် အီရန်နိုင်ငံနှင့်ထာဝရတည်ရှိနေပြီး အီရန်နိုင်ငံမှ ယူသွားနိုင်မည့်အရာများမဟုတ်ကြောင်း ၎င်းကပြောသည်။ **ဆင်ဟွာ**



အီရတ်နိုင်ငံ ဘဂ္ဂဒက်၌ ရှီးယိုက်ခေါင်းဆောင်ကို ထောက်ခံသူများက အစိုးရအဆောက်အအုံများကို စီးနင်းတိုက်ခိုက်နေသည်ကို တွေ့ရစဉ်။

# အီရတ်၌ ရှီးယိုက်ခေါင်းဆောင်ကို ထောက်ခံသူများက အစိုးရအဆောက်အအုံများကို စီးနင်းတိုက်ခိုက်ခဲ့ရာ လူ ၁၂ ဦးသေဆုံး

ဘဂ္ဂဒက် ဩဂုတ် ၃၀

ဩဂုတ် ၂၉ ရက်က အင်အားကြီး ရှီးယိုက်ဘာသာရေးခေါင်းဆောင် မော့်တာဒါအယ်လ်ဆာဒါ၏ အမာခံထောက်ခံသူအင်အားစုများသည် ဘဂ္ဂဒက်ရှိ အဓိကအစိုးရအဆောက်အအုံများကို စီးနင်းတိုက်ခိုက်ခဲ့ရာ လူ ၁၂ ဦးထက်မနည်းသေဆုံးခဲ့ပြီး ဒါဇင်နှင့်ချီ ဒဏ်ရာရရှိခဲ့သည်။

အီရတ်လုံခြုံရေး တပ်ဖွဲ့များသည် မျက်ရည်ယိုဗုံးများနှင့် ကျည်ဆန်များကို လေပေါ် ထောင်ပစ်ခတ်ခဲ့ပြီး အစိုးရအဆောက်အအုံများကို စီးနင်းတိုက်ခိုက်သူများအား လူစုခွဲခဲ့ရသည်။ ထိုအချိန်တွင် ခံစစ်ဇုန်များအတွင်း အမည်မသိသေနတ်သမားများ၏ ကြိုကြားပစ်ခတ်မှုများဖြစ်ပွားခဲ့ကြောင်း ပြည်ထဲရေးဝန်ကြီးဌာန၏ သတင်းရင်းမြစ်တစ်ခုတွင် ဖော်ပြခဲ့သည်။

ဆန္ဒပြသူများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင် အနည်းဆုံး ၁၂ ဦး သေဆုံးခဲ့ပြီး လူဒါဇင်အတော်များများ ဒဏ်ရာရရှိခဲ့ကြောင်း အဆိုပါ သတင်းရင်းမြစ်တွင် ဆက်လက်ဖော်ပြခဲ့သည်။

လုံခြုံရေးတပ်ဖွဲ့ဝင်များသည် နေမဝင်မီ ဆန္ဒပြသူများကို သမ္မတနန်းတော်နှင့် ဝန်ကြီးချုပ်ဌာနချုပ်မှ ဆုတ်ခွာသွားအောင် စွမ်းဆောင်နိုင်ခဲ့သည်။ သို့သော်လည်း သီတင်းပတ်ပေါင်းများစွာကြာသည့် ဆန္ဒပြမှုများသည် ပြီးဆုံးသည်မရှိဘဲ အစိမ်းရောင်နယ်မြေအဖြစ် သတ်မှတ်ထားသည့် နေရာရှိ လွှတ်တော်အဆောက်အအုံတွင် ဆက်လက်ဖြစ်ပွားခဲ့သည်။

ကာကွယ်ရေးဦးစီးချုပ်တစ်ဖြစ်လဲ အီရတ်ဝန်ကြီးချုပ် မူစတာဖာအယ်ကာ့ဒ်ဟီမီက လုံခြုံရေးတပ်ဖွဲ့ဝင်များကို ဆန္ဒပြသူများအား လူစုခွဲရာ၌ ကျည်ဆန်အစစ်များမသုံးရန် အမိန့်ထုတ်ပြန်ထားသည်။ ထို့ပြင် ၎င်းသည် အဓိကရုဏ်းတွင် သေဆုံးမှုဖြစ်စဉ်များနှင့် ပတ်သက်ပြီး စုံစမ်းစစ်ဆေးမှုများ လုပ်ဆောင်သွားမည်ဟု ပြောသည်။ **ဆင်ဟွာ**

# ကယ်လီဖိုးနီးယားတောင်ပိုင်း၌ ပြင်းထန်သောအပူလှိုင်းကို ရင်ဆိုင်နေရ

**ကယ်လီဖိုးနီးယား ဩဂုတ် ၃၀**

အမေရိကန်ပြည်ထောင်စု ကယ်လီဖိုးနီးယားတောင်ပိုင်း၌ ဩဂုတ် ၂၉ ရက်မှစကာ ပြင်းထန်သောအပူလှိုင်းကို ရင်ဆိုင်နေရကြောင်းနှင့် အပူချိန်သည် တစ်ပတ်အတွင်း ဂဏန်းသုံးလုံးအထိ မြင့်တက်လာနိုင်ကြောင်း နိုင်ငံတကာသတင်းတစ်ရပ်တွင် ဖော်ပြထားသည်။

ကယ်လီဖိုးနီးယားတောင်ပိုင်း၌ ယခုသီတင်းပတ် အပူချိန်လွန်ကဲမှုသည် ယခုနှစ်နွေရာသီတွင် အပူဆုံးနှင့် အချိန်အကြာဆုံးဖြစ်ကြောင်း သိရသည်။

**ဆင်ဟွာ**

# ပါကစ္စတန်နိုင်ငံ၌ ရေဘေးသင့်ပြီး တစ်ရက်အတွင်း ၇၅ ဦးထက်မနည်းသေဆုံး

**အစ္စလာမ္မာဘတ် ဩဂုတ် ၃၀**

ပါကစ္စတန်နိုင်ငံ၌ လွန်ခဲ့သော ၂၄ နာရီအတွင်း မိုးနှင့်ဆက်စပ်ဖြစ်ရပ်များနှင့် မုတ်သုံရာသီမိုးသည်းထန်စွာရွာသွန်းပြီး လျှပ်တစ်ပြက်ရေကြီးမှုများကြောင့် ၇၅ ဦးထက်မနည်း သေဆုံးခဲ့ပြီး ၅၉ ဦးထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း အမျိုးသားသဘာဝဘေးအန္တရာယ်စီမံခန့်ခွဲရေး အာဏာပိုင်အဖွဲ့ (အင်န်ဒီအမ်အေ) က ပြောကြားလိုက်သည်။

အင်န်ဒီအမ်အေ၏ ဩဂုတ် ၂၉ ရက်ညနေပိုင်း သတင်းထုတ်ပြန်ဖော်ပြချက်အရ နိုင်ငံတစ်ဝန်း မိုးနှင့်ဆက်စပ်သော သဘာဝဘေးများကြောင့် ကလေး ၂၇ ဦးထက်မနည်းနှင့် အမျိုးသမီး ၁၇ ဦး အသက်ဆုံးရှုံးခဲ့ကြောင်း သိရသည်။

နိုင်ငံတောင်ပိုင်း ဆင်းဒ်ပြည်နယ်သည် မိုးရွာသွန်းမှုနှင့်သက်ဆိုင်သော သဘာဝဘေးများကို အဆိုးဆုံးခံစားခဲ့ရပြီး ၅၃ ဦးသေဆုံးခဲ့ကာ ၂၅ ဦး ဒဏ်ရာရရှိခဲ့သည်။

ဇွန်လလယ်မှစသည့် မိုးရာသီမုတ်သုံမိုးကြောင့် ပါကစ္စတန်နိုင်ငံတစ်ဝန်း သေဆုံးသူ ၁၁၃၆ ဦး အထိမြင့်တက်ခဲ့ပြီး ဒဏ်ရာရရှိသူများလည်း ၁၆၃၄ ဦး အထိရှိခဲ့ကြောင်း အင်န်ဒီအမ်အေက ပြောသည်။

ထို့ပြင် မိုးရွာသွန်းမှုကြောင့် နိုင်ငံတစ်ဝန်း အိမ်ပေါင်း ၁၀၅၁၅၇၀၊ တံတားစင်းပေါင်း ၁၆၂ စင်း၊ ဈေးဆိုင်ပေါင်း ၁၇၀ ပျက်စီးခဲ့သည်။

ရေဘေးသင့်ဒေသများ၌ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများကို ဆက်လက်လုပ်ဆောင်လျက်ရှိသည်။

**ဆင်ဟွာ**



ပါကစ္စတန်နိုင်ငံ ကရာချိမြို့ ရေလွှမ်းမိုးနစ်မြုပ်နေသော လမ်းတစ်ခု၌ သွားလာနေသူများကို တွေ့ရစဉ်။

# ၂၀၂၃ တောင်ကိုရီးယားကာကွယ်ရေးအသုံးစရိတ် ယမန်နှစ်ထက် မြင့်တက်

**ဆိုးလ် ဩဂုတ် ၃၀**

လာမည့်နှစ်အတွက် တောင်ကိုရီးယားကာကွယ်ရေးဝန်ကြီးဌာန၏ အဆိုပြုကာကွယ်ရေးအသုံးစရိတ်သည် ယခုနှစ်ကာကွယ်ရေး အသုံးစရိတ်ထက် ၄ ဒသမ ၆ ရာခိုင်နှုန်း မြင့်တက်မည်ဖြစ်ကြောင်း ယင်းဝန်ကြီးဌာနက ဩဂုတ် ၂၉ ရက်က ထုတ်ပြန်ဖော်ပြလိုက်သည်။

အမျိုးသားကာကွယ်ရေးဝန်ကြီးဌာနသည် လာမည့် ၂၀၂၃ ခုနှစ်အတွင်း ကာကွယ်ရေးအသုံးစရိတ်ကို ၅၇ ဒသမ ၁ ထရီလီယံဝမ် (အမေရိကန် ဒေါ်လာ ၄၂ ဒသမ ၅ ဘီလီယံ) အဆိုပြုထားသည်။ အဆိုပါပမာဏသည် ယခုနှစ် ကာကွယ်ရေးအသုံးစရိတ် ၅၄ ဒသမ ၆ ထရီလီယံဝမ်ထက် ၄ ဒသမ ၆ ရာခိုင်နှုန်း ပိုများသည်။

အဆိုပါ အဆိုပြုကာကွယ်ရေးအသုံးစရိတ်ကို အမျိုးသားညီလာခံသို့ အတည်ပြုနိုင်ရေး သောကြာနေ့တွင် တင်သွင်းသွားမည်ဖြစ်သည်။ **ဆင်ဟွာ**

# ကိုဗစ်-၁၉ ရောဂါကူးစက်မှုသာမက မျောက်ကျောက်ရောဂါပါ ထိပ်ဆုံးမှာဗိုလ်စွဲနေတဲ့ အမေရိကန်

ကောင်းထက်

**နေ့စဉ်နဲ့အမျှ ကိုဗစ်- ၁၉ ရောဂါကူးစက်မှုတွေနဲ့ မျောက်ကျောက်ရောဂါကူးစက်မှုတွေကို နည်းနည်းတစ်ဖုံ များများတစ်လှည့် အလူးအလဲခံနေရတဲ့ နိုင်ငံတွေအနက် အမေရိကန်နိုင်ငံဟာ အဆိုးရွားဆုံးနိုင်ငံတစ်နိုင်ငံအဖြစ် ရှိနေပါတယ်။ အမေရိကန်နိုင်ငံအနေနဲ့ ဩဂုတ် ၂၄ ရက်အထိ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရမှုကိုကြည့်ရင် စုစုပေါင်း ၉၅၅၃၇၉၉၄ ဦးအထိရှိပြီး ကမ္ဘာပေါ်မှာ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရမှုအများဆုံးနိုင်ငံစာရင်းရဲ့ ထိပ်ဆုံးမှာ ငွားငွားစွင့်စွင့် ရှိနေပါတယ်။ ဒါ့အပြင် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးမှုစာရင်းကို ကြည့်မယ်ဆိုရင်လည်း အမေရိကန်နိုင်ငံဟာ သေဆုံးသူ စုစုပေါင်း ၁၀၆၆၄၁၆ ဦးအထိ ရှိတာကြောင့် ကမ္ဘာ့နိုင်ငံတွေရဲ့ ထိပ်ဆုံးမှာ ရှိနေပြန်ပါတယ်။**



နယူးယောက်မြို့ရှိ ကျန်းမာရေးနှင့်စိတ်ကျန်းမာရေးဌာနမှ ကျန်းမာရေးဝန်ထမ်းများက မျောက်ကျောက်ကာကွယ်ဆေးထိုးနှံမည့်သူများကို မြို့တော်၏ ကာကွယ်ဆေးထိုးသည့်နေရာတစ်ခုတွင် စာရင်းသွင်းရန် ကူညီပေးစဉ်။

### ကိုဗစ်-၁၉ ရောဂါကူးစက်ခံရမှု သန်း ၂၀ ကျော်လာတဲ့နိုင်ငံ ရှစ်နိုင်ငံအထိရှိ

ကမ္ဘာပေါ်မှာ လက်ရှိအချိန်အထိ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရမှု သန်း ၂၀ ကျော်လာတဲ့နိုင်ငံ ရှစ်နိုင်ငံ အထိရှိပြီး ထိပ်ဆုံးမှာ အမေရိကန်နိုင်ငံက ကူးစက်ခံရမှုအများဆုံးနဲ့ ရပ်တည်နေပြီး ယင်းနောက်မှာ အိန္ဒိယ၊ ပြင်သစ်၊ ဘရာဇီး၊ ဂျာမနီ၊ ဗြိတိန်၊ တောင်ကိုရီးယားနဲ့ အီတလီနိုင်ငံတို့က အစဉ်လိုက် ရပ်တည်နေပါတယ်။ ဒါ့အပြင် ဩဂုတ် ၂၄ ရက်အထိ ကမ္ဘာတစ်ဝန်း ကိုဗစ်-၁၉ ရောဂါထပ်မံကူးစက်ခံရသူ စုစုပေါင်း ၅၀၁၅၁၉ ဦးကျော်အထိရှိပြီး ထပ်မံသေဆုံးသူ အရေအတွက်မှာဆိုရင်လည်း ၁၀၄၀ ကျော်အထိ ရှိနေပါတယ်။

### လူဦးရေရဲ့ ၇၈ ဒသမ ၂ ရာခိုင်နှုန်း ကာကွယ်ဆေး ထိုးနှံထား

အမေရိကန်နိုင်ငံ လူဦးရေရဲ့ ၇၈ ဒသမ ၂ ရာခိုင်နှုန်းဖြစ်တဲ့ ၂၆၂ သန်းဟာ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အနည်းဆုံးတစ်ကြိမ် ထိုးနှံထားပြီးဖြစ်ကြောင်းနဲ့ ၂၂၄ သန်းထက်မနည်းသော လူဦးရေဟာ ကာကွယ်ဆေးအပြည့်ထိုးနှံထားတယ်လို့ သိရပါတယ်။ ဒါ့အပြင် ပြည်သူ ၁၀၈ သန်းအနေနဲ့ အပိုဆောင်းကာကွယ်ဆေးထိုးနှံထားပြီးဖြစ်ကြောင်း မှတ်တမ်းအချက်အလက်တွေက ဆိုပါတယ်။ ဆိုရလျှင် အမေရိကန်နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ကာကွယ်ဆေးကို အလုံးရေ ၆၀၈ သန်းကျော်ထိုးနှံထားပြီးဖြစ်ကြောင်းနဲ့ လူ ၁၀၀ မှာ ဆေးအလုံးရေ ၁၈၁ လုံး ထိုးနှံထား ပြီးဖြစ်တယ်လို့ သိရပါတယ်။

### တစ်ပူပေါ် နှစ်ပူဆင့်တဲ့အခြေအနေနဲ့ ကြုံတွေ့

ဒါပေမယ့် အမေရိကန်နိုင်ငံဟာ ကိုဗစ်-၁၉ ကာကွယ်ဆေးထုတ်လုပ်မှုနဲ့ ထိုးနှံထားမှုတွေအများအပြား ပြုလုပ်ထားတာကြောင့် ကိုဗစ်-၁၉ ရောဂါအတွက် အနည်းငယ် ရတက်အေးရဖွယ်ရှိသော်လည်း နိုင်ငံတစ်ဝန်း မျောက်ကျောက်ရောဂါကူးစက်ပျံ့နှံ့မှုက စိုးရိမ်ဖွယ်ရာအနေအထား ရှိလာတဲ့အတွက် တစ်ပူပေါ်နှစ်ပူဆင့်တဲ့ အခြေအနေနဲ့ ကြုံတွေ့နေပြန်ပါတယ်။

### ကမ္ဘာတစ်ဝန်း မျောက်ကျောက်ရောဂါ အတည်ပြုကူးစက်ခံရသူ ၄၅၀၆၁ ဦးရှိလာ

မျောက်ကျောက်ရောဂါဆိုတာ မျောက်ကျောက်ဗိုင်းရပ်စ်ပိုးကြောင့်ဖြစ်ပွားတဲ့ ရောဂါတစ်မျိုးဖြစ်ပြီး တိရစ္ဆာန်မှတစ်ဆင့် လူကိုကူးစက်စေနိုင်တဲ့ တိရစ္ဆာန်ဗိုင်းရပ်စ်တစ်မျိုးဖြစ်သလို လူအချင်းချင်းကိုလည်း ကူးစက်ပြန့်ပွားစေတယ်လို့ ဆိုပါတယ်။ ဇန်နဝါရီ ၁ ရက်ကနေ ဩဂုတ် ၂၄ ရက်အထိ ကမ္ဘာတစ်ဝန်း မျောက်ကျောက်ရောဂါ ကူးစက်ခံရမှုအနေနဲ့ နိုင်ငံနဲ့ ဒေသပေါင်း ၁၀၁ ခုမှ အတည်ပြုကူးစက်ခံရသူ အရေအတွက် စုစုပေါင်း ၄၅၀၆၁ ဦးအထိ ရှိလာပြီဖြစ်ပါတယ်။ ဒါ့အပြင်သေဆုံးသူအရေအတွက်လည်း တစ်နေ့တခြား များပြားလာပြီး အခုဆိုရင် ၁၁၆ ဦးအထိ ရှိလာပြီ ဖြစ်ပါတယ်။

မျောက်ကျောက်ရောဂါကြောင့် သေဆုံးသူ အများဆုံးစာရင်းမှာတော့ ကွန်ဂိုနိုင်ငံက ၉၆ ဦးနဲ့ ထိပ်ဆုံးမှာရှိနေပြီး ယင်းနောက်မှာ နိုင်ဂျီးရီးယားနိုင်ငံက လေးဦး၊ ကင်မရွန်း၊ ဗဟိုအာဖရိက၊ စပိန်စတဲ့ နိုင်ငံတွေမှာ နှစ်ဦးစီ သေဆုံးခဲ့တယ်လို့ သိရပါတယ်။ အာဖရိကပြင်ပမှာ ပထမဆုံးမျောက်ကျောက်ရောဂါကူးစက်ခံရမှု တွေ့ရှိတဲ့နိုင်ငံက ဗြိတိန်နိုင်ငံဖြစ်ပြီး မေလ ၆ ရက်မှာ စတင်တွေ့ရှိခဲ့တယ်လို့ နိုင်ငံတကာသတင်းရင်းမြစ်တွေမှာ ဖော်ပြထားပါတယ်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ဇူလိုင် ၂၃ ရက်မှာ မျောက်ကျောက်ရောဂါ ဖြစ်ပွားမှုကို နိုင်ငံတကာစိုးရိမ်ဖွယ်ရာ ပြည်သူ့ကျန်းမာရေးအရေးပေါ်အခြေအနေအဖြစ် ထုတ်ပြန်ကြေညာထားတာ ဖြစ်ပါတယ်။ မျောက်ကျောက်ရောဂါ ကူးစက်ခံရတဲ့ လူအများစုဟာ ရက်သတ္တနှစ်ပတ်မှ လေးပတ်အတွင်း ပြန်လည်ကောင်းမွန်လာကြတယ်လို့ အမေရိကန် ရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးစင်တာက ဆိုပါတယ်။ မျောက်ကျောက်ရောဂါဟာ ပွေ့ဖက်ခြင်း၊ နမ်းခြင်း၊ လိင်ဆက်ဆံခြင်းတွေ အပါအဝင် ရောဂါပိုးရှိသူနဲ့ အနီးကပ်ထိတွေ့မှုမှတစ်ဆင့် လူမှလူကို ကူးစက်နိုင်တဲ့ ဗိုင်းရပ်စ်ရောဂါတစ်မျိုးဖြစ်တယ်လို့ ကျွမ်းကျင်သူတွေက ဆိုပါတယ်။

### မျောက်ကျောက်ရောဂါကူးစက်ခံရမှု အမေရိကန်နိုင်ငံက အများဆုံးဖြစ်

လက်ရှိအချိန်အထိ မျောက်ကျောက်ရောဂါကူးစက်ခံရမှုအများဆုံးနိုင်ငံကိုကြည့်ရင် အမေရိကန်နိုင်ငံကိုတွေ့ရမှာ ဖြစ်ပါတယ်။ အမေရိကန်နိုင်ငံဟာ ကိုဗစ်- ၁၉ ရောဂါကူးစက်ခံရမှုမှာ ကမ္ဘာ့နိုင်ငံတွေရဲ့ ထိပ်ဆုံးမှာရှိနေသလို မျောက်ကျောက်ရောဂါကူးစက်ခံရမှုကိုကြည့်ရင်လည်း ၁၅၈၃၁ ဦးနဲ့ ထိပ်ဆုံးမှာ ဗိုလ်စွဲနေပါတယ်။ ယင်းနောက်မှာတော့ စပိန်နိုင်ငံက ၆၃၂၅ ဦးနဲ့ အများဆုံးဖြစ်ပြီး ဘရာဇီးနိုင်ငံက ၃၉၈၄ ဦး၊ ဂျာမနီနိုင်ငံက ၃၃၅၀၊ ဗြိတိန်နိုင်ငံက ၃၂၀၇ ဦး၊ ပြင်သစ်နိုင်ငံက ၂၈၈၅ ဦး၊ ကနေဒါနိုင်ငံက ၁၁၉၈ ဦး၊ နယ်သာလန်နိုင်ငံက ၁၀၈၇ ဦး၊ ပီရူးနိုင်ငံ က ၁၂၀၇ ဦးရှိပါတယ်။ အမေရိကန်နိုင်ငံမှာ မျောက်ကျောက်ရောဂါကူးစက်ခံရမှု အများဆုံး ဖြစ်နေပေမယ့်လည်း လက်ရှိအချိန်အထိ အဲဒီရောဂါကြောင့် သေဆုံးသူ မရှိသေးပါဘူး။

### မျောက်ကျောက်ရောဂါကြောင့် သေဆုံးသူ ၁၁၆ ဦးအထိ ရှိလာ

ဒါ့အပြင် ကမ္ဘာတစ်ဝန်း မျောက်ကျောက်ရောဂါကူးစက်ခံရကြောင်း သံသယရှိသူအရေအတွက်ဟာ ဩဂုတ် ၂၄ ရက်အထိ ၇၆၅၅ ဦးရှိတယ်လို့ အချက်အလက်တွေအရ သိရပါတယ်။ အဲ့ဒါကြောင့် မျောက်ကျောက် ရောဂါအတည်ပြုကူးစက်ခံရသူအရေအတွက်ဟာ ထပ်မံမြင့်တက်လာနိုင်ဖွယ် ရှိပါတယ်။ ယခုလအစောပိုင်းမှာ ကမ္ဘာတစ်ဝန်း မျောက်ကျောက်ရောဂါကြောင့် သေဆုံးသူအရေအတွက်ဟာ ၁၁ ဦးသာ ရှိခဲ့ရာမှ လက်ရှိမှာ သေဆုံးသူ စုစုပေါင်း ၁၁၄ ဦးအထိ ရှိလာတဲ့အတွက် မည်သို့ပင် ကာကွယ်ဆေးအထပ်ထပ် ထပ်ဆောင်းကာကွယ်ဆေး အလီလီထိုးနှံထားစေကာမူ ရောဂါကူးစက်ခံရသူအရေအတွက် မြင့်တက်လေလေ သေဆုံးသူအရေအတွက်လည်း မြင့်တက်လေလေ ဖြစ်ပါတယ်။

ရောဂါကူးစက်ခံရမှုဒဏ်ကို ခံစားရတာခြင်းက ကမ္ဘာ့နေရာဒေသအလိုက် ကွဲပြားခြားနားလျက်ရှိပါတယ်။ တချို့ဒေသတွေမှာ ရောဂါကူးစက်မှုနည်းပြီး သေဆုံးမှုနှုန်း များနေနိုင်သလို တချို့ဒေသတွေမှာကျတော့ ရောဂါကူးစက်ခံမှုများပြီး သေဆုံးမှုနှုန်း နည်းနေနိုင်ပါတယ်။ အမေရိကန်လို အစစအရာရာထိပ်တန်းမှာ ရှိနေတဲ့ နိုင်ငံတစ်နိုင်ငံလျှင်ပင် ရောဂါကူးစက်ပျံ့နှံ့မှုရဲ့ဒဏ်ကို ခါးစည်းခံစားကြရတဲ့အခါ ဆင်းရဲနွမ်းပါးတဲ့ နိုင်ငံတွေအနေနဲ့ ရောဂါကူးစက်ပျံ့နှံ့မှုနဲ့အညီ လိုအပ်တဲ့ပြင်ဆင်မှုတွေ အကောင်အထည်ဖော်ဖို့ နည်းပညာအင်အား၊ ဘဏ္ဍာရေးအင်အား လုံလုံလောက်လောက် မရှိတဲ့အခါ ဆိုးကျိုးတွေကို ပိုမိုခံစားရဖွယ်ရှိပါကြောင်း။ ။

ကိုးကား - ဆင်ဟွာ

> **“ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ဇူလိုင် ၂၃ ရက်မှာ မျောက်ကျောက်ရောဂါဖြစ်ပွားမှုကို နိုင်ငံတကာစိုးရိမ်ဖွယ်ရာ ပြည်သူ့ကျန်းမာရေး အရေးပေါ်အခြေအနေအဖြစ် ထုတ်ပြန်ကြေညာထားတာဖြစ်ပါတယ်။ မျောက်ကျောက်ရောဂါ ကူးစက်ခံရတဲ့ လူအများစုဟာ ရက်သတ္တနှစ်ပတ်မှ လေးပတ်အတွင်း ပြန်လည်ကောင်းမွန်လာကြတယ်လို့ အမေရိကန် ရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးစင်တာက ဆိုပါတယ်။ မျောက်ကျောက်ရောဂါဟာ ပွေ့ဖက်ခြင်း၊ နမ်းခြင်း၊ လိင်ဆက်ဆံခြင်းတွေ အပါအဝင် ရောဂါပိုးရှိသူနဲ့ အနီးကပ်ထိတွေ့မှုမှတစ်ဆင့် လူမှလူကို ကူးစက်နိုင်တဲ့ ဗိုင်းရပ်စ်ရောဂါတစ်မျိုးဖြစ်တယ်လို့ ကျွမ်းကျင်သူတွေက ဆိုပါတယ်”**

# ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၈၇ ဦးအနက် ၇၃ ဦးမှာ ပြည်တွင်းတွင် ကူးစက်ဖြစ်ပွားသူများဖြစ်

## ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ ၁ ဒသမ ၉၈ ရာခိုင်နှုန်းရှိ

**(၃၀–၈–၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ**

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်–၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပြတ် ဆောင်ရွက်လျက်ရှိပါသည်။

ကိုဗစ်–၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်–၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန် ဆောင်ရွက်လျက်ရှိပြီး (၂၉–၈–၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၃၀–၈–၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၈,၉၀၂) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်–၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၈၇) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၁.၉၈) ရာခိုင်နှုန်း ရှိပါသည်။ ယနေ့တွေ့ရှိသော ကိုဗစ်–၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၈၇) ဦးအနက် (၁၄) ဦး၊ (၁၆.၀၉) ရာခိုင်နှုန်းမှာ ပြည်ပမှဝင်ရောက်လာသူများအား ဓာတ်ခွဲစစ်ဆေးရာမှ တွေ့ရှိခြင်းဖြစ်ပြီး (၇၃)ဦး၊ (၈၃.၉၁) ရာခိုင်နှုန်းမှာ ပြည်တွင်းတွင် ကူးစက်ဖြစ်ပွားသူများ ဖြစ်ပါသည်။

**ဓာတ်ခွဲအတည်ပြုလူနာသစ် တွေ့ရှိမှုအခြေအနေ**
**(၃၀–၈–၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ**

| ဓာတ်ခွဲအတည်ပြုလူနာသစ်တွေ့ရှိမှု | လူနာသစ် (ဦးရေ) | ရာခိုင်နှုန်း |
|---|---|---|
| ပြည်ပမှဝင်ရောက်လာသူများ | (၁၄) ဦး | (၁၆.၀၉) % |
| ပြည်တွင်းတွင်ကူးစက်ဖြစ်ပွားသူများ | (၇၃) ဦး | (၈၃.၉၁) % |
| **စုစုပေါင်း** | **(၈၇) ဦး** | **(၁၀၀) %** |

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၈,၇၃၆,၁၀၃)ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်–၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၆၁၅,၁၁၇) ဦး ရှိပြီ ဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင် သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၇၂) ဦးရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၅၉၃,၅၆၇) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်–၁၉ ရောဂါဖြင့် သေဆုံးသူ မရှိပါသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၃၇) ဦး ရှိပါသည်။

ကိုဗစ်–၁၉ ရောဂါသည် နိုင်ငံတကာနှင့် အိမ်နီးချင်းနိုင်ငံအချို့တွင် ဖြစ်ပွားမှုများပြားလျက်ရှိပါသည်။ မိမိတို့နိုင်ငံတွင် ကိုဗစ်–၁၉ မျိုးရိုးဗီဇပြောင်း အိုမီခရွန်ရောဂါပိုးများကို ပြည်ပမှ ဝင်ရောက်လာသူများနှင့် ပြည်တွင်းကူးစက်ခံရသူများတွင် တွေ့ရှိနေရပြီး ယခုရက်ပိုင်းအတွင်း ကိုဗစ်–၁၉ ရောဂါ ပြည်တွင်း အစုလိုက် ကူးစက်မှုများ ဖြစ်ပွားလျက်ရှိသည်ကို တွေ့ရပါသည်။

ရောဂါကူးစက်ပြန့်ပွားမှုများအား လျော့ကျစေရန်အတွက် ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် ကိုဗစ်–၁၉ ရောဂါ ကာကွယ်ရေးနည်းလမ်းများဖြစ်သည့် –

(က) ပါးစပ်နှင့်နှာခေါင်းစည်း (Mask) တပ်ဆင်ခြင်းကို အခန်းတွင်း၌ လူတစ်ဦးနှင့်တစ်ဦး နီးကပ်စွာရှိနေခြင်း၊ အများပြည်သူအသုံးပြုသောယာဉ်များဖြင့် ခရီးသွားလာခြင်း၊ အများပြည်သူ ဝင်/ထွက်သွားလာအသုံးပြုသော ဆေးရုံ/ကျန်းမာရေးဌာနများ၊ ရုံးများ၊ သင်တန်းများ၊ ကျောင်းများ၊ ဈေးများ၊ ဈေးဝယ်စင်တာများ၊ ဘိုးဘွားရိပ်သာ အစရှိသော လူစုလူဝေးရှိရာ နေရာများတွင် မဖြစ်မနေတပ်ဆင်ရန်၊

( ခ ) ဖျားနာခြင်း၊ ချောင်းဆိုးခြင်း၊ နှာစေးခြင်း၊ လည်ချောင်းနာခြင်းစသည့် ကိုဗစ်–၁၉ ရောဂါ သံသယလက္ခဏာတစ်ခုခုရှိပါက နီးစပ်ရာ ကျန်းမာရေးဌာနသို့ သတင်းပို့ရန် လိုအပ်ပြီး ပါးစပ်နှင့်နှာခေါင်းစည်း (Mask) တပ်ဆင်ခြင်းကို မဖြစ်မနေဆောင်ရွက်ရန်၊

( ဂ ) ရုံးဌာနများသို့ ဖြန့်ဝေထားပြီးဖြစ်သည့် ရုံးဌာနများ၊ လုပ်ငန်းခွင်များအတွက် ထုတ်ပြန်ထားသည့် ကိုဗစ်–၁၉ ရောဂါကာကွယ်ရေး စည်းမျဉ်းစည်းကမ်းများကို တိကျစွာ လိုက်နာရန်၊

(ဃ) ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံထားခြင်းအားဖြင့် ရောဂါကူးစက်ဖြစ်ပွားမှု၊ ရောဂါပြင်းထန်မှုနှင့် သေဆုံးမှုတို့ကို လျှော့ချပေးနိုင်သည်ဖြစ်ရာ အသက် ၅ နှစ်နှင့် အထက်ရှိသူအားလုံးသည် ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးကို အကြိမ်ပြည့် ထိုးနှံထားရှိရန် လိုအပ်သည့်အပြင် အသက် ၁၈ နှစ်နှင့်အထက် ကာကွယ်ဆေး ထိုးနှံပြီးစီးမှုကာလ ၆ လရှိနေသော ပြည်သူများသည်လည်း ထပ်ဆောင်း ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးများ ထပ်မံထိုးနှံရန် လိုအပ်ပါသည်။

သို့ဖြစ်ပါ၍ မိဘပြည်သူများအနေဖြင့် ကိုဗစ်–၁၉ ရောဂါ ကာကွယ်ရေး စည်းမျဉ်းစည်းကမ်းများကို တိကျစွာလိုက်နာခြင်း၊ ပါးစပ်နှင့်နှာခေါင်းစည်း(Mask)ကို စနစ်တကျတပ်ဆင်ခြင်းနှင့် နီးစပ်ရာ ကျန်းမာရေးဌာနများ၊ ကျေးရွာ/ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးများနှင့်ဆက်သွယ်၍ ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှုနှင့် ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံခြင်းတို့ကို မပျက်မကွက် ဆောင်ရွက်ကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

ကိုဗစ်–၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

# တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ လူမျိုးဘာသာမရွေး ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေးများ ဆက်လက်ထိုးနှံ

**နေပြည်တော် ဩဂုတ် ၃၀**



တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့၌ သံဃာတော်များ၊ သာသနာ့နွယ်ဝင် သီလရှင်များ၊ ဘာသာရေး ခေါင်းဆောင်များ အပါအဝင် လူမျိုးမရွေး ဘာသာမရွေး ဒေသခံပြည်သူများ၊ အကျဉ်းသား၊ အကျဉ်းသူများ၊ မသန်စွမ်းသူများ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ၊ နာတာရှည်ရောဂါအခံရှိသူများ၊ ကယ်ဆယ်ရေးစခန်းများ၊ ယာယီတိုက်ပွဲရှောင်စခန်းများအတွင်းရှိ ပြည်သူများ၊ အသက်ငါးနှစ်မှ ၁၂ နှစ်အထက် အခြေခံပညာမူလတန်း၊ အလယ်တန်းနှင့် အထက်တန်းအဆင့် ကျောင်းသား ကျောင်းသူများစသည့် ဦးတည်အုပ်စုများ သတ်မှတ်၍ တပ်မတော်မှ ဆေးအဖွဲ့များ၊ ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သူနာပြုများ၊ ကျန်းမာရေးဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများက ကာကွယ်ဆေးထိုးခြင်း လုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး ရန်ကင်းမြို့နယ်၌ ဒေသခံပြည်သူ ၁၁၀၊ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်၌ ဒေသခံပြည်သူ ၁၀၀၆၉ ဦး၊ ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ် ၁၀ မြို့နယ်၌ ဒေသခံပြည်သူ ၄၆၂၁ ဦးနှင့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင် ခုနစ်ခု၌ ဒေသခံပြည်သူ ၃၃၅၄ ဦးတို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးသည်။

ထို့အတူ ကျောင်းသားကျောင်းသူများကိုလည်း ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးများ ထိုးနှံပေးလျက်ရှိရာ ယနေ့တွင် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်၌ ကျောင်းသား ကျောင်းသူ ၃၀၇၀၊ ရခိုင်ပြည်နယ်(ဝဲပုံ)နှင့် ချင်းပြည်နယ်အတွင်းရှိ မြို့နယ် ခြောက်မြို့နယ်တို့၌ ကျောင်းသား ကျောင်းသူ ၂၃၀၇ ဦးနှင့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင် ခုနစ်ခု၌ ကျောင်းသား ကျောင်းသူ ၂၉၂၀ တို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ကော့သောင်းမြို့၌ အိုမီခရွန် မျိုးရိုးဗီဇပြောင်း ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးနှင့် ကိုဗစ်-၁၉ ကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံရေး အသိပညာပေးနှိုးဆော်

**ကော့သောင်း ဩဂုတ် ၃၀**

တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့နယ်၌ အိုမီခရွန် မျိုးရိုးဗီဇပြောင်း ကိုဗစ်–၁၉ ရောဂါ ကြိုတင်ကာကွယ် သတိပြုနိုင်ကြစေရန်နှင့် ကိုဗစ်–၁၉ ကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံရေးအတွက် အသိပညာပေးနှိုးဆော်ခြင်းကို မြို့နယ်ကြက်ခြေနီတပ်ဖွဲ့နှင့် စေတနာ့ဝန်ထမ်းများက ယနေ့ နံနက်ပိုင်းက အသိပညာပေးနှိုးဆော်ခြင်းကို မြို့အနှံ့ဆောင်ရွက်သည်။

ထိုသို့ အသိပညာပေးဆောင်ရွက်ရာတွင် ပြည်သူများအနေဖြင့် ကိုဗစ်–၁၉ ရောဂါ ကူးစက်ပြန့်ပွားမှုများ ပြန်လည်ဖြစ်ပွားလာပြီး မြန်မာနိုင်ငံအပါအဝင် အခြားနိုင်ငံများတွင် ထပ်မံတွေ့ရှိသည့် မျိုးရိုးဗီဇပြောင်း အိုမီခရွန်ရောဂါပိုး ကူးစက်ပြန့်ပွားမှုကို ကြိုတင်ကာကွယ်နိုင်ရန်အတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ထုတ်ပြန်ထားသည့် ကာကွယ်ရေးနည်းလမ်းများနှင့်အညီ ဆက်လက်နေထိုင်ကြရန်၊ အပြင်ထွက်သည့်အခါ မဖြစ်မနေ ပါးစပ်၊ နှာခေါင်းစည်းများ တပ်ဆင်သွားလာကြရန်နှင့် ကာကွယ်ဆေးများကိုလည်း တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် လွှမ်းခြုံနိုင်မှုအပြည့်အဝရရှိစေရန် ကျန်းမာရေးဌာနမှ ကာကွယ်ဆေးထိုးနှံပေးလျက်ရှိရာ ပြည်သူများအနေဖြင့် မပျက်မကွက် အကြိမ်ရေပြည့်ဝစွာ ထိုးနှံကြရန် အသိပညာပေးနှိုးဆော်ခြင်း ဆောင်ရွက်ကြောင်း သိရသည်။

**ကျော်စိုး(ကော့သောင်း)**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏ လမ်းညွှန်မှာကြားချက်အား ထပ်ဆင့်ရှင်းလင်းခြင်းနှင့် ခြောက်လပတ် လုပ်ငန်းညှိနှိုင်းအစည်းအဝေး စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် တက်ရောက်

**မုံရွာ ဩဂုတ် ၂၀**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၏ လမ်းညွှန်မှာကြားချက်အား ထပ်ဆင့်ရှင်းလင်းခြင်းနှင့် ခြောက်လပတ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဩဂုတ် ၂၀ ရက် နံနက်ပိုင်းက တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး၌ ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်၊ တိုင်းဒေသကြီး တရားသူကြီးချုပ်၊ အစိုးရအဖွဲ့ဝင်များ၊ ဥပဒေချုပ်၊ ဌာနဆိုင်ရာများ တက်ရောက်ကြပြီး တိုင်းဒေသကြီးအတွင်းရှိ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌများက Video Conferencing စနစ်ဖြင့် တက်ရောက်ကြသည်။



**စိုက်ပျိုးသီးနှံဧကများ လျာထားပြည့်မီရေး**

ရှေးဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က ကျင်းပပြီးစီးခဲ့သည့် ပြည်ထောင်စုအစိုးရအဖွဲ့ ခြောက်လတာကာလ လုပ်ငန်းဆောင်ရွက်ချက်များနှင့် စပ်လျဉ်းသည့် လုပ်ငန်းညှိနှိုင်း အစည်းအဝေးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်ချက်များအား ထပ်ဆင့်ရှင်းလင်းမှာကြားပြီး ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်လာကြသော တိုင်းအဆင့် ဌာနဆိုင်ရာများအား လမ်းညွှန်မှာကြားချက်များအပေါ် တိကျစွာ လိုက်နာကာ လုပ်ငန်းများအောင်မြင်အောင် အကောင်အထည်ဖော် ဆောင်ရွက်ရေး၊ နိုင်ငံတော်အပေါ် သစ္စာရှိစွာဖြင့် ဝန်ထမ်းစည်းမျဉ်းစည်းကမ်းများအတိုင်း လိုက်နာကျင့်ကြံနေထိုင်လုပ်ကိုင်ရေး၊ ဝန်ထမ်းအချင်းချင်း စည်းလုံးညီညွတ်ရေး၊ လုံခြုံရေးအသိသတိတို့ဖြင့် တာဝန်ထမ်းဆောင်ရေး၊ ယခင်ခြောက်လတာ လုပ်ငန်းဆောင်ရွက်မှုများအပေါ် ပြန်လည်သုံးသပ်ကာ လာမည့် ခြောက်လကို အားနည်းချက်မရှိအောင် အကောင်အထည်ဖော်ဆောင်ရွက်ရေး၊ မိမိတို့ တိုင်းဒေသကြီးသည် စိုက်ပျိုးရေးအခြေခံသည့် တိုင်းဒေသကြီးဖြစ်၍ စိုက်ပျိုးရမည့် သီးနှံများ လျာထားစိုက်ဧကများကို ပြည့်မီအောင် ကြိုးပမ်းစိုက်ပျိုးရေး၊ မြို့ ရွာများ သန့်ရှင်းသပ်ရပ်မှုရှိရေးနှင့် ဘတ်ဂျက်ကာလအတွင်း အကောင်အထည်ဖော်ရမည့်လုပ်ငန်းများအား အရည်အသွေးပြည့်မီစွာဖြင့် အချိန်မီပြီးစီးအောင် ကြပ်မတ်ဆောင်ရွက်သွားကြရန် မှာကြားခဲ့သည်။

**လုပ်ငန်းပြီးစီးမှုတင်ပြ**

ဆက်လက်၍ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများက ခြောက်လတာကာလအတွင်း လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု အခြေအနေများနှင့် ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်အတွင်း ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းများနှင့်ပတ်သက်၍ လည်းကောင်း၊ တိုင်းဒေသကြီး အတွင်းရှိ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌများက Video Conferencing စနစ်ဖြင့် မိမိတို့ ခရိုင်များအလိုက် ခြောက်လတာကာလအတွင်း လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည့်အခြေအနေများကို ပါဝါပွိုင့်ဖြင့် ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် တိုင်းဒေသကြီး တရားသူကြီးချုပ်နှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များက လုပ်ငန်းများအပေါ် အားသာချက်၊ အားနည်းချက်များနှင့် ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းများနှင့် ပတ်သက်၍ ဖြည့်စွက်ရှင်းလင်းတင်ပြကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က ဆွေးနွေးတင်ပြချက်များအပေါ် တာဝန်ရှိသူများနှင့် ဖြည့်စွက်ဆည်းပေါင်းစပ် ဆောင်ရွက်ပေးကြောင်း သိရသည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**

# နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ မတည်ငွေဖြင့် ကချင်ပြည်နယ် စီးပွားမြှင့်တင်ရေးအတွက် ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်စနစ်များ၊ စီမံကိန်းလုပ်ငန်းများ မြန်ဆန်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေး လုပ်ငန်းညှိနှိုင်းဆွေးနွေး

**မြစ်ကြီးနား ဩဂုတ် ၂၀**

နိုင်ငံ့စီးပွားရေး မြှင့်တင်ရေးရန်ပုံငွေမှ မတည်ငွေဖြင့် ကချင်ပြည်နယ် စီးပွားမြှင့်တင်ရေး ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်စနစ်များ၊ စီမံကိန်းလုပ်ငန်းများ မြန်ဆန်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေး၊ ဘဏ္ဍာရေး လုပ်ထုံးလုပ်နည်းများနှင့်အညီ လိုက်နာ ဆောင်ရွက်နိုင်ရေး အတွက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲ ၁ နာရီက ပြည်နယ်အစိုးရအဖွဲ့ရုံး မလိခ ခန်းမ၌ ကျင်းပသည်။ **(အောက်ပုံ)**



ညှိနှိုင်း အစည်းအဝေးတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်က နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေမှ မတည်ငွေကျပ် ၈ ဘီလီယံကို ပြည်နယ်စီးပွားမြှင့်တင်ရေးအတွက် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှာကြားချက်နှင့်အညီ စိုက်ပျိုးမွေးမြူရေး ဆောင်ရွက်ရသော ရင်းနှီးမြှုပ်နှံမည့် စီမံကိန်းလုပ်ငန်းများအတွက် လုပ်ငန်းစဉ်စနစ်များ ရေးဆွဲပြီး စီမံကိန်းလုပ်ငန်းများ မြန်ဆန်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး၊ ဘဏ္ဍာရေးလုပ်ထုံးလုပ်နည်း ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်သွားနိုင်ရေး၊ သက်ဆိုင်ရာ ဌာနဆိုင်ရာများအနေဖြင့် လုပ်ငန်းတာဝန်များအလိုက် စနစ်တကျစီမံဆောင်ရွက်ရမည် ဖြစ်ကြောင်း တိုက်တွန်းမှာကြားသည်။

ထို့နောက် ပြည်နယ်စီးပွားမြှင့်တင်ရေးကော်မတီ ဥက္ကဋ္ဌ၊ ပြည်နယ်အစိုးရအဖွဲ့ဝင် စီးပွားရေးရာဝန်ကြီး ဦးမျိုးဆွေက စီမံကိန်းလုပ်ငန်းများ အတွက် ဘဏ္ဍာရေး လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး ပြည်နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ပြည်နယ်သမဝါယမဦးစီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာနတို့မှ ပြည်နယ်ဦးစီးမှူးများက စိုက်ပျိုးရေး၊ မွေးမြူရေး၊ သမဝါယမလုပ်ငန်းများနှင့် ငါးလုပ်ငန်းများတွင် မြစ်စိမ်းရောင်စီမံကိန်းရန်ပုံငွေဖြင့် ကျေးရွာများ ရွေးချယ်သတ်မှတ်၍ အရင်းမပျောက် မတည်ငွေဖြင့် ဆောင်ရွက်သွားမည့် စီမံကိန်းလုပ်ငန်းစဉ်များ၊ အတိုးနှုန်းနှင့် ချေးငွေသက်တမ်း သတ်မှတ် ဆောင်ရွက်နိုင်ရေး၊ လေ့ကျင့်ပညာပေးသင်တန်းများနှင့် ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များ နှင့် တက်ရောက်လာသည့် ကော်မတီအဖွဲ့ဝင်များက စီမံကိန်းလုပ်ငန်းများအပေါ် ဆွေးနွေး တင်ပြကြသည်။

တင်ပြဆွေးနွေးမှုများအပေါ် ပြည်နယ်ဝန်ကြီးချုပ်က ရန်ပုံငွေများကို ဘဏ္ဍာရေး လုပ်ထုံးလုပ်နည်းနှင့်အညီ အမြန်ဆုံးဆောင်ရွက်ရေး၊ စီမံကိန်းအကောင်အထည်ဖော် ဆောင်ရွက်မည့် လုပ်ငန်းများ စိစစ်တင်ပြနိုင်ရေးနှင့် လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးကြောင်း သိရသည်။ **ပြည်နယ်(ပြန်/ဆက်)**

# ခနောက်စိမ်းသန့်စင်စက်ရုံ တည်ဆောက်နိုင်ရေး ကရင်ပြည်နယ်ဝန်ကြီးချုပ်အား လာရောက်တွေ့ဆုံ

**ဘားအံ ဩဂုတ် ၂၀**

ကရင်ပြည်နယ် ဘားအံမြို့နယ်အတွင်း Than Lwin Shwe Technology Co.,Ltd. မှ အမေရိကန်ဒေါ်လာ နှစ်သန်းခန့် ရင်းနှီးမြှုပ်နှံ၍ ခနောက်စိမ်းသန့်စင်စက်ရုံ တည်ဆောက်နိုင်ရေးအတွက် ဩဂုတ် ၂၀ ရက် မွန်းလွဲ ၂ နာရီက ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးနှင့် အစိုးရအဖွဲ့ဝင်များအား ကရင်ပြည်နယ်အစိုးရအဖွဲ့ရုံး ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။

ထိုသို့ တွေ့ဆုံရာတွင် Than Lwin Shwe Technology Co.,Ltd. မှ တာဝန်ရှိသူတစ်ဦးက တစ်နှစ်လျှင် ခနောက်စိမ်းတန်ချိန် ၉၀၀ ခန့် ထုတ်လုပ်နိုင်သော ၄၅ နှစ်သက်တမ်းရှိ ခနောက်စိမ်းသန့်စင်စက်ရုံကို တည်ဆောက်လိုကြောင်း၊ မြေဧရိယာ ရှစ်ဧကမှ ၁၀ ဧကခန့်ပေါ်တွင် မီးခိုးထွက်မှုမရှိသလောက် နည်းပါးသော သန့်စင်သည့် နည်းပညာကို အသုံးပြုသွားမည်ဖြစ်ပြီး ဒေသတွင်း အလုပ်အကိုင်အခွင့်အလမ်းများ ရရှိနိုင်မည်ဖြစ်ကြောင်းနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းကာကွယ်မည့် အစီအစဉ်များကို ရှင်းလင်းတင်ပြရာ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ဥပဒေလုပ်ထုံး လုပ်နည်းများနှင့်အညီ သတ်မှတ်စည်းမျဉ်းစည်းကမ်းများအတိုင်း အဆင့်ဆင့်ရေးဆွဲတင်ပြရန်နှင့် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**



# တပ်မတော် တပ်ရင်း / တပ်ဖွဲ့အသီးသီးမှ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များအား ရင်းရင်းနှီးနှီး တွေ့ဆုံ၊ ဂုဏ်ပြုစားပွဲ အတူတကွသုံးဆောင်

**နေပြည်တော် ဩဂုတ် ၃၀**

ရဲဘော်စိတ်ဟူသည် ရဲဘော်အချင်းချင်းအပေါ် ထားရှိသော မေတ္တာတရား၊ သံယောဇဉ်တရား၊ သစ္စာစောင့်သိမှုတရားပင်ဖြစ်သည်နှင့်အညီ တပ်မတော်တွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် အရာရှိ၊ စစ်သည် အဆင့်အတန်းအားလုံး ရဲဘော်စိတ်အပြည့်ထားရှိပြီး အထက်အောက်ညီညွတ်မျှတသည့် အုပ်ချုပ်မှုစနစ်ရှိရန် လိုအပ်ကြောင်း တပ်မတော်အကြီးအကဲမှ လမ်းညွှန်မှာကြားထားသည်ဖြစ်ရာ အုပ်ချုပ်မှု ညီညွတ်မျှတစေရန်အတွက် ကွပ်ကဲအုပ်ချုပ်ရာ၌ တပ်မှူးကောင်းစိတ်ဓာတ် (Commander Spirit)၊ ဖခင်သဖွယ်စိတ်ဓာတ် (Fatherly Spirit) တို့ဖြင့် ကွပ်ကဲအုပ်ချုပ် ဆောင်ရွက်လျက် ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် အနောက်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ထင်လတ်ဦးနှင့် တာဝန်ရှိသူများက နယ်မြေခံသင်တန်းကျောင်းသို့ သွားရောက်၍ အရာရှိ၊ စစ်သည်များနှင့် နေ့လယ်စာ အတူတကွ လက်ရည်တစ်ပြင်တည်း သုံးဆောင်ကြသည်။ **(ယာပုံ)**

အလားတူ တိုင်းစစ်ဌာနချုပ်များအလိုက် တပ်နယ်အသီးသီးမှ တပ်မတော် အရာရှိကြီးများကလည်း ၎င်းတို့၏ ကွပ်ကဲမှုများအလိုက် တပ်ရင်း/တပ်ဖွဲ့များနှင့် နယ်မြေခံသင်တန်းကျောင်းများမှ အရာရှိ၊ စစ်သည်၊ မိသားစုများကို ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ပြီး ဂုဏ်ပြုစားပွဲများ အသီးသီး ပြုလုပ်၍ တက်ရောက်အားပေးကာ အရာရှိ၊ စစ်သည်၊ မိသားစုများနှင့်အတူတကွ သုံးဆောင်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



# မြစ်ကြီးနားမြို့ရှိ တပ်မတော်ဆေးရုံ၌ တက်ရောက်ကုသမှု ခံယူနေသူများကို ကြည့်ရှုအားပေး

**နေပြည်တော် ဩဂုတ် ၃၀**

ကချင်ပြည်နယ် မြစ်ကြီးနားမြို့ရှိ တပ်မတော်ဆေးရုံ၌ တက်ရောက်ကုသမှုခံယူလျက်ရှိသော အရာရှိ၊ စစ်သည်၊ မိသားစုများနှင့် ဒေသခံပြည်သူများကို ယနေ့တွင် မြောက်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ကိုကိုမောင်နှင့် အဖွဲ့ဝင်များက သွားရောက်ကြည့်ရှု၍ တစ်ဦးချင်း၏ ရောဂါဖြစ်ပွားမှု၊ ဆေးဝါးကုသပေးထားမှုနှင့် ကျန်းမာရေးတိုးတက်မှု အခြေအနေများကို ရင်းရင်းနှီးနှီးမေးမြန်း အားပေးစကားပြောကြားပြီး စားသောက်ဖွယ်ရာများ ပေးအပ်သည်။ **(အောက်ပုံ)**

ထို့နောက် တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ဆေးရုံအတွင်း လှည့်လည်ကြည့်ရှုပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**





# ခရိုင်အဆင့် (၂၃) ကြိမ်မြောက် အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲပြုလုပ်

**နေပြည်တော် ဩဂုတ် ၃၀**

ခရိုင်အဆင့် (၂၃) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲဖွင့်ပွဲကို ရှမ်းပြည်နယ်တောင်ပိုင်း လွိုင်လင်မြို့ရှိ ကွန်ပျူတာ တက္ကသိုလ်(ပင်လုံ)၌ ပြုလုပ်ရာ အရှေ့အလယ်ပိုင်း တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် မျိုးမင်းထွန်းနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ တက္ကသိုလ် ပါမောက္ခချုပ်နှင့် ဆရာ ဆရာမများ၊ ဒိုင်အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင်အဖွဲ့များနှင့် ဒေသခံတိုင်းရင်းသား ပြည်သူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ခရိုင်အဆင့် (၂၃) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး တိုင်းမှူးက အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ပြိုင်ပွဲအမျိုးအစားအလိုက် ယှဉ်ပြိုင်မှုများကို ကြည့်ရှုအားပေးပြီး ထောက်ပံ့ငွေများပေးအပ်ရာ တာဝန်ရှိသူတစ်ဦးက လက်ခံရယူကြောင်း သတင်းရရှိသည်။ **(အပေါ်ပုံ)**

**သတင်းစဉ်**

# အင်ပူမြို့နယ်၌ ကိုယ်ဝန်ဆောင်မိခင်များနှင့် အသက်နှစ်နှစ်အောက်ကလေးငယ်များအား ထောက်ပံ့

**အင်ပူ ဩဂုတ် ၃၀**

ဧရာဝတီတိုင်းဒေသကြီး အင်ပူမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ယနေ့ နံနက်ပိုင်းက လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာနမှ မြို့နယ်အတွင်းရှိ ကိုယ်ဝန်ဆောင်မိခင်များနှင့် ၎င်းတို့မှ မွေးဖွားလာသော အသက်နှစ်နှစ်အောက် ကလေးငယ်များအား ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်(ပထမပတ်) ဧပြီ၊ မေ၊ ဇွန်အတွက် ထောက်ပံ့ငွေ ပေးအပ်ပွဲ ပြုလုပ်သည်။

အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ကျော်မိုးနှင့် မြို့နယ်လူမှုဝန်ထမ်းဦးစီးဌာနမှ ဦးစီးအရာရှိဒေါ်ရွှေဇင်ရတနာတို့က ထောက်ပံ့ငွေများပေးအပ်ရာ တက်ရောက်လာသည့် ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ရပ်/ကျေးစာရေးများက လက်ခံရယူကြသည်။ **(ဝဲပုံ)**



အင်ပူမြို့နယ် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနမှ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ဧပြီ၊ မေ၊ ဇွန်(ပထမပတ်)အတွက် မြို့နယ်အတွင်းရှိ MCCT တွင် အကျုံးဝင်သော ကိုယ်ဝန်ဆောင်မိခင် ၁၆၈၃ ဦးနှင့် ၎င်းတို့မှ မွေးဖွားလာသော အသက်နှစ်နှစ်အောက် ကလေးငယ် ၃၇၆၉ ဦး စုစုပေါင်း ၅၄၅၂ ဦးတို့အတွက် ထောက်ပံ့ငွေကျပ် ၂၃၅၂၁၅၀၀၀ ထောက်ပံ့ပေးကြောင်း သိရသည်။

**မန်းကျော်(ပြန်/ဆက်)**

# မြောင်းမြမြို့၌ ကွဲကွာပျောက်ဆုံးနေသော မိသားစုကို ရှာဖွေစုံစမ်းနိုင်ရန် အသိပညာပေးဆောင်ရွက်

**မြောင်းမြ ဩဂုတ် ၃၀**




ဧရာဝတီတိုင်း ဒေသကြီး မြောင်းမြမြို့၌ မြောင်းမြခရိုင် ကြက်ခြေနီ တပ်ဖွဲ့မှူး ဦးစန်းဝင်း ဦးဆောင်၍ ဩဂုတ် ၃၀ ရက်တွင် ကျရောက်သော အပြည်ပြည်ဆိုင်ရာ ပျောက်ဆုံးသူများနေ့ (International Disappearance Day)တွင် ကွဲကွာပျောက်ဆုံးနေသော မိသားစုကို ရှာဖွေစုံစမ်းပြီး ပြန်လည်ဆက်သွယ်ပေးရေး အသိပညာပေးလုပ်ငန်းကို ယနေ့ နံနက်ပိုင်းက ဆောင်ရွက်သည်။

အပြည်ပြည်ဆိုင်ရာ ပျောက်ဆုံးသူများနေ့တွင် ကွဲကွာပျောက်ဆုံးနေပြီး မိသားစုဝင်များနှင့် အဆက်အသွယ် ပြတ်တောက်နေသူများကို အဆက်အသွယ် ပြန်လည်ရရှိစေရန် ရည်ရွယ်ပြီး ခရိုင်နှင့်မြို့နယ် ကြက်ခြေနီအသင်းခွဲမှ ကြက်ခြေနီ တပ်ဖွဲ့ဝင်များက လူစည်ကားရာ နေရာများ၊ ဌာနဆိုင်ရာ ကြော်ငြာဘုတ်များတွင် အသိပညာပေးပိုစတာများ ကပ်ခြင်း၊ လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းတို့ကို ဆောင်ရွက်သည်။

**မြောင်းမြ(ခရိုင်ပြန်/ဆက်)**

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် ဩဂုတ် ၃၀**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ် မဟာမြိုင်(၂)ရပ်ကွက်နေ သိရီမျိုးသက်(ခ) ပိုတိုးသည် ၎င်းအသုံးပြုသည့် "Li Lith" Facebook အကောင့်၊ နွားထိုးကြီးမြို့နယ် ကံဦးကျေးရွာနေ ဥူးဇနက(ခ) စိုးနိုင်ဦးသည် ၎င်းအသုံးပြုသည့် "Htet Hein" Facebook အကောင့်တို့သည် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ် အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# တရားမဝင် ကျွန်းထည်ပစ္စည်းများ၊ လူသုံးကုန်ပစ္စည်း၊ လျှပ်စစ်ပစ္စည်း၊ စက်မှုကုန်ကြမ်းပစ္စည်း၊ ယန္တရားအပိုပစ္စည်းများနှင့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ

**နေပြည်တော် ဩဂုတ် ၃၀**

တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ဩဂုတ် ၂၈ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တိုင်းဒေသကြီး သစ်တောဦးစီးဌာန ဦးဆောင်သော ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ရန်ကုန်မြောက်ပိုင်းခရိုင် လှည်းကူးမြို့နယ် ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး မိုင်တိုင်(၁၈/၄) နှင့် (၁၈/၅)အကြား၌ မော်တော်ယာဉ်တစ်စီးပေါ်မှ တရားမဝင် ကျွန်းပါကေး အကြမ်းတုံးများ ၀ ဒသမ ၅၂၂ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၄၄၆၅၂) နှင့် အဆိုပါသစ်များ တင်ဆောင်လာသော Toyota Probox အမျိုးအစား မော်တော်ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၃၄၄၆၅၂ ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ ဩဂုတ် ၂၉ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် ရှမ်းပြည်နယ် ရေပူအမြဲတမ်းစစ်ဆေးရေး စခန်း၌ ဝင်ရောက်အစစ်ဆေးခံသော မော်တော်ယာဉ် တစ်စီးအား အသေးစိတ် တိုက်ဆိုင်စစ်ဆေးနိုင်ရေးအတွက် လားရှိုးမြို့နယ် အကောက်ခွန် ဦးစီးဌာနမှူးရုံးသို့ ခေါ်ဆောင်၍ တာဝန်ကျ အကောက်ခွန်အဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ သွင်းကုန်ကြေညာလွှာ ID တွင် ကြေညာဖော်ပြထားခြင်းမရှိဘဲ ကွဲလွဲ၍ တင်ဆောင်လာသော Two Wheel Tractor အပိုပစ္စည်းများ (ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၂၀၂၉၁၂၃) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသော Hino Profia Sh1edx အမျိုးအစား မော်တော်ယာဉ် တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၃၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၅၅၀၂၉၁၂၃ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် မြန်မာ့စက်မှုဆိပ်ကမ်း ကုန်သေတ္တာစစ်ဆေးရေးစခန်း၌ တာဝန်ကျစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ကုန်သေတ္တာတစ်လုံးအတွင်းမှ သွင်းကုန်ကြေညာလွှာ ID တွင် ကြေညာထားခြင်းမရှိသော Generator Machine တစ်လုံးနှင့် စက္ကူပြုလုပ်ရာတွင် အသုံးပြုသည့် Strengthening Agent ၅၀၀၀ ကီလိုဂရမ် (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၀၀၀၀၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် နေပြည်တော်ကောင်စီ တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် လယ်ဝေးမြို့နယ် သစ်တောဦးစီးဌာန ဦးဆောင်သော ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဒက္ခိဏခရိုင် လယ်ဝေးမြို့နယ် မြွေရိုးကျောင်းစု ကျေးရွာအုပ်စု၌ တရားမဝင် ကျွန်းခွဲသားနှင့် ကျွန်းဘုရားစင်အကြမ်း ၀ ဒသမ ၁၆၉၀ တန် (ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၁၁၅၄၀) ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။





အလားတူပင် ကရင်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ကော့ကရိတ် (တံတားကျိုး) စုပေါင်း စစ်ဆေးရေးစခန်း၌ တာဝန်ကျ ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဩဂုတ် ၂၉ ရက်တွင် မော်တော်ယာဉ်နှစ်စီးပေါ်မှ သွင်းကုန်ကြေညာလွှာ ID ၌ ကြေညာထားသည်ထက် ပိုမိုတင်ဆောင်လာသော ကြွေပြားချပ်များနှင့် SLIM BAG အိတ်များ (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၀၀၀၀၀) ကို လည်းကောင်း၊ ဩဂုတ် ၃၀ ရက်တွင် မော်တော်ယာဉ်တစ်စီးပေါ်မှ သွင်းကုန်ကြေညာလွှာ ID ၌ ကြေညာထားခြင်းမရှိသော MEN Slipper များ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၆၀၀၀၀) ကို လည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၅၅၆၀၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ ဩဂုတ် ၂၈ ရက်၊ ၂၉ ရက်နှင့် ၃၀ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ၁၀ မှု၊ ခန့်မှန်းတန်ဖိုးငွေကျပ် ၈၁၀၄၅၃၁၅ ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**

# မြဝတီမြို့၊ ဘားအံမြို့၊ ပြင်ဦးလွင်မြို့နှင့် နောင်ချိုမြို့နယ်တို့၌ မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

နေပြည်တော် ဩဂုတ် ၃၀

**မြဝတီမြို့၊ ဘားအံမြို့၊ ပြင်ဦးလွင်မြို့နှင့် နောင်ချိုမြို့နယ်တို့၌ မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။**



ဖြစ်စဉ်မှာ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဩဂုတ် ၂၉ ရက် မွန်းလွဲ ၁ နာရီ ၄၅ မိနစ်တွင် မြဝတီမြို့ အမှတ်(၄)ရပ်ကွက် မေတ္တာလမ်းတွင် မအေးအေးဖြူ (ခ)မဖြူအား ဆိုင်ကယ်တစ်စီးနှင့်အတူ မသင်္ကာဖွယ် တွေ့ရှိသဖြင့် စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၃၉၀၀၀ သိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်အရ မွန်းလွဲ ၂ နာရီ ၁၅ မိနစ်တွင် မြဝတီမြို့ အမှတ်(၄) ရပ်ကွက်ရှိ စားသောက်ဆိုင်အနီး၌ စိတ်ကြွရူးသွပ်ဆေးပြားများ သယ်ဆောင်ရောင်းဝယ်ရာတွင် ပူးပေါင်းပါဝင်သူများ ဖြစ်ကြသည့် မျိုးထက်(ခ) ဂတုံး (ခ) အညာသားနှင့် စောမြင့်ထွန်း (ခ)ဖူးဖူးတို့အား Honda Fit အမျိုးအစား မော်တော်ယာဉ် တစ်စီး၊ ဆိုင်ကယ်တစ်စီးတို့နှင့် အတူလည်းကောင်း (ဝဲပုံ)၊ အလားတူ ယင်းနေ့ မွန်းလွဲ ၂ နာရီတွင် ကရင်ပြည်နယ်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သောပူးပေါင်းအဖွဲ့သည် ဘားအံမြို့ အမှတ်(၈) ရပ်ကွက် ဘားအံ-ထုံးအိုင်သွားကားလမ်းတွင် ခင်မောင်ထွေး မောင်းနှင်ပြီး မမြမြ လိုက်ပါလာသည့် Super Custom အမျိုးအစား မော်တော်ယာဉ်အား ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၅၇၁ ပြားကို လည်းကောင်း။

ထို့အတူ ယင်းနေ့ ည ၇ နာရီခွဲတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သောပူးပေါင်းအဖွဲ့သည် ပြင်ဦးလွင်မြို့ ရပ်ကွက်ကြီး(၁၁) လားရှိုး-မန္တလေးသွား ကားလမ်းတွင် မအိအိဖြိုး မောင်းနှင်ပြီး မနှင်းနှင်း လိုက်ပါလာသည့် ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၃၀၀၀ ကိုလည်းကောင်း၊ ယင်းနေ့ ညနေ ၄ နာရီ ၁၅ မိနစ်တွင် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သောပူးပေါင်းအဖွဲ့သည် နောင်ချိုမြို့နယ် တောင်ရှည်ကျေးရွာအုပ်စု တောင်ရှည်ကျေးရွာအနီး ရပ်စောက် - နောင်ချိုသွားကားလမ်းတွင် အောင်ချစ်(ခ)ကိုချစ် မောင်းနှင်လာသည့် ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀ ကို လည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် အောင်ချစ်(ခ)ကိုချစ် ၄၈ နှစ်အား မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**သတင်းစဉ်**

# အာဖရိကဝက်အပြင်းဖျားရောဂါ ကြိုတင်ကာကွယ်ရေး အသိပေးနှိုးဆော်ချက်

အာဖရိကဝက်အပြင်းဖျားရောဂါသည် ဝက်များတွင် ဗိုင်းရပ်စ်ပိုး ကြောင့်ဖြစ်ပွားတတ်သော ကူးစက်မြန်ရောဂါတစ်ခုဖြစ်ပြီး မိမိတို့ မွေးမြူထားသောဝက်များကို အဆိုပါရောဂါ ဖြစ်ပွားကျရောက်ခြင်းမှ ကြိုတင်ကာကွယ်နိုင်ရေးအတွက် အောက်ပါအတိုင်းလိုက်နာ ဆောင်ရွက်နိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

( ၁ ) အာဖရိကဝက်အပြင်းဖျားရောဂါသည် လူသို့ လုံးဝ(လုံးဝ) ကူးစက်ခြင်းမရှိပါ၊

( ၂ ) ဝက်မွေးမြူရေးခြံများ၏ ဇီဝလုံခြုံမှုကို အထူးဂရုပြုမြှင့်တင်ရန်၊

( ၃ ) ဝက်ခြံများနှင့် သားငါးဈေးများတွင် စနစ်တကျ ပိုးသတ်ဆေး ဖျန်းခြင်း ပုံမှန်ပြုလုပ် ဆောင်ရွက်ရန်၊

( ၄ ) ဝက်များကို စားသောက်ဆိုင်နှင့် အိမ်များမှ စားကြွင်းစားကျန် များ ကျွေးမည်ဆိုပါက အပူပြင်းပြင်းဖြင့် ချက်ပြုတ်ပြီးမှ ကျွေးမွေးရန်၊

( ၅ ) အခြားခြံမှ အသုံးအဆောင်ပစ္စည်းများ ငှားရမ်းသုံးစွဲခြင်း မပြုရန်နှင့် လူအဝင် အထွက် ထိန်းချုပ်ရန်၊

( ၆ ) အသက်အရွယ်တူဝက်များကိုသာ အတူတူမွေးမြူရန်၊

( ၇ ) ဝက်ခြံများ အပူချိန်၊ စိုထိုင်းဆ၊ လေဝင်လေထွက်ကောင်းမွန် စေရေး ဆောင်ရွက်ရန်၊

( ၈ ) ရောဂါကင်းရှင်းကြောင်း စိတ်ချရသောခြံမှ ဝက်များကို ဝယ်ယူမွေးမြူရန်၊

( ၉ ) ဝယ်ယူသည့်ဝက်များကို မိမိခြံရှိဝက်များနှင့်အတူ ထည့်သွင်း မွေးမြူခြင်းမပြုမီ သီးသန့်ခွဲခြားထား၍ ရောဂါကင်းရှင်းမှ မွေးမြူရန်၊

(၁၀) ပြည်ပမှ တရားမဝင်တင်သွင်းလာသော ဝက်အရှင်နှင့် ဝက်ထွက်ပစ္စည်းများဖြစ်သည့် ဝက်သား၊ အေးခဲဝက်သား၊ ဝက်ပေါင်ခြောက်၊ ဝက်အူချောင်းနှင့် အခြားဝက်ထွက်ပစ္စည်း များ တင်သွင်းခြင်း၊ ရောင်းချခြင်း၊ စားသုံးခြင်း မပြုရန်၊

(၁၁) တောဝက်နှင့် အိမ်မွေးဝက်များ ရောနှောထိတွေ့ခြင်းမှ ကာကွယ်ရန်၊

(၁၂) တောဝက်နှင့် အိမ်မွေးဝက်များ ပုံမှန်မဟုတ်ဘဲ ရုတ်တရက် သေဆုံးပါက နီးစပ်ရာအုပ်ချုပ်ရေးအဖွဲ့၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ် ထံသို့ ချက်ချင်းသတင်းပို့ရန်၊

(၁၃) ရောဂါကြိုတင်ကာကွယ်ရေးနှင့် ရောဂါစူးစမ်းရှာဖွေခြင်း လုပ်ငန်းများတွင် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းပါဝင်ဆောင်ရွက်ရန်နှင့် ညွှန်ကြားချက်များအား လိုက်နာဆောင်ရွက်ရန်။

**မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန**
**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၃၀- ၈ - ၂၀၂၂

### ရွှေ

| | |
|---|---|
| အကယ်ဒမီမီးလင်းရွှေအဖွင့်ဈေး | တစ်ကျပ်သား ကျပ် ၂၀၃၅၀၀၀ |
| အကယ်ဒမီမီးလင်းရွှေအပိတ်ဈေး | တစ်ကျပ်သား ကျပ် ၂၀၃၂၀၀၀ |
| ကမ္ဘာ့ရွှေဈေးအဖွင့်ဈေး | တစ်အောင်စ အမေရိကန်ဒေါ်လာ ၁၇၃၅ |
| ကမ္ဘာ့ရွှေဈေးအပိတ်ဈေး | တစ်အောင်စ အမေရိကန်ဒေါ်လာ ၁၇၃၂ |

(ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်းမှ ရယူပါသည်)

### စက်သုံးဆီ(လက်လီဈေးနှုန်းများ)

| စက်သုံးဆီ | (ရန်ကုန်) | (မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၃၂၅၅ ကျပ် | ၃၃၀၀ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၃၃၃၅ ကျပ် | ၃၃၈၅ ကျပ် |
| အောက်တိန်း ၉၂ | ၂၅၇၀ ကျပ် | ၂၆၁၅ ကျပ် |
| အောက်တိန်း ၉၅ | ၂၆၃၅ ကျပ် | ၂၆၈၀ ကျပ် |

(Moon Sun စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)

### နိုင်ငံတကာ ငွေကြေးများ

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၂၁၀၀ |
| ဥရောပ | တစ်ယူရို | ကျပ် | ၂၁၀၇ . ၄ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၅၀၅ . ၅ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၅၇ . ၇၄၈ |
| ဂျပန် | ယန်း ၁၀၀ | ကျပ် | ၁၅၁၈ . ၄ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၄၆၈ . ၈၅ |
| တရုတ် | တစ်ယွမ် | ကျပ် | ၃၀၄ . ၁၇ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၂၆ . ၄၀၆ |

(မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ရယူပါသည်)

### ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၇၀၀၀ | ၇၃၀၀ | ၁၄၀ | ၁၀၀၅၀၀၀ |
| MTSH | ၂၄၅၀ | ၂၅၀၀ | ၁၉၅၉၆ | ၄၈၀၂၆၃၅၀ |
| MCB | ၆၈၀၀ | ၆၈၀၀ | ၂၀၆ | ၁၄၀၀၈၀၀ |
| FPB | ၁၈၀၀၀ | ၁၈၀၀၀ | ၁ | ၁၈၀၀၀ |
| TMH | ၂၄၀၀ | ၂၃၀၀ | ၄၄၆ | ၁၀၆၇၀၅၀ |
| EFR | ၂၄၀၀ | ၂၄၀၀ | ၂ | ၄၈၀၀ |
| AHP | ၅၀၀၀ | ၅၀၀၀ | ၅ | ၂၅၀၀၀ |

ညီညီ - စုစည်းသည်


မြန်မာ့အလင်း

စာတည်းမှူးချုပ် - အောင်နိုင်ဦး
ခေတ္တစာတည်းမှူး - မြင့်စိုး
သတင်းထောက်မှူး - ခင်ရတနာ
စာတည်းများ - ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး
ဘာသာပြန်စာတည်း - ချိုးစန္ဒီနွေး၊ တင်လင်းအောင်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်
အငယ်တန်းသတင်းထောက်များ - နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ မိမိဖြိုး၊ ဇော်ဝိုင်းအောင်၊ ခင်ဖြူထွေး
ဓာတ်ပုံသတင်းထောက် - တင်စိုး
သုတေသန - အိအိခင်နှင့် အဖွဲ့
စာပြင် - အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - သန်းထွန်းအောင်နှင့် အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့် အဖွဲ့
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)



mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။



MYANMAR Digital News
Presented by NPE
www.mdn.gov.mm


## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၃၁-၈-၂၀၂၂ ဗုဒ္ဓဟူးနေ့

### MRTV HD

- **၀၆:၀၀** မေတ္တသုတ်၊ ရတနသုတ်၊ တောရှင်သုတ် အနန္တရာယ်ကင်းပရိတ်တရားတော်
- **၀၇:၀၀** နံနက်ခင်းသတင်း
- **၀၈:၃၅** ပြည်သူအားလုံးနှင့်သက်ဆိုင်သော အနာဂတ်ဒီမိုကရေစီ
- **၀၉:၁၀** မွေးမြူရေးရာအဖြာဖြာ
- **၁၀:၀၀** သတင်းထဲကသတင်း
- **၁၁:၄၀** ရှုဖွယ်စုံလင်အာဆီယံအစီအစဉ်
- **၁၂:၃၀** နိုင်ငံခြားဇာတ်လမ်းတွဲ **'ဘတ်စကက်ဘောအက်ဆေး'** (အပိုင်း-၄၀)(ဇာတ်သိမ်းပိုင်း)
- **၁၃:၃၀** MRTV National News
- **၁၆:၃၅** အသိပညာနှင့်အမှန်တရား
- **၁၇:၁၅** ခေတ်အလိုက်ကြေးမုံပြင်
- **၁၈:၀၀** ပြည်တွင်းသတင်း
- **၁၈:၃၅** '(၃၈)ဖြာမင်္ဂလာ' (ဦးနန္ဒဝင်းရေးသားပူဇော် တင်ဆက်သည်) **'ဗဟုသစ္စ'**
- **၁၉:၁၀** ရုပ်မြင်သံကြားဇာတ်လမ်း **'တန်ဖိုးရှိသူဖြစ်ပါစေ'**
- **၁၉:၂၀** နိုင်ငံခြားဇာတ်လမ်းတွဲ **'ချစ်ပန်းရနံ့ လွင့်ပျံ့အမှန်း'** (အပိုင်း-၉)
- **၂၀:၀၀** ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
- **၂၁:၁၅** (၁၈)ကြိမ်မြောက်ဆိုကရေးတီးပြိုင်ပွဲ 'မဟာဗုဒ္ဓဝင်ဖွားတော်မူခန်း' (ပထမဆု) (ရန်ကုန်တိုင်းဒေသကြီး)(ပထမပိုင်း)
- **၂၂:၅၅** နိုင်ငံခြားဇာတ်လမ်းတွဲ **'အချစ်ဆိုသည်မှာ'** (အပိုင်း-၁၉)

### mitv

- **07:02** Evergreen Classic: Myat Hsu Mon (Hnin Yee Thant, Hnin Hnin Htoo, Shwe Yee Win, Sein Lei Lei, Nan Sandy)
- **07:05** Mote Sein Paung from Intaing Village
- **07:15** Talking Shwe Thway (Children Journal)
- **07:27** Danu Food: Tofu Dish
- **07:35** Asia Updates: Racing against the Coronavirus (Epi-1) (P-3) Concerted Efforts
- **08:01** Myanmar Paper Toys
- **08:07** Bridge On The River Tapam
- **08:29** Let's go to....Natural Paradise
- **09:01** News
- **09:26** Global Partnership for Brighter Future: Peru Pavilion at Expo 2020 Dubai
- **09:36** Artist Life: Designer May Myat Waso

### MRTV NRC

**အရှေ့ပိုးကရင် (၀၆:၀၀ မှ ၀၇:၀၀)**
ညီညွတ်ရေးသံစဉ်

**ချင်း (လိုင်ဇိုး) (၀၇:၀၀ မှ ၀၈:၀၀)**
သံပရာခွံအရန်ဟင်းချက်ပြုတ်နည်း

**ချင်း (ချိုး) (၀၈:၀၀ မှ ၀၉:၀၀)**
သီးနှံသစ်အတွက်ဆုတောင်းခြင်း

**မွန် (၀၉:၀၀ မှ ၁၁:၀၀)**
မော်လမြိုင်မြို့ရဲ့အထင်ကရနေရာများ

**ရခိုင် (၁၁:၀၀ မှ ၁၃:၀၀)**
မြန်မာပြည်တစ်လွှားလျှာထိအာထိရခိုင်ဟင်းလျာများ

**ရှမ်း (၁၃:၀၀ မှ ၁၅:၀၀)**
မိုးနဲဒေသလွယ်လျှန်းကျောင်းမှသမိုင်းဝင်လက်ရာများ

**ဝ (၁၅:၀၀ မှ ၁၇:၀၀)**
ကြက်သွန်ဖြူနှင့်ကျန်းမာရေး

**ကချင် (၁၇:၀၀ မှ ၁၉:၀၀)**
ရဝမ်ရိုးရာဝတ်စားဆင်ယင်ပုံ

**ကယား (၁၉:၀၀ မှ ၂၁:၀၀)**
သွေးချင်းတို့ရဲ့ ရိုးရာယဉ်ကျေးမှုများဆီသို့

**ဝကကရင် (၂၁:၀၀ မှ ၂၂:၀၀)**
ကရင်အခေါ်အဝေါ်စာအုပ်

**အနောက်ပိုးကရင် (၂၂:၀၀ မှ ၂၃:၀၀)**
ကရင်စကားပုံများအကြောင်း

### MRTV NEWS

- **၀၆:၀၀** အဖွင့်၊ တေးသီချင်း
- **၀၆:၄၀** အားကစားသတင်း
- **၀၈:၄၅** ASEAN Creative Economy
- **၀၉:၃၀** နိုင်ငံတကာသတင်း (LIVE)
- **၁၁:၀၀** ပြည်တွင်းသတင်း (LIVE)
- **၁၃:၃၀** နိုင်ငံတကာသတင်း (LIVE)
- **၁၄:၀၀** MRTV National News
- **၁၅:၀၀** ပြည်တွင်းသတင်း (LIVE)
- **၁၉:၀၀** ပြည်တွင်းသတင်း (LIVE)
- **၁၇:၃၀** နိုင်ငံတကာသတင်း (LIVE)
- **၂၀:၀၀** ပြည်တွင်းသတင်း (LIVE)
- **၂၁:၀၀** ပြည်တွင်းသတင်း (LIVE)

### MRTV PARLIAMENT

- **၀၉:၀၀** အဖွင့်၊ အလံ
- **၀၉:၃၀** ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို **'ကိုယ်နှင့်မဆိုင်သော်လည်း'**
- **၁၀:၀၀** ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ကြေညာချက်သတင်းများ
- **၁၀:၃၀** ဥပဒေဆိုင်ရာ သိမှတ်ဖွယ်ရာဆွေးနွေးခန်း (အပိုင်း-၈)
- **၁၁:၀၀** ရွေးချယ်တင်မြှောက်ပုံစနစ် (အပိုင်း-၁)
- **၁၁:၃၀** အတွေးအမြင် (အပိုင်း-၈)

### MRTV FARMERS'

- **၀၆:၀၀** အဖွင့်၊ နိုင်ငံတော်သီချင်း၊ နှုတ်ခွန်းဆက်
- **၀၆:၀၂** တောင်သူလယ်သမားရေးရာသတင်း
- **၀၇:၁၅** အပင်ဗီဇအရင်းအမြစ်များစုဆောင်းရာ မျိုးစေ့ဘဏ်အကြောင်းသိကောင်းစရာ
- **၀၇:၃၅** စီးပွားဖြစ်နိုင် တစ်ပိုင်တစ်နိုင် ဒေသကြက်နှင့် ဘဲမွေးမြူကြအပိုင်
- **၀၇:၄၅** တောင်သူလယ်သမားများအတွက်စံပြကွက်
- **၀၈:၂၅** ခေတ်မီမီအရည်အသွေးကောင်းရောင်းပန်းလု
- **၀၉:၄၅** ရာဘာနှင့်ဆီအုန်းစပ်မျိုးသစ်များထုတ်လုပ်ခြင်း

### MRTV SPORTS

- **၀၆:၀၀** အဖွင့်
- **၀၆:၃၀** အခြေခံအားကစားနည်းစနစ်များ
- **၀၇:၀၀** Sports News
- **၀၇:၃၀** Soccer View/Weekly Sports Info Sports Diary/Weekly MNL Review
- **၀၇:၄၅** အားကစားလောကထဲကသူတို့အကြောင်း
- **၀၈:၀၀** ပြန်လည်ခံစားမြန်မာနေရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ
- **၂၀:၀၀** ပြည်တွင်းသတင်း


Education Channel ကို နေ့စဉ် နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်လျှင် (၄)နာရီ (၆)ကြိမ်နှုန်း (၂၄)နာရီ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်၊
SCAN ME
www.mrtv.gov.mm t.me/mrtvnews twitter.com/mrtvwebportal

# လှော်ကား ရေဝေရေလဲဒေသနှင့် ရေလှောင်ကန်ဝင်းအတွင်း အုန်းချိုမွှေးပင်များ စိုက်ပျိုးပေး

ရန်ကုန် ဩဂုတ် ၃၀

**ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ (မြို့တော်ဝန်) ဦးဗိုလ်ဌေး၊ ဒုတိယမြို့တော်ဝန်နှင့် တာဝန်ရှိသူများသည် ဩဂုတ် ၂၉ ရက်က မင်္ဂလာဒုံမြို့နယ် လှော်ကားရေဝေရေလဲဒေသသို့ ရောက်ရှိပြီး ဝန်ထမ်း ၁၂၀ နှင့်အတူ ယိုးဒယားအုန်းခေါ် အုန်းချိုမွှေးပင် ၂၅၀ ကို စိုက်ပျိုးပေးကြသည်။**

ယင်းနောက် အမှတ် (၃)လမ်းမရှိ အောင်တံခွန် ထပ်ဆင့်ရေတွန်းစက်ရုံမှ လှော်ကား ရေလှောင်ကန်သို့ ရေအားဖြည့် ဆက်သွယ်ပေးထားသည့် ရေသွယ်ကွန်ကရိရေမြောင်းကို လည်းကောင်း၊ မင်္ဂလာဒုံခရိုင် လှော်ကားတာဝန်ခံရုံးအနီး လှော်ကားရေဝေရေလဲဒေသအတွင်း အစားထိုးဖြည့်သွင်း စိုက်ပျိုးမည့် ပျိုးပင်များ ပျိုးထောင်ထားရှိမှုကိုလည်းကောင်း လိုက်လံကြည့်ရှုစစ်ဆေးပြီး ဘေးဝဲ/ယာ သန့်ရှင်းသာယာသပ်ရပ်ဆောင်ရွက်ရန်၊ မြေယာရှုခင်းဆောင်ရွက်ရန်နှင့် နံရံကပ်စာကြည့်စင်ပြုလုပ်၍ စာအုပ်များထားရှိရန် မှာကြားပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် မြို့တော်ဝန်နှင့်အဖွဲ့သည် လှော်ကား ရေလှောင်ကန်သို့ ရောက်ရှိပြီး အင်ဂျင်နီယာဌာန (ရေနှင့်သန့်ရှင်းမှု) မှ ဝန်ထမ်းအင်အား ၁၀၀ နှင့်အတူ ယိုးဒယား အုန်းခေါ် အုန်းချိုမွှေးပင် ၁၅၀ ကို စိုက်ပျိုးပေးပြီး အုန်းပင်များ ဆက်လက်ရှင်သန်ကြီးထွားအောင် ပြုစုစောင့်ရှောက်သွားရန် မှာကြားသည်။

ယင်းနောက် မြို့တော်ဝန်နှင့်အဖွဲ့သည် လှော်ကား ရေလှောင်ကန်ဝင်းအတွင်း မဟော်ဂနီအပင် ၂၈၈၀ စိုက်ပျိုးမည့်နေရာကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး စိုက်ကွက်ညီအောင် ဆောင်ရွက်ရေးနှင့် အဝင်/အထွက်လမ်း ကောင်းမွန်အောင်ပြုလုပ်ရေး၊ လှော်ကားကန်အစပ် ကုန်းမြင့်နေရာမှ သာခုကန်စေတီတော်သို့ မြင်ကွင်းလမ်းကြောင်း Visual Axis ကောင်းမွန်စေရေးအတွက် အပင်များ ဖြတ်ညှိခြင်းနှင့် မြေယာရှုခင်း ဆောင်ရွက်ရန် မှာကြား သည်။

**သတင်းစဉ်**



# ကော့သောင်းမြို့ရှိ ဈေးများအတွင်း၌ တိရစ္ဆာန်ထွက်ပစ္စည်း အေးခဲအသားအရောင်းဆိုင်များအား ကွင်းဆင်းစစ်ဆေး

**ကော့သောင်း ဩဂုတ် ၃၀**

မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနနှင့် ဌာနဆိုင်ရာပူးပေါင်းအဖွဲ့ဖြစ်သည့် တရားမဝင် တိရစ္ဆာန်နှင့် တိရစ္ဆာန်ထွက်ပစ္စည်းကာကွယ်တားဆီးရေးအဖွဲ့မှ ဩဂုတ် ၂၈ ရက်က ကော့သောင်းမြို့ လေဟာပြင်ဈေးအတွင်း တိရစ္ဆာန်နှင့် တိရစ္ဆာန်ထွက်ပစ္စည်း အေးခဲအသားအရောင်းဆိုင်များကို ကွင်းဆင်းစစ်ဆေးပညာပေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ကော့သောင်းမြို့အနေဖြင့် ထိုင်းနယ်စပ်ဖြစ်သည့်အားလျော်စွာ မြို့နေပြည်သူများ စားသုံးမှုအတွက် တစ်ဖက်ထိုင်းနိုင်ငံမှ နယ်စပ်ဖြတ်ကျော်ကာ အေးခဲသားများ၊ ကြက်ဥ၊ ဘဲဥ၊ ငုံးဥများ တိရစ္ဆာန်နှင့် တိရစ္ဆာန်ထွက်ပစ္စည်းများ နေ့စဉ်တင်သွင်းရောင်းချလျက်ရှိရာ ဒေသခံပြည်သူများဘေးဥပဒ်အန္တရာယ် ကင်းရှင်းစွာစားသုံးနိုင်ရေးနှင့် ပြည်ပမှ သယ်ယူရောင်းချခြင်းကို တိရစ္ဆာန်ကျန်းမာရေးနှင့် ဖွံ့ဖြိုးရေးဥပဒေနှင့်အညီ တရားမဝင်ရောင်းချမှု မရှိစေရေး၊ ကူးစက်ရောဂါ ပြန့်ပွားမှုမရှိစေရေးအတွက် တင်သွင်းသည့်ကူးတို့ဆိပ်နှင့် ဈေးအတွင်း အေးခဲအသားများ၊ ကြက်ဥ၊ ဘဲဥ၊ ငုံးဥများ၊ တိရစ္ဆာန်နှင့် တိရစ္ဆာန်ထွက်ပစ္စည်းအရောင်းဆိုင်များကို ကွင်းဆင်းစစ်ဆေးခြင်း၊ ရောင်းချသူများအား ဥပဒေဆိုင်ရာသိကောင်းစရာများကို အသိပေးရှင်းလင်းပညာပေးခြင်း၊ ပညာပေးလက်ကမ်း စာစောင်များဝေငှခြင်း စသည့်လုပ်ငန်းများ ဆောင်ရွက်ခြင်း ဖြစ်သည်။



အဆိုပါ ကွင်းဆင်းစစ်ဆေးပညာပေးမှုလုပ်ငန်းများကို လစဉ်၊ အပတ်စဉ် မြို့ပေါ်ရပ်ကွက်ဈေးများအတွင်း အလှည့်ကျ ပူးပေါင်းအဖွဲ့ဖြင့် ပုံမှန်ဆောင်ရွက်မည်ဖြစ်ကြောင်း မြို့နယ်တရားမဝင် တိရစ္ဆာန်နှင့် တိရစ္ဆာန်ထွက်ပစ္စည်း ကာကွယ်တားဆီးရေးအဖွဲ့မှ တာဝန်ရှိသူတစ်ဦး၏ ပြောဆိုချက်အရ သိရသည်။

**ကျော်စိုး**
**(ကော့သောင်း)**

# ပျဉ်ထောင်ကျေးရွာ၌ လျှပ်စစ်မီးလင်းရေးဖွင့်ပွဲနှင့် လုပ်ငန်းလွှဲပြောင်းအပ်နှံပွဲအခမ်းအနားကျင်းပ

**ဒက္ခိဏသီရိ ဩဂုတ် ၃၀**

သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုနယ်မြေ နေပြည်တော်ဒက္ခိဏသီရိမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၂-၂၀၂၃ခု ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ဖြင့် ဆောင်ရွက်ခဲ့သည့် လျှပ်စစ်မီးလင်းရေးဖွင့်ပွဲနှင့် လုပ်ငန်းလွှဲပြောင်းအပ်နှံပွဲအခမ်းအနားကို ဩဂုတ် ၂၉ ရက်က ပျဉ်ထောင်ကျေးရွာ၌ ကျင်းပခဲ့သည်။

ရေးဦးစွာ ခရိုင်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးမျိုးတင့်က အမှာစကားပြောကြားပြီး မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးကျော်ကျော်က လျှပ်စစ်မီးနှင့်ပတ်သက်သည့် ဆောင်ရန်၊ ရှောင်ရန်များကို ရှင်းလင်းပြောကြားကာ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်လွဲ့လွဲ့နိုင်က ပျဉ်ထောင်ကျေးရွာ၌ ကျေးရွာတွင်း လျှပ်စစ်မီးသွယ်တန်းခြင်းလုပ်ငန်း ဆောင်ရွက်ခဲ့မှုအခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

အဆိုပါ ဖွင့်ပွဲအခမ်းအနားကို ခရိုင်ဦးစီးမှူး၊ မြို့နယ်ဦးစီးမှူး၊ ဌာနဆိုင်ရာမှတာဝန်ရှိသူများ၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများနှင့် ရပ်မိရပ်ဖများက ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးခဲ့ပြီး ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များထံသို့ လုပ်ငန်းလွှဲပြောင်း ပေးအပ်သည်။

ပျဉ်ထောင်ကျေးရွာ၌ ကျေးရွာတွင်းလျှပ်စစ် မီးသွယ်တန်းခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်းပံ့ပိုးရန်ပုံငွေကျပ်သိန်း ၁၀၀၊ ကျေးရွာပြည်သူထည့်ဝင်ငွေကျပ် ၁၀၈ သိန်း၊ ကျေးရွာလူထုလုပ်အား၊ ဦးစီးဌာနဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ကျေးရွာသူ ကျေးရွာသားများကိုယ်တိုင် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ကာ အဆိုပါကျေးရွာရှိ အကျိုးပြုအိမ်ခြေ ၅၀ ကို လျှပ်စစ်မီးရရှိအောင် ဆောင်ရွက်နိုင်ခဲ့ပြီဖြစ်ကြောင်း မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးထံမှ သိရသည်။

**ချိုသန်းညွန့် (ကျေးလက်)**

**မလိုအပ်သော မီးများကို ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ**

## အများပြည်သူသို့ အသိပေးကြေညာချက်

၁။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သည် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးလုပ်ငန်းများကို ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ကော်မရှင်အပါအဝင် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများတွင် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါသည်။

၂။ ကော်မရှင်အနေဖြင့် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများ၏ ကြီးကြပ်မှုအောက်ရှိ အများပြည်သူနှင့် ဆက်သွယ်ဆောင်ရွက်လျက်ရှိသော ရုံး/ဌာနများတွင် ဝန်ဆောင်မှုရယူခဲ့ကြသော ပြည်သူများ၏ တယ်လီဖုန်းများသို့ Short Code နံပါတ် “1111” အသုံးပြု၍ SMS မှတစ်ဆင့် မေးခွန်းများမေးမြန်းခြင်းနှင့် တုံ့ပြန်မှုရယူခြင်းအစီအစဉ် (Public Feedback Programme – PFP) ကို အသုံးပြုဆောင်ရွက်လျက်ရှိပါသည်။

၃။ အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်အရ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်းများထံမှ Short Code နံပါတ် “1111” ဖြင့် ဝန်ဆောင်မှုရယူစဉ်က ကြုံတွေ့ခဲ့ရသည့် အခြေအနေများနှင့်စပ်လျဉ်း၍ ပေးပို့မေးမြန်းလိုက်သော SMS များကို မှန်ကန်စွာ ပြန်လည်ဖြေကြားပေးခြင်းဖြင့် သက်ဆိုင်ရာဌာနအသီးသီး၏ ဝန်ဆောင်မှုလုပ်ငန်းအရည်အသွေးကို သိရှိနိုင်မည်ဖြစ်ပြီး အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအတွက် လိုအပ်ချက်များကို ပြုပြင်နိုင်မည်ဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ ပြည်သူလူထုအနေဖြင့် ကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများရှိ အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့များက Short Code “1111” ဖြင့် SMS ပေးပို့ မေးမြန်းလိုက်သောမေးခွန်းများကို ပြန်လည်ဖြေကြားပေးခြင်းသည် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးလုပ်ငန်းများတွင် တစ်ဖက်တစ်လမ်းမှ ပါဝင်ဆောင်ရွက်ခြင်းဖြစ်သဖြင့် အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်ကို အတူတကွ ပူးပေါင်းပါဝင်ဆောင်ရွက်စေလိုပါကြောင်း အသိပေးနှိုးဆော်တင်ပြအပ်ပါသည်။

**အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်**

**“အဂတိလိုက်စားမှုတားဆီးဖို့ “1111” ကို ဖြေကြားစို့”**

**“ဝန်ဆောင်မှုများ ကောင်းစေရေး “1111” ကို ဖြေကြားပေး”**

**“အဂတိပယ်ခွာ ပြည်သာယာဖို့ ပူးပေါင်းဆောင်ရွက်ကြပါစို့”**

## စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန
## ပြည်တွင်းအခွန်များဦးစီးဌာန
## အောင်ဘာလေသိန်းဆုဌာနခွဲ
## ကြေညာချက်
## (ရက် စွဲ၊ ၂၀၂၂ ခုနှစ်၊ ဩဂုတ် လ ၃၁ ရက်)

၁။ ၂၀၂၂ခုနှစ်၊ စက်တင်ဘာလ(၁)ရက်နေ့တွင် ကျင်းပမည့် (၄၂) ကြိမ်မြောက် ကျပ် ၁၀၀၀ တန် အောင်ဘာလေသိန်းဆုဖွင့်ပွဲအတွက် ထီလက်မှတ်များကို **"က"အက္ခရာမှ အစဉ်လိုက်"ည"အက္ခရာအထိ** စုစုပေါင်း အက္ခရာ (၁၀) လုံးတွင် ထီစာအုပ် (၃၁၄၀၅၀) အုပ်ရောင်းချခဲ့ပါသည်။

၂။ ထီလက်မှတ်များရောင်းချရငွေမှာ ကျပ်သန်း (၃၁၄၀.၅၀၀) ဖြစ်သဖြင့် ၇၀ % ခွဲဝေချီးမြှင့်ပေးမည့် ထီဆုငွေမှာ ကျပ်သန်း (၂၁၉၈.၃၅၀) ဖြစ်ပါသည်။

၃။ အဆိုပါ ၇၀% ခွဲဝေချီးမြှင့်ပေးမည့် ထီဆုငွေများနှင့် ဘဏ္ဍာသိမ်းရငွေ ကျပ်သန်း (၂၅.၂၅၀) ကို ပြန်လည်ချီးမြှင့်ပေးမည့် ထီဆုငွေတို့မှ အောက်ဖော်ပြပါဆုမဲများ ချီးမြှင့်သွားမည်ဖြစ်ပါသည်-

(က) <u>အထူးဆုကြီး</u>
- (၁) ကျပ်သိန်းငါးထောင် = (၁) ဆု
- (၂) ကျပ်သိန်းတစ်ထောင် = (၁) ဆု

(ခ) <u>ဆုတစ်ဆုချင်း</u>
- (၁) ကျပ်သိန်းငါးရာ = (၂) ဆု
- (၂) ကျပ်သိန်းနှစ်ရာ = (၄) ဆု
- (၃) ကျပ်သိန်းတစ်ရာ = (၇) ဆု
- (၄) ကျပ်သိန်းငါးဆယ် = (၈) ဆု
- (၅) ကျပ်သိန်းနှစ်ဆယ် = (၁၂) ဆု
- (၆) ကျပ်တစ်ဆယ်သိန်း = (၁၂) ဆု

(ဂ) <u>ဝေဝေဆာဆာပဒေသာဆု</u>
- (၁) ကျပ်သုံးသိန်း = (၄၀) ဆု
- (၂) ကျပ်နှစ်သိန်း = (၂၀၀) ဆု
- (၃) ကျပ်တစ်သိန်း = (၁၂၀၀၀) ဆု

(ဃ) **ဘဏ္ဍာသိမ်းရငွေ ကျပ်သန်း(၂၅.၂၅၀)မှ ချီးမြှင့်သည့်ဆု**
- (၁) ကျပ် တစ်ဆယ်သိန်း = (၂) ဆု
- (၂) ကျပ်သုံးသိန်း = (၁၀) ဆု
- (၃) ကျပ်နှစ်သိန်း = (၁၀၀) ဆု

၄။ ဖော်ပြပါခွဲဝေထားသောဆုမဲအရေအတွက်မှာ ရောင်းရငွေ၏ ၇၀% အပေါ်အခြေခံ၍ ခွဲဝေထားခြင်းဖြစ်ပြီး ထီဖွင့်ပွဲတွင် ဝေဝေဆာဆာပဒေသာဆုမဲစနစ်မှ ရောင်းမကုန်ထီလက်မှတ်နံပါတ်များထွက်ပေါ်လာပါက အဆိုပါဆုမဲတန်ဖိုးစုစုပေါင်းအား အခြားသင့်လျော်သောဆုမဲများအဖြစ် ဆုတစ်ဆုချင်းစနစ်နှင့် ဝေဝေဆာဆာပဒေသာ ကျပ်ငါးသောင်းဆုမဲများ ပြန်လည်ဖွင့်လှစ်ပေးမည်ဖြစ်သဖြင့် ခွဲဝေထားသောဆုမဲအရေအတွက် အပြောင်းအလဲရှိနိုင်ပါသည်။ ဆုမဲတန်ဖိုးငွေစုစုပေါင်းမှာ ပြောင်းလဲမှုမရှိပါ။

၅။ (၄၂)ကြိမ်မြောက် ကျပ် ၁၀၀၀ တန် အောင်ဘာလေသိန်းဆုဖွင့်ပွဲကို (၁-၉-၂၀၂၂) ရက်နေ့ (ကြာသပတေး)၊ နံနက်(၈)နာရီအချိန်တွင် အမှတ်(၃၈၄)၊ မဟာဗန္ဓုလလမ်းနှင့်(၃၇)လမ်းထောင့်၊ ကျောက်တံတားမြို့နယ်ရှိ အောင်ဘာလေသိန်းဆုဌာနခွဲ၊ ထီဖွင့်ပွဲခန်းမ၌ ကျင်းပသွားမည်ဖြစ်ကြောင်းကြေညာအပ်ပါသည်။

## မူပိုင်ခွင့်ဆိုင်ရာ မေတ္တာရပ်ခံ အသိပေးခြင်း

၁။ ၂၀၂၃ခုနှစ်၊ ဇန်နဝါရီလ(၄)ရက်နေ့တွင် ကျရောက်မည့် (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ် ဂုဏ်ပြုတေးသီချင်း သီဆိုမှုပြိုင်ပွဲနှင့် ဖျော်ဖြေပွဲဖြစ်သည့် "တူယှဉ်နွဲပျော် ဂီတပွဲတော် Season-2" ကို ပြည်သူအများ လွတ်လပ်ရေး၏ အနှစ်သာရကို တန်ဖိုးထားလေးစားစိတ်၊ မိမိတို့၏ အချုပ်အခြာအာဏာကို ကိုယ်တိုင်ထိန်းသိမ်းရမည်ဆိုသော ထက်သန်သည့်စိတ်ဖြစ်ပေါ်စေရေး၊ မျိုးဆက်သစ်လူငယ်များ ပေါ်ထွက်လာစေရန်၊ ပြည်သူများ၏စိတ်ကို အပန်းပြေစေရန်နှင့် စိတ်ခွန်အားသစ်များ ရရှိနိုင်ရန်ရည်ရွယ်ချက်များဖြင့် ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားက ဖျော်ဖြေပွဲများကို (၂-၉-၂၀၂၂)ရက်နေ့မှစ၍ (၃၀-၁၂-၂၀၂၂)ရက်နေ့အထိ အပတ်စဉ်သောကြာနေ့ညတိုင်း တိုက်ရိုက် Live ရိုက်ကူးထုတ်လွှင့်ပြသသွားမည် ဖြစ်ပါသည်။

၂။ သို့ဖြစ်ရာ ပထမအဆင့် အုပ်စု ပွဲစဉ်(၁)မှ (၁၀)အထိ ပွဲစဉ်များတွင် ပြည်နယ်နှင့်တိုင်းဒေသကြီးများမှ ပြိုင်ပွဲဝင်များ သီဆိုယှဉ်ပြိုင်ရန်အတွက် ရွေးချယ်ထားသည့် အောက်ပါပြဌာန်းထားသော တေးသီချင်းများကို သင့်လျော်သလို အခမဲ့အသုံးပြုသွားမည်ဖြစ်ကြောင်း မူပိုင်ခွင့်ရှိသူများအား လေးစားစွာဖြင့် မေတ္တာရပ်ခံအသိပေး အကြောင်းကြားအပ်ပါသည် -

| စဉ် | သီချင်းအမည် | တိုင်း/ပြည်နယ် | ပွဲစဉ် |
|---|---|---|---|
| ၁ | ရွှေပြည်ထောင်စု | ကချင်ပြည်နယ် | ပွဲစဉ်(၁) မှ (၁၀) အထိ သီဆိုယှဉ်ပြိုင်ရန် ရွေးချယ်ထားသည့် ပြဋ္ဌာန်းတေးသီချင်းများ |
| ၂ | ဒို့ချစ်တဲ့အမိမြေ | ။ | |
| ၃ | အစွန့်ရှည်ရှည် ပြည်ထောင်စုမြေ | ။ | |
| ၄ | လူချွန်လူကောင်း | ကယားပြည်နယ် | |
| ၅ | အမေ့ပါးကသနပ်ခါး | ။ | |
| ၆ | ရွှေပန်းချီကားတိုင်းပြည် | ။ | |
| ၇ | လွတ်လပ်ရေးအနှစ်မွေ ကမ္ဘာတည် | ကရင်ပြည်နယ် | |
| ၈ | ကိုယ့်ရပ်ဌာနေ | ။ | |
| ၉ | ချစ်ခြင်းတရားနဲ့ပြည်ထောင်စု | ။ | |
| ၁၀ | ထာဝရလွတ်လပ်ရေး | ချင်းပြည်နယ် | |
| ၁၁ | ထပ်တစ်ရာလန်း | ။ | |
| ၁၂ | ဒို့တာဝန် | ။ | |
| ၁၃ | အလှကမ္ဘာမြေဝယ် | နေပြည်တော် | |
| ၁၄ | လွတ်လပ်ရေးကိုချစ်သည် | ။ | |
| ၁၅ | ပြည်ထောင်စုပန်းအိမ် | ။ | |
| ၁၆ | ပင်လုံစိတ်ဓာတ် | မွန်ပြည်နယ် | |
| ၁၇ | ဒို့ဘိုးဘွားအမွေ | ။ | |
| ၁၈ | ကိုယ့်ဒူးကိုယ်ချွန် | ။ | |
| ၁၉ | သမိုင်းပေးအသိမှ နိုင်ငံသစ်ဆီ | ရခိုင်ပြည်နယ် | |
| ၂၀ | သွေးချင်းတို့အဓိဋ္ဌာန် | ။ | |
| ၂၁ | ငြိမ်းချမ်းရေးနဲ့သွေးစည်းကြမယ် | ။ | |
| ၂၂ | လွတ်လပ်ရေးသည်ဒို့အသက် | ရှမ်းပြည်နယ် | |
| ၂၃ | ဒို့များချစ်တဲ့ပြည်ထောင်စု | ။ | |
| ၂၄ | ပြည်ထောင်စုအလှ | ။ | |
| ၂၅ | ပြည်ထောင်စုဥယျာဉ် | စစ်ကိုင်းတိုင်းဒေသကြီး | |
| ၂၆ | ချင်းတောင်တန်းမှကြိုဆိုလျက် | ။ | |
| ၂၇ | ထာဝရအဓိဋ္ဌာန် | ။ | |
| ၂၈ | ဒို့လွတ်လပ်ရေးဒို့အသက်သွေး | တနင်္သာရီတိုင်းဒေသကြီး | |
| ၂၉ | အဓိဋ္ဌာန်ခိုင်ခိုင်မာမာ | ။ | |
| ၃၀ | ကမ္ဘာတည်သရွေ့ မြန်မာပြည်ရှိနေမှာ | ။ | |
| ၃၁ | ထာဝရငြိမ်းချမ်းရေး | ပဲခူးတိုင်းဒေသကြီး | |
| ၃၂ | သဘာဝရဲ့ ရင်သွေးငယ် | ။ | |
| ၃၃ | နှလုံးသားထဲကလွတ်လပ်ရေး | ။ | |
| ၃၄ | ခေတ်ဆန်းချိန် | မကွေးတိုင်းဒေသကြီး | |
| ၃၅ | အသက်နဲ့ထပ်တူ | ။ | |
| ၃၆ | အမျိုးသားရေးသတိ | ။ | |
| ၃၇ | ဇာတိမာန် | မန္တလေးတိုင်းဒေသကြီး | |
| ၃၈ | ဂီတဗိမာန် | ။ | |
| ၃၉ | ချစ်ချစ်ကြည်ကြည် | ။ | |
| ၄၀ | ထာဝရဒို့မြေအလှ | ရန်ကုန်တိုင်းဒေသကြီး | |
| ၄၁ | တိုင်းရင်းသား သွေးစည်းညီစေမည် | ။ | |
| ၄၂ | မြဲဆုံတွေ့ဖို့ ကြိုးစားစို့ | ။ | |
| ၄၃ | ငြိမ်းချမ်းခြင်းတေးသီကြစို့ | ဧရာဝတီတိုင်းဒေသကြီး | |
| ၄၄ | ရွှေခေတ်ဆီသို့ | ။ | |
| ၄၅ | လက်ဆင့်ကမ်းအမွေ | ။ | |

### ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၃)၊ အနော်မာလမ်း၊ မြေကွက်အမှတ်(၇၀၁)၊ အကျယ်အဝန်း (၂၀ပေ× ၆၀ပေ)ရှိ ဦးစံသိန်း(CD-၀၁၇၈၄၄) အမည်ပေါက် နှစ်(၆၀)ဂရန် မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူများဖြစ်သော (၁)ဒေါ်ခင်ဆန်းဝင်း (S/OKA-၀၉၈၃၁၄)၊ (၂)ဒေါ်ခင်ဆန်းယု (S/OKA-၀၉၈၃၁၅)၊ (၃) ဒေါ်ထိုက်ထိုက် (S/OKA-၀၉၈၃၁၃)၊ (၄) ဒေါ်ရင်ရင် (S/OKA-၀၅၅၆၆၂)၊ (၅) ဒေါ်အေးအေးခိုင် (၁၂/ဥကတ(နိုင်) ၀၂၈၀၀၂)နှင့် (၆) ဒေါ်သက်သက်ငယ် တို့ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန် အတွက်စရန်ငွေပေးချေထားပြီး ဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက် လိုပါကကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်းအထောက်အထား မူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ လွှဲအပ်ညွှန်ကြားချက်အရ-

ဦးခင်မောင်ဦး
LL.B, D.B.L, D.I.L.,
တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၅၂)
Hein Htet San Law Firm

ဒေါ်လင်းလင်းထက်
LL.B,
အထက်တန်းရှေ့နေ(စဉ်-၄၈၃၃၈)
၀၉ ၅၅၀ ၆၁ ၄၆ ၊ ၀၉၄၅ ၅၅၀ ၆၁၄၆

### ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ်8K/2994 CHIN DWIN THAR CDT-T2/TRUCK(4x2)ယာဉ်လက်ဝယ် ရှိသူ ဦးကျော်အေး ၈/မကန(နိုင်)၀၀၉၀၈၂ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၀ ရက်အတွင်း အောက်ဖော်ပြပါ ရုံးသို့ လာရောက်ဆက်သွယ်ဆောင်ရွက်ပါရန်။

ကညန၊ တိုင်းရုံး(မုံရွာ)

### အများသိစေရန်အသိပေးကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ နတ်ချောင်းရပ်ကွက်၊ အသောကလမ်း၊ အမှတ်(၅၂)၊ ခြောက်လွှာ(ခေါင်းရင်းခန်း)ဟု ခေါ်တွင်သော တိုက်ခန်းနှင့် ယင်းတိုက်ခန်းဖြင့် ဆက်နွယ်တည်ရှိသည့် အကျိုးခံစားခွင့်အရပ်ရပ်များအားလုံးတို့အား တရားဝင်ပိုင်ဆိုင်ခွင့်ရှိကြောင်း ပြောဆိုလာသူ ဒေါ်စန်းညွန့် (CG-၀၈၇၆၂၅)ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန် ညှိနှိုင်းသဘောတူညီချက်အရ ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသအားပေးချေခဲ့ပြီးဖြစ်ပါ၍ ပစ္စည်းအရပ်ရပ်တို့နှင့်ပတ်သက်ပြီး ပိုင်ရေးပိုင်ခွင့်ရှိကြောင်း ပြောဆိုလိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံ အထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်နိုင်ပါသည်။ ထိုရက်ထက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးကျော်မြင့် B.Sc, H.G.P, T.Med
အထက်တန်းရှေ့နေ(စဉ်-၉၀၉၅/၈၄)
အမှတ် ၃၇၊ ပထမထပ်(ခေါင်းရင်းခန်း)၊ အသောကလမ်း၊ နတ်ချောင်းရပ်ကွက်၊
တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
ဖုန်း-၀၉-၂၆၀၁၁၂၂၅၀၊ ၀၉-၉၇၄၄၇၂၁၀၂

### ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ တာမွေကလေးရပ်ကွက်၊ သဃ်န်းကျွန်းလမ်းမ(ခ)လေးထောင့်ကန်လမ်းမကြီး၊ အမှတ်(၈၆)၊(စီ/-၂)၊ (ပထမထပ်)ဟု ခေါ်တွင်သော မြေကွက်ပေါ်တွင် (အလျား ၁၃ပေခွဲx အနံပေ၅၀) အကျယ်အဝန်းရှိ (ရေ၊ မီး၊ လျှပ်စစ်မီတာ၊ ရေမော်တာအပါအဝင်) တိုက်ခန်းတစ်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ဥပဒေနှင့်အညီ ယနေ့အချိန်ထိ တရားဝင်လက်ရှိပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု(မိသားစုများ) သူများဖြစ်သော ဒေါ်မြတ်သီတာ ၁၂/တမန(နိုင်)၀၇၃၅၈၈၊ ဦးရဲမြတ်မောင် ၁၂/မရက(နိုင်)၁၄၁၆၄၈တို့ထံမှ ကျွန်ုပ်မိတ်ဆွေ ဒေါ်နွဲ့နွဲ့အေး ၁၂/ရကန(နိုင်)၀၃၅၉၃၀က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေထားပြီးဖြစ်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား၊ စာရွက်စာတမ်း(မူရင်း)များနှင့်တကွ ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီပြီးဆုံးတိုင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

ဒေါ်နွဲ့နွဲ့အေး၏ လွှဲအပ်ညွှန်ကြားချက်အရ-
ဦးမြင့်သောင်(LL.B)
အထက်တန်းရှေ့နေ(စဉ်-၂၈၇၂၈)
အမှတ်(၁၄၃)၊ ဗိုလ်မင်းရောင်လမ်း၊ တောင်ညွှန့်ကြီးရပ်ကွက်၊
မင်္ဂလာတောင်ညွှန့်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

**ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၃)၊ ကံကော်ရိပ်သာ (၂)၊ (၁) မြေကွက်အမှတ် (၁၁၃)၊ အကျယ်အဝန်း (၇၆' x ၈၀') ဧရိယာ (၀.၁၄၂)ဧက၊ (၂) မြေကွက်အမှတ် (၁၁၄)၊ အကျယ်အဝန်း (၆၅' x ၈၀') ဧရိယာ (၀.၁၁၉)ဧကရှိ ပါမစ်မြေကွက်(၂)ကွက်နှင့်တကွ ယင်းမြေကွက်(၂)ကွက်နှင့်သက်ဆိုင်သော အကျိုးခံစားခွင့်အရပ်ရပ်နှင့် ပတ်သက်၍ အများသိစေရန်ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ**

အထက်ဖော်ပြပါ မြေကွက်(၂)ကွက်နှင့်တကွ ယင်းမြေကွက်(၂)ကွက်နှင့် သက်ဆိုင်သော အကျိုးခံစားခွင့်အရပ်ရပ်တို့သည် ရန်ကုန်မြို့ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးမှုဦးစီးဌာနနှင့် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၏ မြို့မြေစာရင်းတွင် ဇေကမ္ဘာ ကုမ္ပဏီလီမိတက် (ဦးခင်ရွှေ)အမည်ဖြင့် မှတ်သားတည်ရှိသည့် ပါမစ်မြေကွက်(၂)ကွက်ဖြစ်ပြီး ၎င်းထံမှ အရပ်ကတိအဆက်စပ်စာချုပ်များဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ ဦးအိုက်ယုံ ၁၃/လရန(နိုင်)၁၅၄၂၄၅ ထံမှ အရပ်ကတိအဆက်စပ်စာချုပ်များဖြင့် ပြန်လည် ဝယ်ယူပိုင်ဆိုင်ထားပြီး ရန်ကုန်မြို့ စာချုပ်စာတမ်း မှတ်ပုံတင်ရုံး၏ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် (GP-၃၃၇၇၇/၁၉-၁၂-၂၀၁၈)အရ အထွေထွေကိုယ်စားလှယ်စာရရှိထားသူ ဦးစိုးမြင့်(ခ)ဟုတ်စိန် ၁၂/ကတတ(နိုင်)၀၁၀၅၉၂ မှ အဆိုပါ မြေကွက်(၂)ကွက်အား မိမိမှ တရားဝင်ပိုင်ဆိုင်ရောင်းချပိုင်ခွင့်ရှိကြောင်း၊ အခြားအရှုပ်အရှင်း ကင်းရှင်းကြောင်း ဝန်ခံပြောဆို၍ ရောင်းချရန် ကမ်းလှမ်းလာ သဖြင့် ၎င်းထံမှ အဆိုပါမြေကွက်(၂)ကွက်နှင့်တကွ ယင်းမြေကွက်(၂)ကွက်နှင့်သက်ဆိုင်သော အကျိုးခံစားခွင့်အရပ်ရပ်တို့အား ကျွန်ုပ်၏မိတ်ဆွေက ဥပဒေနှင့်အညီ တရားဝင် ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေပြီးဖြစ်ပါသည်။

အဆိုပါ မြေကွက်(၂)ကွက် အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်မာသော စာရွက်စာတမ်းမူရင်း အထောက်အထားများနှင့်တကွ ကျွန်ုပ်၏ထံသို့ ဤကြော်ငြာစာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ဤအရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ညီမြာ (LL.B)၊ အထက်တန်းရှေ့နေ(စဉ်-၃၅၇၇၆)**
**အမှတ် (S-1)၊ ကန်တော်ကလေးလမ်း၊ အောင်ဆန်းကွင်းမြောက်ဘက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၄၃၀၆၆၅၈၀၊ ၀၉-၈၆၀၇၂၀၃၇၄**




## မွေးသက္ကရာဇ်အမှန်

လားရှိုးမြို့နယ်၊ ဟိုပိတ်ကျေးရွာအုပ်စု၊ မန်မိုင်ကျေးရွာနေ ဦးဝီကွယ်ရင်း၏သား ဦးလောင်ပေါင် ၁၃/လရန(နိုင်) ၀၅၆၉၇၆၏ မွေးသက္ကရာဇ်အမှန်မှာ ၇-၈-၁၉၆၈ ဖြစ်ပါကြောင်း။

## ဖလင်အမည်မှန်

ဧရာဝတီတိုင်းဒေသကြီး၊ မြန်အောင်မြို့ အမက တာကြီးတန်း Grade-2မှ မခွန်းခဲခြယ်(ကျောင်းဝင်အမှတ်-၀၂၀၆)၏ ဖလင်အမည်မှန်မှာ ဦးအောင်နိုင်မြင့် ၁၃/လရန(နိုင်) ၁၁၆၆၉၁ဖြစ်ပါကြောင်း။

**ဦးအောင်နိုင်မြင့်**

### မွေးသက္ကရာဇ်အမှန်နှင့်ဖလင်အမည်မှန်

မောင်ဝင်းသူရိန် ၁၂/ရပသ(နိုင်) ၁၃၉၇၂၄၏ မွေးသက္ကရာဇ်အမှန်မှာ ၁၆-၃-၂၀၀၃ ဖြစ်ပြီး ဖလင်အမည်မှန်မှာ ဦးမျိုးမင်းဆွေ (ခ)ဦးမင်းဆွေ ဖြစ်ပါကြောင်း။

## မွေးသက္ကရာဇ်အမှန်

မြိတ်မြို့၊ အမက(မြစ်ငယ်) ပဉ္စမတန်းမှ ဦးသိန်းထွန်း၏ သမီးမဆုမြတ်ထက်၏ မွေးသက္ကရာဇ်အမှန်မှာ မွေးစာရင်းအရ ၅-၁၀-၂၀၁၀ ဖြစ်ပါကြောင်း။

### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၇၇ယ/၃၂၈၄ Honda Wave 125 ယာဉ်လက်ဝယ်ရှိသူ ဦးခိုင်ထူး ၆/မမန(နိုင်)၁၈၃၂၁၇ က(ကမ-၃) ပျောက်ဆုံး၍မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ဦးစီးမှူးရုံး(မြိတ်)**

### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 65W/67718 ယာဉ်လက်ဝယ်ရှိသူ ဦးမြင့်ဦး ၇/ထတပ(နိုင်) ၀၂၄၆၀၇ က (ကမ-၃) ပျောက်ဆုံး၍မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(တောင်ငူ)**

### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 3I/9109,Daihatsu Hijet S210p, Pick Up(4x2)R ယာဉ်လက်ဝယ်ရှိသူ ဦးကျော်နိုင် ၁၂/ဒဂတ(နိုင်)၀၉၂၅၆၅ က(ကမ-၃)ပျောက်ဆုံး၍မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါကခိုင်လုံသော အထောက် အထားများဖြင့်ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)အင်းစိန်**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 4Q/2382, Chang Long LZ3060LAI ,Damp Truck(4x2) L ယာဉ်လက်ဝယ်ရှိသူ Aung Kan Bo Truck & Machine Co.,Ltd က (ကမ-၃)ပျောက်ဆုံး၍မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါကခိုင်လုံသော အထောက်အထားများဖြင့်ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)မန္တလေးမြို့**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ်4D/9895 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန်လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ကြောင်းအများသိစေရန်ကြေညာအပ်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

### မော်တော်ယာဉ်ဖောင်းကြွနံပါတ်ပြားလျှောက်ထားခြင်း

ယာဉ်အမှတ် 8D/2247, SHWE HTAY L/T Pickup ယာဉ်လက်ဝယ်ရှိသူ ဦးညီညီလတ် ၃/ဘအန(နိုင်)၁၃၆၂၇၉က မော်တော်ယာဉ်/ ဆိုင်ကယ် ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး/ပျက်စီး၍မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ပြည်နယ်ရုံး(ဘားအံ)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 76W/24803,Honda Scoopy 110 ယာဉ်လက်ဝယ်ရှိသူ High Speed Motor Co.,Ltd က (ကမ-၃)ပျောက်ဆုံး၍မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါကခိုင်လုံသော အထောက်အထားများဖြင့်ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**
**မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 60W/57991, Yamaha FZITZ.S 150, M/C ယာဉ်လက်ဝယ်ရှိသူ DT Naing Oo Co.,Ltd က(ကမ-၃)ပျောက်ဆုံး၍မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါကခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 8B/1185,KYAR KOE KAUNG CSDE-1-01 , L/T ယာဉ်လက်ဝယ်ရှိသူ ဦးဝိမလ ၃/ဘအန(သ)၀၀၁၉၉၃ က(ကမ-၃)ပျောက်ဆုံး၍မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါကခိုင်လုံသော အထောက်အထားများဖြင့်ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ရုံး(ဘားအံမြို့)**

## အများသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၁)၊ မြေကွက်အမှတ်(၁၀၄၂)၊ မြေအကျယ်အဝန်း(၄၀ x ၆၀)ပေရှိ ဒေါ်မိုးစန္ဒာဦး အမည်ပေါက်နှစ် (၆၀)မြေငှားဂရန်မြေ(တစ်နည်းအားဖြင့်ဆိုသော်)ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၁)ရပ်ကွက်၊ မဟာဗန္ဓုလလမ်း(ယခုအခေါ်)၊ မန္တလေးလမ်း(ယခင်အခေါ်)၊ အမှတ်(၁၀၄၂)ဟုခေါ်တွင်သော မြေကွက်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို မြေကွက်အမည်ပေါက်ပိုင်ဆိုင်ပြီး တရားဝင်လက်ရှိထားပိုင်ဆိုင်သူဟု အဆိုပြုသူ ဒေါ်မိုးစန္ဒာဦး ၁၂/ဒဂတ(နိုင်) ၀၀၉၈၂၄ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူသည် ဝယ်ယူရန်အတွက်သဘောတူညီပြီး ၃၀-၈-၂၀၂၂ရက်စွဲပါ နှစ်ဦးသဘောတူ မြေကွက်အရောင်းအဝယ်ပြုလုပ်ခြင်းဆိုင်ရာ စရန်ငွေပေးကတိစာချုပ် ကိုချုပ်ဆို၍ အရောင်း အဝယ်ပြုလုပ်သော မြေကွက်၏ ရောင်းဖိုးငွေများအနက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အထက် ဖော်ပြပါ မြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်ရန်အကြောင်းတစ်စုံတစ်ရာရှိပါက ခိုင်မာသော ပိုင်ဆိုင်မှု စာချုပ်စာတမ်းအထောက် အထား(မူရင်း)များအား ယူဆောင်၍ ယနေ့မှစ၍ ခုနစ်ရက်အတွင်း လူကိုယ်တိုင်ကျွန်ုပ်ထံသို့လာရောက်ကန့်ကွက်တင်ပြနိုင်ပါကြောင်းနှင့် ကန့်ကွက်ချက်မရှိပါက မြေကွက်အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်အိအိမွန်(LL.B,D.B.L)၊ တရားလွှတ်တော်ရှေ့နေ(စဉ်-၁၆၁၇၃/၂၀၁၉)**
**အမှတ်(၉၉/၁၀၁)၊ ကျောက်မြောင်းလမ်းနှင့်မလွှကုန်းလမ်းထောင့်၊**
**ကျားကွက်သစ်(စံပြ)ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊**
**ဖုန်း-၀၉-၄၂၀၂၆၉၀၄**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊လူနေရပ်ကွက်အမှတ်၁၂၁၊ ပြည်ထောင်စုကျောကပ်လမ်း၊ မြေကွက်အမှတ် ၆၅၊ နေထိုင်ခွင့်လက်မှတ်၁၂၀၉ (၁၃-၁၁-၂၀၁၅)ရက်တွင် ထုတ်ပေးထားသော ဒေါက်တာ ဦးစန်းတင့် အမည်ပါရှိသော (၄၀'x၆၀')ပါမစ် မူရင်းမြေကွက်အား ဦးမော်ပင်းချိန် ၁၃/တယန(ပြု)၀၀၀၂၀၂ မှဆက်စပ်စာချုပ်စာတမ်းမူရင်းများ၊ ဆက်စပ်စာရွက်စာတမ်းမူရင်းများဖြင့် ၂၂-၂-၂၀၂၂ရက်တွင် တရားဝင် လက်ရောက်ဝယ်ယူ ပိုင်ဆိုင်ခဲ့ပါသည်။ မိမိအမှန်တကယ် ပိုင်ဆိုင်ကြောင်းနှင့် မိမိလက်ဝယ်ရှိ ပါမစ်မူရင်းအပေါ် အပြည့်အဝတာဝန်ယူကြောင်း အဆိုပြု၍ ရောင်းချရန် ကမ်းလှမ်းခဲ့သည့်အတွက် ကျွန်ုပ်၏မိတ်ဆွေ ဦးအေးကျော် ၅/ကဘလ(နိုင်)၁၁၇၁၃၅ မှ ၂၇-၈-၂၀၂၂ရက်စွဲပါ နှစ်ဦးသဘောတူ အိမ်ခြံမြေ အရောင်းအဝယ်စရန်ငွေပေး ကတိစာချုပ်ဖြင့် စရန်ငွေတစ်စိတ်တစ်ဒေသအားပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍အထက်ဖော်ပြပါဒေါက်တာစန်းတင့် အမည်ပါရှိသော ပါမစ်မူရင်းမြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ဤသတင်းစာကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်ခြင်းတစ်စုံတစ်ရာ မရှိပါက ဤ အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည့်တိုင်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်မို့မို့ဇင်ကို(LL.B,D.B.L,D.I.L,D.M.L)၊ တရားလွှတ်တော်ရှေ့နေ(စဉ်-၈၅၅၇)**
**တိုက်အမှတ် ၉/၁၁၊ အခန်း အမှတ် ၀၀၄၊ (မြေညီထပ်)၊ ၃၆လမ်း(အောက်)၊**
**ကျောက်တံတားမြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး**
**ဖုန်း-၀၉-၅၁၄၅၆၃၀**

## အမည်မှန်

မြောက်ဦးမြို့နယ်၊ တောဘွေကျေးရွာနေ (ဘ) ဦးထွန်းစိန်၏သား ဦးမောင်ယိုင် ၁၁/မဥန(နိုင်)၀၈၅၄၅၅၏ အမည်မှန်မှာ ဦးမောင်ယိုင်စိန် ဖြစ်ပါကြောင်း။

## ဖလင်အမည်မှန်

မင်းပြားမြို့နယ်၊ ကြိမ်ချောင်းကျေးရွာနေ စောသိန်းအောင်၏ ဖလင်အမည်မှန်မှာ ဦးစောရွှေအောင် ၁၁/မပန(နိုင်)၀၃၉၅၄၃ ဖြစ်ပါကြောင်း။

## ဖလင်အမည်မှန်

မြောက်ဦးမြို့၊ အထက-၂၊ သတ္တမတန်းမှ ဆန်းနွယ်ချေ၏ ဖလင် ဦးစောသိန်းမောင်၏ အမည်မှန်မှာ ဦးစိုးသိန်းမောင် ၁၁/မဥန(နိုင်) ၀၃၈၄၄၄ ဖြစ်ပါကြောင်း။

### တစ်ဦးတည်းဖြစ်ပါကြောင်း

ရခိုင်ပြည်နယ်၊ ရသေ့တောင်မြို့နယ်၊ ကူတောင်ကျေးရွာနေ (ဘ) ဦးမောင်ထွန်းသိန်း၏သား ၁၁/ရသတ(နိုင်)၀၆၄၂၃၁ ကိုင်ဆောင်သူ ဦးမောင်အေးနှင့် ဦးဦးမောင်အေးမှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးမောင်အေး(ခ)ဦးဦးမောင်အေး**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပျဉ်းမနားမြို့၊ ဘောဂဝတီရပ်ကွက်၊ မြေတိုင်းရပ်ကွက် အမှတ် ၃၂/ပေါင်းလောင်း-၂မြေကွက်အမှတ် ၄၈၅၇၊ ဧရိယာ၀ဒသမ၀၅၅ ဧကရှိ ဒေါ်ရီရီနု အမည်ပေါက်နှစ်(၃၀)မြေငှားစာချုပ်မြေကွက်အား အမည်ပေါက်သူ၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် (၃၂၉/၂၀၂၂)ဖြင့် လွှဲအပ်ခြင်းခံရသူ ဦးသော်ဇင်တိုး ၉/ပမန(နိုင်)၁၄၈၀၀၂မှ မြေငှားစာချုပ်၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်းမူရင်းများတင်ပြပြီး ဒေါ်ခင်မိုး၉/လဝန(နိုင်) ၁၃၆၅၃၂နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ/မြေရာဇဝင်ရေးကူးခွင့်လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ရက်အတွင်းလာရောက်ကန့်ကွက်နိုင်ကြောင်းနှင့်သတ်မှတ် ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ/မြေရာဇဝင် ရေးကူးခွင့်လျှောက်ထားလာမှုအားဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ရတနာမင်းရွှေ ၁၂/ရကန(နိုင်) ၀၆၀၃၂၁သည် ဦးစိုးသီဟ ၁၂/ဥကတ(နိုင်) ၁၈၃၆၈၂ထံမှ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၂)ရပ်ကွက်၊ ဗိုလ်မင်းရောင်အိမ်ရာ၊ တိုက်အမှတ်(B-13)၊ အခန်းအမှတ် (201)၊ ဧရိယာ(၆၀၀)စတုရန်းပေဟုခေါ်တွင်သော တိုက်ခန်းနှင့် ထိုတိုက်ခန်းပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကိုအပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်သဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသောပိုင်ဆိုင်မှုစာမှတ်စာတမ်းများဖြင့်လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်အား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းအသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်မော်မော်ခင်**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၇၃၃၆)**
